www.burmeseclassic.com

# တာရာမင်းဝေ

## ပန်းလက်ဖဝါးမှာပါးအပ်ပိုင်ခွင့်မရှိတဲ့ကောင်လေး

တတိယအကြိမ်

design : bo ho htoon

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တို့အဓိကအရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စိန်ပွင့် စာပေ

# တာရာမင်းဝေ

## ပန်းလက်ပဝါးမှာပါးအပ်ပိုင်ခွင့်မရှိတဲ့ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၄၁၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၉၄၀၆၀၁
ပထမအကြိမ်
၂၀၀၆ ခုနှစ်
အုပ်ရေ -၅၀၀
တန်ဖိုး -၁၀၀/-ကျပ်
အဖုံးဒီဇိုင်း
ဘိုဘိုထွန်း
ကွန်ပျူတာစာစီ
'စံ' ကွန်ပျူတာ
၁၂၈၊၃၄-လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃ [illegible]
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ဓမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



ကိုယ် သေဆုံးသွားပေမဲ့ အချစ်ဆုံးရယ် ...
ကိုယ့်အတွက် ...
ကြေကွဲတဲ့သီချင်းကို မဆိုပါနဲ့။

နှင်းဆီသစ်ပင်တွေ ...
အရိပ်ကိုင်းကိုင်း ထင်းရှူးပင်တွေကိုလည်း
မစိုက်ပါနဲ့။

မြက်ခင်းစိမ်းစိမ်းကသာ
ကိုယ့်အပေါ်မှာ
နှင်းမှုန်မိုးစက်တွေနဲ့ စိုယိမ်းနေပါစေ ...
မင်း ... ကိုယ့်ကို သတိရရင်လည်းရပါ။
အမှမဟုတ် ... မေ့ရင်လည်းမေ့လိုက်ပါ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတော့ အရိပ်တွေကိုလည်း မမြင်နိုင်တော့ဘူး။
မိုးရဲ့ ရသကိုလည်း မရတော့ဘူး။
နိုက်တင်ဂေးရဲ့ ပရိဒေဝတေးသွားကိုတောင်
သူ ... ဆို ... လည်း ကိုယ် မကြားနိုင်တော့ဘူး။

နေဝင်ခြင်းလည်းမရှိ၊ နေထွက်ခြင်းလည်းမရှိ၊
အဲဒီလိုဆည်းဆာမှာမက်တဲ့ ... အိပ်မက်တစ်ခုပေါ့။
ကိုယ် ... သတိရရင်လည်း ရနေဦးမယ်၊
ပြီးတော့ ... မေ့ရင်လည်း မေ့သွားလိမ့်မယ်ကွယ် ... ။

"Song by Chirstina Roseti"



မေးခွန်းကိုကြားချိန်မှာ ဧယျက သက်ပြင်းချသည်၊
အဝေးကို ငေး၏။ ဝေးသည်ထက်ပို၍ဝေးရာကို မြင်ဟန်ရှိသည်။
နှစ်ဦးအကြားမှာလည်း မြူနှိုးတွေ မှိုင်းဆိုင်းလာသယောင် ထင်ရ၏၊


"ပန်းသီးတစ်လုံးကစတဲ့ ဇာတ်လမ်းပါဗျား၊ တကယ်တော့ ကျွန်တော့်
သူငယ်ချင်းဟာ ပန်းသီးတစ်လုံးရဲ့ အဆိပ်သင့်သွားတာပါ ... "

စကားအဆုံးမှာ မြူနှိုးတွေက လူးလွန့်ရှုန်းမောက်လာ၏။
အမြင်ရိပ်ထဲမှာလည်း အလင်းပြာရီ ... ။

www.burmeseclassic.com

www.burmeseclassic.com

ပန်းသီးတစ်လုံးရဲ့အဆိပ်



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

သူတို့နှစ်ယောက်ကို ကျွန်တော် စတွေ့ဖူးတာကတော့ မိုးရာသီကျောင်းဖွင့်ရက်တွေထဲက တစ်ရက်ပေါ့။ ကျောင်းရှေ့က ကုက္ကိုပင်ကြီးက မှတ်သုန်ရဲ့ မိုးရေမိုးစက်တွေအောက်မှာ စိုတိစိုဖတ် ဖြစ်နေတယ်။ လေကြမ်းကြမ်းတွေ ဝေ့ဝေ့ယမ်းယမ်း တိုက်ခတ်လာတိုင်းမှာလည်း သူ့လက်တံတွေကို ဆန့်မြောက်ကာကွယ်ရင်း ဟိုသည် ယိမ်းထိုးနေတတ်တယ်။

ကျွန်တော်တို့ကတော့ ဒီနေ့မှ ကျောင်းစတက်ရတဲ့ အဋ္ဌမတန်း ကျောင်းသားတွေပေါ့။ အတန်းထဲမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အူကြောင်ကြောင်ကလေးတွေ ဖြစ်နေရတဲ့နေ့မျိုးပေါ့။

ကျွန်တော်တို့ရဲ့ အတန်းပိုင်ဆရာက ဦးကိုကိုအောင်တဲ့။ မြန်မာစာ ပြတယ်။

ကျောင်းခန်းထဲကို သူဝင်တော့ သူ့ရှေ့မှာ ကြိမ်လုံးကြီးကို ကိုင်ပြီး ဝင်လာတယ်။ အခန်းထောင့်က စားပွဲခုံကြီးပေါ်မှာ ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



လုံးကြီးကို နေရာပေးလိုက်ပြီး သူကတော့ ဘေးက ကုလားထိုင်ကလေးမှာပဲ ဝင်ထိုင်တယ်။

ကြိမ်လုံးက သူ့ထက်ရာထူးကြီးသလို ဖြစ်နေတော့တယ်။ အထက်လူကြီးလို့ ပြောရမှာလည်း ခက်နေတယ်။ "အထက်ကြိမ်" ကြီးဆိုရင်လည်း မကြားဖူးသူက ယုံမှာမဟုတ်။

ကျောင်းတက်ခေါင်းလောင်း မြည်ပြီးတဲ့နောက်မှာ ဆရာဦးကိုကိုအောင်ဟာ ကျွန်တော်တို့ကို ဆုံးမသြဝါဒပြောဖို့ ထိုင်ရာကထပါတယ်။

ဆုံးမသြဝါဒပြောဖို့အတွက် ကြိမ်လုံးကြီးကို ကောက်ကိုင်ပါတယ်။ ကြိမ်လုံးကြီးကို ကောက်ကိုင်ဖို့အတွက် တိုက်ပုံအင်္ကျီလက်ကို မ,တင်ပါတယ်။ တိုက်ပုံအင်္ကျီလက်ကို မ,တင်ဖို့အတွက် ပန်းကိုလည်း တစ်ချက်ကျုံ့လိုက်ပါတယ်။

ကျွန်တော်တို့ကတော့ ဆရာပခုံးကျုံ့တာ ကောင်းဘွိုင်ကားထဲက မင်းသားကျုံ့တာနဲ့တူတယ်လို့ ထင်နေမိကြပါတယ်။

ဆရာက ကြိမ်လုံးကြီးကို ဝှေ့ယမ်းပြီး ကျွန်တော်တို့ကို ဆုံးမသြဝါဒစကားတွေ ပြောတယ်။ သူ ငယ်ငယ်တုန်းက ဆရာဆုံးမတာကို မနာခံမိလို့ ခဏခဏ အရိုက်ခံခဲ့ရတဲ့အကြောင်းကိုလည်း ပြောပြပါတယ်။

ကျွန်တော်တို့ကလည်း သူ့ခြေရာကိုနင်းမယ့်တပည့်တွေဆိုတာကို အဲဒီတုန်းကတော့ သူ ဘယ်ထင်ဦးမလဲ။

ဆရာ ဆုံးမတာကိုလည်း နာမခံဘဲ အရိုက်လည်းမခံရအောင် နေနိုင်တဲ့ကျောင်းသားဟာ အတော်ထူးချွန်မယ့် စံပြ



ကျောင်းသားလို့ ယူဆစရာ ဖြစ်နေပါတယ်။

နောက်ပြီးတော့လည်း ဆရာက ပြောသေးတယ်။

"မင်းတို့ အာဖန်တီးဆိုတာ ကြားဖူးလား ..."

"ဟုတ်ကဲ့ ..."

"အံမာ ... တယ်ဟုတ်ကြပါလား ... ဘယ်လိုကြားဖူးတယ်ဆိုတာကြစမ်း ..."

"အာလူးပူရီ အာဖန်တီး ..."

ကျွန်တော်တို့အားလုံးက အဲဒီလို ဝိုင်းအော်လိုက်ကြတယ်။ ဆရာ မျက်နှာရှုံ့သွားပြီး ခေါင်းခါတယ်။

"အဲဒါ ဘာအဓိပ္ပာယ်လဲ ..."

"အာလူးများတဲ့လူကို ပြောတာပါ ..."

ဆရာခေါင်းထပ်ခါရင်း နည်းနည်းလန့်သွားပုံရတယ်။ ကျွန်တော်တို့ရှေ့မှာ အာလူးများမိရင် ကျွန်တော်တို့ကတော့ ဘာမှပြောမှာမဟုတ်လို့ (အထူးသဖြင့် သူ့ရှေ့မှာ ... ) သူ့ သိပ်နစ်နာမှာတော့ မဟုတ်ပါဘူး။

ဒါပေမယ့် လမ်းဘေးဈေးဆိုင်မှာ အာလူးပူရီရောင်းတာကို မြင်တိုင်း သူ့ အနေရအထိုင်ရ ခက်နိုင်ပါတယ်။ သူက ...

"မင်းတို့ပြောတာ ဘာမှန်းလဲမသိဘူး ... ထားတော့၊ ငါပြောတာက ဗီဂါလူမျိုးတွေရဲ့ ပုံပြင်ထဲက 'အာဖန်တီး' ဆိုတဲ့ ဇာတ်ကောင်ကို ပြောနေတာ ... ကြားဖူးလား"

တချို့က ...

"ကြားဖူးပါတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



တချို့က ...

"မကြားဖူးပါဘူး ... "

တချို့က ...

"ကြားဖူးပါတယ်ဘူး ... "

အော်သံတွေ နည်းနည်းညံသွားလို့ ဆရာက အားလုံးကို လက်ကာပြတယ်။

"နေ ... နေ ... နေ၊ ငါဟာငါ ပြောမယ် ... "

ပြီးတော့ ... သူဟာသူ ပြောတယ်။ ကျွန်တော်တို့ကို ဘာမှမမေးတော့ဘူး။ ကျွန်တော်တို့ကလည်း ဘာမှဝင်မဖြေတော့ဘူး။

သူဟာသူ ပြောပါစေဆိုပြီး လွှတ်ထားလိုက်တယ်။ ဒုက္ခတွေ့မှ သိမယ်ပေါ့။

"ဒီလိုကွ ... "

အဲလိုအစချီပြီး အာဖန်တီးပုံပြင်တစ်ပုဒ်ကို သူ ပြောပြတယ်။

"တစ်နေ့မှာ အာဖန်တီးကို အင်မတန် ကပ်စေးနဲတတ်တဲ့ မြို့စားကြီးတစ်ယောက်က ... ညစာစားပွဲကို ဖိတ်ကြားဧည့်ခံသတဲ့ ... အဲဒီ ဧည့်ခံပွဲမှာ မြို့စားကြီးဟာ အာဖန်တီးရဲ့ ခွက်ထဲကို စပျစ်ရည်နည်းနည်းကလေး ထည့်ပေးတယ် ... ပြီးတော့ ... စကားတွေ ရွှန်းရွှန်းဝေအောင် လျှောက်ပြောပြီး သူချမ်းသာကြွယ်ဝမှုကို ကြွားတယ် ... ၊

အာဖန်တီးကတော့ စပျစ်ရည်ကို မသောက်သေးဘူး ... မြို့စားကြီးရဲ့ စကားအဆုံးမှာ လွှမရှိဘူးလားလို့ တောင်းတယ် ... မြို့စားကြီးက ကြောင်သွားတာပေါ့၊ ဘာဖြစ်လို့လဲ ... လို့ ပြန်မေးတယ် ... ၊

အဲဒီတော့မှ အာဖန်တီးက စပျစ်ရည်ဖင်ကပ်ပဲ ရှိတဲ့ သူရဲ့ ဖန်ခွက်ကို မြှောက်ပြတယ် ... ဖန်ခွက်မှာ အပေါ်ပိုင်းက အပိုကြီး ဖြစ်နေတယ် ... ပိုနေတဲ့ ဖန်ခွက်အပေါ်ပိုင်းကို လွှနဲ့တိုက်ဖြတ်မလို့ ... လို့ ပြောလိုက်တယ် ... "

"ဝရှူး ... ဝေါ် ... အော ... အော ... "

တစ်ခန်းလုံး ဝိုင်းရယ်ကြတယ် ... ။ တစ်ယောက်ချင်းကတော့ ဟီးဟီးတို့၊ ဟားဟားတို့၊ ဟဲဟဲတို့ ရယ်ကြတာပေါ့။ ဒါပေမယ့် စာသင်ခန်းထဲမှာ အဲဒီရယ်သံတွေ ပေါင်းစုပြီး ထွက်လာတဲ့အခါ ဝရှူး ... ဝေါ် ... အော ... အော ... ဆိုတဲ့ အသံကြီး ဖြစ်လာတယ်။

ဆရာက မြန်မာကားထဲက အံ့ကျော်ကြီးလို "ဟင်းဟင်း ဟင်းဟင်း ... "လို့ ရယ်တယ်။ (အဲဒီအချိန်ထိတော့ သူ ရယ်နေနိုင်တုန်းပဲ)

နောက်တော့ ...

"မင်းတို့လည်း အဲဒါ သတိထားကြ ... စာသင်တဲ့အခါ ဦးနှောက်သုံး၊ ဦးနှောက်ကို ဦးခေါင်းနဲ့ အပြည့်ထားကြ ... ဦးနှောက် နည်းရင် အပေါ်ပိုင်းက လွတ်နေတဲ့ ဦးခေါင်းခွံကို ငါက လွှနဲ့ တိုက်ဖြတ်ပစ်မယ် ... "

တစ်ခန်းလုံး ငြိမ်သွားတယ်။

"ငါ ... မြန်မာစာဆရာဆိုပေမယ့် ကျန်တဲ့ဘာသာတွေ

www.burmeseclassic.com



မရှင်းတာရှိရင်လည်း ငါ့ကိုမေး … ငါ ရှင်းပြမယ် … အားရင်ပေါ့လေ … ကြားလား"

"ကြားပါတယ် …"

တစ်ခန်းလုံး ဖြေလိုက်တယ်လို့ ထင်ရပေမယ့် မဟုတ်ဘူး။ အနည်းဆုံးတော့ နှစ်ယောက်ကျန်လိမ့်မယ်။

အဲဒီနှစ်ယောက်ထဲက တစ်ယောက်ဟာ ကျွန်တော် ရည်ညွှန်းထားတဲ့ ပန်းသီးကလေးပေါ့။

အဲဒီပန်းသီးကလေးဟာ ထိုင်ရာက ဖြည်းဖြည်းကလေး ထပါတယ်။ ဆရာအပါအဝင် အားလုံးရဲ့ မျက်လုံးတွေက သူ့ဆီရောက်သွားပါတယ်။ သူက …

"ဆရာ … သမီး မရှင်းတာတစ်ခု မေးချင်လို့ …"

ဆရာက သာမန်ထက် မဆိုစလောက် ပိုပြူးသွားတဲ့ မျက်လုံးနဲ့ "ဘာများလဲ …"လို့ မေးပါတယ်။

"ဒီလိုပါ ဆရာ …"

"အင်း … ဆို …"

"ပထဝီဆရာက ပြောပါတယ်၊ မြန်မာပြည်ရဲ့ ရာသီစက်ဝိုင်းမှာ နွေပြီးမှ မိုးနဲ့ဆောင်းလာတယ်လို့ ပြောပါတယ် …"

"အေး … ဟုတ်တယ်လေ … အဲဒါ ဘာဖြစ်လဲ …"

"ဟုတ်ကဲ့ … သင်္ချာဆရာကလည်း ပြောပါတယ် … စက်ဝိုင်းတွေမှာ အစမရှိဘူးလို့ ပြောပါတယ် … အဲဒါဆို ရာသီစက်ဝိုင်းမှာ နွေကအစလို့ ဘယ်လိုလုပ်သိတာလဲ …"

"ဟေ … အင်း …"



ဆရာဦးကိုကိုအောင် နှုတ်ခမ်းမွေးကြီး ထောင်လာပါတယ်။ မျက်လုံးကလည်း နည်းနည်းပိုပြူးအစ်သွားတော့ လူသိများတဲ့ ရေသတ္တဝါတစ်မျိုးနဲ့ တူလာပါတယ်။ ပုစွန်နဲ့လေ …။

"အဲ … အဲဒါက …"

ဘာပြန်ဖြေရမှန်း မသိသေးဘဲ ဆရာဟာ သူ့နှာခေါင်းထိပ်ကို လက်ညှိုးကလေးနဲ့ ကုတ်ပါတယ်။ သူ့မျက်လုံးထဲမှာတော့ အပြင်းအထန် အပြေးအလွှား စဉ်းစားနေတဲ့ အရိပ်အယောင်တွေ ဖြတ်သန်းသွားနေပါတယ်။

ပြီးမှ …

"အဲဒါက ဒီလိုလေ … ဆောင်းရာသီမှာ ရွက်ဟောင်းတွေ ကြွေပြီး နွေရာသီမှာ ပြန်ထွက်တယ် မဟုတ်လား … နွေမှာ ရွက်သစ်ထွက်ပြီး ဆောင်းရာသီမှာ အဲဒီရွက်သစ်တွေက ဟောင်းပြီး ပြန်ကြွေတယ် … ဒါကြောင့် နွေကအစ၊ ဆောင်းကအဆုံး၊ မိုးက အလယ်လို့ သတ်မှတ်တယ် … အဲဒါပါ …"

"သြော် … ဟုတ်ကဲ့ ဟုတ်ကဲ့ …"

ပန်းသီးကလေး ပြန်ထိုင်သွားတယ်။ ဆရာဦးကိုကိုအောင်ကိုလည်း အတော်ဘဝင်ကျသွားပုံရပါတယ်။ ဆရာဦးကိုကိုအောင်မှာလည်း ရင်ထဲကအလုံးကြီး မတ်တတ်ထရပ်နေရာက ပြန်ထိုင်သွားသယောင် ရှိပါတယ်။

ဒါပေမယ့် …

"ကျွန်တော်လည်း တစ်ခုမေးချင်ပါတယ် ဆရာ …"

"ဟေ … ဘယ်သူလဲ …"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါ ဆရာ ..."

အသံနဲ့အတူ ကျောင်းသားတစ်ယောက် ရပ်နေပါတယ်။ သူ့ပုံစံကတော့ အေးအေးဆေးဆေးပါပဲ။ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိပုံ ရပါတယ်။

"မင်းကရော ဘာမေးမလို့လဲ ..."

"သိပ္ပံနဲ့ ပတ်သက်လို့ပါ ဆရာ ..."

"အေး ... ဘာမေးချင်လို့လဲ ..."

"ရေက အောက်စီဂျင်နဲ့ ဟိုက်ဒြိုဂျင်ပေါင်းထားတယ်လို့ သိရပါတယ် ..."

"အေး ... အဲဒါ ဘာဖြစ်လဲ ..."

"ငါးတွေက ရေထဲက အောက်စီဂျင်ကို ရှူကြတယ်လို့ သိရပါတယ် ... အဲဒီလိုနဲ့ ရှင်သန်နေကြတာလို့ သိရပါတယ် ..."

"ဟုတ်တယ် ... အဲဒါ မင်း ဘာပြောမလို့လဲ ..."

"ဒီလိုပါ ဆရာ ... ဟိုက်ဒြိုဂျင်က လေထက်ပေါ့တယ် ... မိုးပေါ်ကို ပျံတက်တတ်တယ်ဆိုလို့ ကျွန်တော် ဒီကိစ္စကို စဉ်းစားရခက်နေတာပါ၊ ရေထဲက အောက်စီဂျင်ကို ငါးတွေက ရှူလိုက်တော့ ဟိုက်ဒြိုဂျင်တွေချည်း ကျန်ရစ်ခဲ့ပြီး ..."

"အင်း ..."

ဆရာ့ရင်ထဲက အလုံးကြီးကတော့ ရင်ကော့ရပ်နေပြန်ပါပြီ။ အင်းလို့သာ ဆိုတာပါ ... ဆရာဦးကိုကိုအောင်ခမျာ မျက်မှောင်ကြီးကြုတ်နေရပါပြီ။

"ဟိုက်ဒြိုဂျင်တွေက လေထဲပျံတက်သွားတဲ့အခါ ..."



"အင်း ..."

"ငါးတွေက ရေမရှိတော့တဲ့ ရွှံ့ထဲမှာ ပက်လက်ကလေးတွေ မကျန်ရစ်ခဲ့ကြဘူးလားလို့ ..."

"အင်း ... အဲ ... အင်း ..."

"အဲဒါလေး တစ်ဆိတ်လောက် ရှင်းပြပေးပါ ဆရာ"

"အင်း ... အဲ ... အဲ ... အင်း ..."

အားလုံးကလည်း ဆရာ ဘာပြန်ဖြေမလဲလို့ နားစွင့်နေကြပါတယ်။ ဒီလိုမေးခွန်းမျိုးကိုမှ ရှာရှာပေါက်ပေါက် မေးနိုင်စွမ်းရှိတဲ့ ရှစ်တန်းကျောင်းသား ဖီလော်ဆော်ဖါကိုလည်း တအံ့တသြ ဝိုင်းကြည့်ဖြစ်ကြပါတယ်။

အမေး 'ဖီလော်ဆော်ဖါ' အဖြေ 'ကျောင်းဆရာ' ဖြစ်နေလို့ ဘက်မညီသယောင်တောင် ခံစားရပါသေးတယ်။

"ဒါက ဒီလိုရှိတယ်ကွ ... မောင် ... အဲ ... ဟို မင်းနာမည် ဘယ်သူလဲ ..."

"ထူးဝေပါ ..."

"ထွန်းဝေ ဟုတ်လား ... မင်းနာမည်က ရုပ်ရှင်မင်းသားကြီး နာမည်ပါလား ..."

"မဟုတ်ဘူး ဆရာ ... ထူးဝေပါ ... ထူးဝေ ..."

"ဩော် ... အေး ... အေး ... အေး ... မနက်ဖြန်ခါ မင်း ရှေ့ဆုံးခုံမှာ ပြောင်းနေရမယ် သိလား ... ခုနကလေးမရော"

စောစောက ပန်းသီးကလေးကို မျက်လုံးဝေ့ပြီး လိုက်ရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဒီမှာပါ ..."

သူကတော့ အစတည်းက ရှေ့ဆုံးတန်းမှာ ထိုင်နေရတာပါ။

"ဪ ... အေး ... အေး ... နေ၊ ညည်းကတော့ အဲဒီ အတန်းမှာပဲနေ ..."

ပြီးတော့ ဆရာဦးကိုကိုအောင်က အတန်းသားအားလုံး ဘက်ကို မျက်နှာပြန်လှည့်ပါတယ်။ အကဲခတ်သလို လိုက်ကြည့်ပါတယ်။ နောက်မှ ထူးဝေကို ...

"မောင်ထူးဝေ ..."

"ဗျာ ဆရာ ..."

"မင်း ... ဒီမေးခွန်းကို သိပ္ပံဆရာကို မေးဖူးလား"

"မမေးရသေးပါဘူး ဆရာ ..."

"သူ့ကို မေးလိုက်ပါ ... ဟုတ်လား ... ဒါမှမဟုတ်လည်း သူ့ကို ဆရာ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ပြောလိုက်မယ်၊ သူ လာဖြေပေးပါလိမ့်မယ် ... 'သဘာဝဘက်မျှမှု'ဆိုတာ မင်း ကြားဖူးတယ် မဟုတ်လား ..."

"ဟုတ်ကဲ့ ... ကြားဖူးပါတယ်"

"အေး ... အေး ... ထားတော့ ... နောက်သမီး ..."

ပြောပြီး ပန်းသီးကလေးဘက်ကို လှည့်ကြည့်တယ်။ ပန်းသီးလေးက 'ရှင်'ဆိုတော့ ...

"သမီးနာမည်ရော ဘယ်လိုခေါ်လဲ ..."

"သံစဉ်ပါ ..."



ဆရာ မျက်မှောင်ကြီး ကြုတ်သွားပြန်တယ်။

"အဲဒီနာမည် ဘယ်သူပေးတာလဲ ..."

"မေမေ ..."

ဆရာ ခေါင်းခါပါတယ်။

"မဟုတ်သေးပါဘူးကွယ် ..."

အားလုံးက ဆရာ့ကို မျက်လုံးအဝိုင်းသားနဲ့ ကြည့်နေကြတယ်။

"မိန်းကလေးနာမည်ကလည်း သန့်ဇင်တဲ့ ..."

တစ်ခန်းလုံး ဝိုင်းရယ်ကြတယ်။ ပန်းသီးကလေးကလည်း ကပျာကယာ ဖြေရှင်းချက်ထုတ်တယ်။

"မဟုတ်ဘူးဆရာ ... သံစဉ်ပါ ... သံစဉ် MELODY ပါ"

"ဪ ... အဲလိုလား ... အဲလိုဆိုရင်တော့ လှသားပဲ"

တစ်ဆက်တည်းမှာ ဆရာက အားလုံးကို လှည့်ပြောတယ်။

"ကဲ ... မြန်မာစာစာအုပ် ထုတ်ကြမယ် ..."

အဲဒါပါပဲ ...။ အဲဒါဟာ တစ်ချိန်မှာ ကျွန်တော့်အချစ်ဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်လာမယ့် ထူးဝေနဲ့ စတင်တွေ့ဆုံကြပုံပါပဲ။ ကျွန်တော့်ဘေးနားကခုံကို သူ ပြောင်းလာရပါတယ်။

ကျွန်တော့်ဗလာစာအုပ်မှာ ရေးထိုးထားတဲ့ နာမည်ကို ကြည့်ပြီး ...

"မင်းနာမည် ဇေယျနော် ..."လို့ သူက စတင်နှုတ်ဆက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ရှေ့ဆုံးတန်းရဲ့ တစ်ဖက်စွန်းက

www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ကိုလည်း လှမ်းကြည့်ပါတယ်။

"အဲဒီကောင်မလေးနဲ့ မင်းနဲ့ သိလား ..."

"မသိဘူး ... ဘာဖြစ်လို့လဲ ..."

"ဘာမှမဖြစ်ပါဘူး ... အ,တီး,အ,တနဲ့ ..."



နောက်ပိုင်းရက်တွေမှာလည်း ထူးဝေဟာ ကျွန်တော်နဲ့ အတူ ကစားလိုက်၊ စာကျက်လိုက်၊ ကျောင်းပြေးလိုက် လုပ်ပါတယ်။ ကျောင်းသားဘဝကို လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး သာမန် အနေအထားအတိုင်း ဖြတ်သန်းခဲ့ပါတယ်။

ကလေးသာသာ အရွယ်တွေရှိသေးတော့ အပျော်အပါးက လွဲလို့ ဘာကိုမှလည်း စိတ်မဝင်စားဘူး။ အပျိုကြီးဂိုက်ဖမ်းလာတဲ့ သူငယ်ချင်း ကောင်မလေးတွေကို တွေ့ရင် မျက်စိထဲ တ,တလင်း ချိတ် ဝင်နေသလိုပဲလို့ ထူးဝေက ပြောတတ်တယ်။ သူ့မျက်စိထဲမှာ ကန့်လန့်ကြီး ဖြစ်နေတာကို ပြောတာပါ။

သူနဲ့ မိန်းကလေးတွေနဲ့ သိပ်ပြီး အကျွမ်းတဝင်မရှိဘူး။ အဲဒါကို အပြစ်ပြောမယ်ဆိုရင်တော့ အပြစ်အားလုံးဟာ ထူးဝေ အပေါ်မှာပဲ ရှိပါတယ်။ သူဟာ ဘယ်မိန်းကလေးကိုမှ အရေးတယူ မရှိဘူး။ စိတ်မဝင်စားဘူး။

အဲဒါကြောင့် ... သူဟာ အဲဒီနှစ်ပိုင်းတွေမှာ သံစဉ်နဲ့ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမှု မရှိဘူး။ အင်း ... မရင်းနှီးရုံတင် မကပါဘူးလေ။ တစ်ရက်မှာ ရန်တောင်ဖြစ်ကြသေး။

ပထမတော့ ကျွန်တော်က သူတို့ရယ်လို့ မသိပါဘူး။ အဝေးကနေ လှမ်းမြင်နေရတာ။ အနီးရောက်တော့မှ သူတို့မှန်း သိတယ်။

လမ်းလယ်ခေါင်မှာ သူတို့နှစ်ယောက် ရန်ဖြစ်နေကြတယ်။ အခြေအနေက စိုးရိမ်ရတယ်။ သူတို့ချင်းက မရင်းနှီးကြပေမယ့် ကျွန်တော်ကတော့ နှစ်ယောက်လုံးနဲ့ ရင်းနှီးတာကိုး။

"နင်က ဘာလဲ ..."

"နင်ကကော ဘာလဲ ..."

"နင်က ဘာကြီးကျယ်တာလဲ ..."

"နင်ကကော ငါ့ကို ဘာအောက်မေ့နေလို့လဲ ..."

ထူးဝေရဲ့ လက်ထဲမှာက ဘရင်းဂန်းတစ်လက်နဲ့။ သံစဉ်ကကျတော့ လက်ပစ်ဗုံးတစ်လုံး ကိုင်ထားတယ်။

"နင် ... အရင်လာစတာ"

"နင်ပဲ အရင်လာလုပ်ပြီးတော့ ..."

"နင်နော် ..."

"ဘာလဲ ... နင် ဘာလုပ်ချင်လို့လဲ ..."

သံစဉ်က ထူးဝေကို သူ့လက်ပစ်ဗုံးနဲ့ ရွယ်တယ်။ ထူးဝေကလည်း ဘရင်းဂန်းနဲ့ ပြန်ချိန်တယ်။

"လာလေ ... လာစမ်းပါ"

နှစ်ယောက် ... တစ်ယောက်နဲ့တစ်ယောက် လှည့်ပတ်



ချောင်းမြောင်းပြီး နေရာယူနေတယ်။

"အကြိုနေတောင် မရောက်သေးဘူး ... နင် အရင်လာပက်တာ ..."

"ငါ့သေနတ်က မတော်တဆ ရေထွက်သွားတာ ... နင်ကသာ သည်းခံစိတ်မရှိဘဲ နင့်လက်ပစ်ဗုံးနဲ့ လာပြန်ပက်နေတာ၊ ပြီး ... လူကို သင်္ကြန်ရေလောင်းတာနဲ့လည်းမတူဘူး ... မုန့်ဟင်းခါးပန်းကန်ထဲကို ငံပြာရည်လာထည့်တာ ကျနေတာပဲ ..."

"နင်နော် ..."

"အံမာ ... ဘာလဲ"

သံစဉ်က ထူးဝေကို သူ့လက်ထဲက လက်ပစ်ဗုံးကြီးနဲ့ ထုမလို့ ရွယ်တယ်။ ထူးဝေကလည်း သူ့ဘရင်းဂန်းပြောင်းနဲ့ လှမ်းထိုးမလိုလို လုပ်တယ်။

"လာလေ ... လာ ..."

"လာပါလား ... နင် အရင်လာပါလား ..."

ကျွန်တော်က ကမန်းကတန်း အနားကို ပြေးသွားရတယ်။ နှစ်ယောက်ကြားကို ဝင်ရပ်ရတယ်။

"ရန်မဖြစ်ကြနဲ့ ... ရန်မဖြစ်ကြနဲ့ ..."

အဲဒီတော့မှ နှစ်ယောက်စလုံးက ကိုယ်ရှိန်သပ်သွားကြတယ်။ သံစဉ်က ...

"ငါ့ကို သူ အရင်လာစတာ ... ငါ့ကို ဘာများအောက်မေ့နေလဲ မသိဘူး ..."

ကျွန်တော်က ထူးဝေကို လှည့်ကြည့်တယ်။ ထူးဝေက

www.burmeseclassic.com

www.burmeseclassic.com



တော့ အေးအေးဆေးဆေး ပြန်ဖြစ်နေပါပြီ။

"နားထောင်လိုက် ... နားထောင်လိုက် ... သူပြောတာကို အရင်နားထောင်လိုက် ... ယုံတော့မယုံနဲ့ ... ပြီးမှ အမှန်တရားကို ငါ ပြောပြမယ် ..."

"အောင်မာ ... အောင်မာ ..."

သံစဉ် ဆွေ့ဆွေ့ခုန်သွားတယ်။ သူတို့နှစ်ယောက်ကို မနည်းဖြန်ဖြေခဲ့ရတာပေါ့။ အဲဒီညနေမှာပဲ ထူးဝေက သံစဉ်နဲ့ပတ်သက်လို့ ကျွန်တော့်ကို တစ်ခုပြောတယ်။

"ဒီကောင်မလေးကို ငါက အ,တီး,အ,တလေးလို့ပဲ မြင်ထားတာ ... အခု ဒါထက်မကဘူးကွ ..."

"ဘာဖြစ်လို့လဲ ..."

"ဗွတီးဗွကျလေးပါ ဖြစ်နေတာကိုး ..."

"ဟားဟား ... မင်ကလည်းကွာ ..."



အဲဒီနောက်ပိုင်းမှာ သူတို့နှစ်ယောက်အကြား ထူးထူးခြားခြား ဘာမှထပ်မဖြစ်ခဲ့ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ခင်ဖို့သတိမရသလို ရန်ဖြစ်တာကိုလည်း မေ့သွားပုံရပါတယ်။ ပြောစရာဘာမှမရှိဘူး။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘယ်လိုမှ မနေကြဘူး။

အဲဒီလိုနဲ့ ... ကိုးတန်းကျောင်းသားဘဝကိုတောင် ကျော်လွန်ပြီး ဆယ်တန်းရောက်လာတယ်။ ဆယ်တန်းတို့ထုံးစံအတိုင်း ကျူရှင်ကို အပြိုင်းအရိုင်းတက်ရတယ်။ ကိုယ့်ကျောင်းစာနဲ့ပဲ ကိုယ်လုံးပန်းနေရတယ်။

တချို့တွေကလည်း ရည်းစားအပြိုင်းအရိုင်း ထားတတ်လာတယ်။ ကိုယ့်ရည်းစားနဲ့ကိုယ် စိတ်ကောက်နေကြတယ်။

ကျွန်တော့်အမြင်မှာတော့ ထူးဝေရော သံစဉ်ရော ဟာ အဲဒီနှစ်ဖက်လုံးမှာ မပါလှဘူး။ သူတို့ဘာသာသူတို့ ပုံမှန်စီးမျောနေကြတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျွန်တော်နဲ့ထူးဝေ မြို့ထဲမှာ ကျူရှင်သွားဖို့ ထွက်လာကြတယ်။ တစ်နေရာအရောက်မှာ ထူးဝေက ပြုံးစိစိနဲ့ ရပ်တယ်။

"ဟေ့ကောင် ဇေယျ ... နေဦးကွ ... "

"ဘာလဲ ... ဘာလုပ်မလို့"

"ဟိုမှာကြည့်စမ်း ... "

သူညွှန်ပြတာကိုကြည့်ပြီး ကျွန်တော်လည်း ရယ်ချင်သွားမိတယ်။ အိမ်တစ်အိမ်ရဲ့ ခြံအဝင်အထွက် ဆိုင်းဘုတ်ကို သူ ပြတာပါ။ 'အဝင်'ဆိုတဲ့ ဆိုင်းဘုတ်ကို ဘယ်သူက ဝစ္စနှစ်လုံးပေါက် ထည့်သွားလဲမသိဘူး။ 'အဝင်း' ဖြစ်နေတယ်။

"လာကွာ ... သွားနောက်ရအောင် ... "

"ဟာ ... ဘာလုပ်မလို့လဲ ... "

သူခေါ်ရာကို လိုက်သွားရပေမယ့် ကျွန်တော့်မှာ တွန့်ဆုတ်ဆုတ်နဲ့။

"ဟေ့ကောင် ... ဘာသွားလုပ်မလို့လဲ၊ အဲဒီအိမ်ကို မင်းသိလို့လား ... "

"မသိဘူး ... ဘာဖြစ်လို့လဲ၊ နည်းနည်းပဲ နောက်မှာပါ"

အဲဒါနဲ့ပဲ ကျွန်တော်က ပြောပြလိုက်တယ်။

"ဟေ့ကောင် ... အဲဒါ သံစဉ်တို့အိမ်နော် ... "

"ဟင် ဟုတ်လား ... အဲဒါဆို ပိုကောင်းတာပေါ့ ... လာ"

ကန့်လန့်ကန့်လန့်နဲ့ ကျွန်တော် ပါသွားပါတော့တယ်။

ထူးဝေက ခြံဝမှာ ရပ်တယ်။ ခြံထဲက လူရိပ်လူယောင်



ကို လှမ်းကြည့်တယ်။ လက်တစ်ဖက်ကို ခါးမှာထောက်တယ်။ သူ့ကိုယ်သူ ဒီအိမ်ရဲ့ ဆွေမျိုးသားချင်းလိုလို ငယ်ပေါင်းကြီးဖော်လိုလိုနဲ့ ... အော်ခေါ်တယ်။

"အဝင်း ... အဝင်း ... "

ဘယ်သူမှ ထွက်မလာဘူး။ ဘာလှုပ်ရှားမှုမှလည်း မတွေ့ရဘူး။ ထူးဝေက ထပ်ခေါ်တယ်။

"အဝင်း ... အဝင်း ... ဗျို့ အဝင်း ... "

ထွက်မလာပြန်ပါဘူး။ ဘယ်လိုလုပ်လာမှာလဲ။ အဝင်းဆိုတာ ဒီအိမ်မှာ ရှိချင်မှ ရှိမှာပေါ့။

"အဝင်းရေ ... အဝင်း ... "

"ဘာလဲ ... ဘယ်သူလဲ ... "

ပျံ့လွင့်လာတဲ့ အသံခပ်စူးစူးလေးနဲ့အတူ မိသံစဉ် ထွက်လာပါတယ်။

ခြံဝမှာ ရပ်နေတဲ့ ထူးဝေကို မသင်္ကာသလို ကြည့်တယ်။ ထူးဝေနောက်မှာရပ်နေတဲ့ ကျွန်တော့်ကို မေးခွန်းထုတ်သလို ကြည့်တယ်။ ကျွန်တော်တို့ရှေ့ကို ရောက်လာတယ်။

မေးတာကတော့ ပြေပြေလည်လည်ပါပဲ။

"ဘာလဲ ... ဘာခိုင်းမလို့လဲ ... "

ထူးဝေကလည်း ဘယ်အလျှော့ပေးလိမ့်မလဲ။

"မိန်းမခိုးမလို့ ... "

"ဘာ ... "

ထူးဝေက လန့်သွားတဲ့ဟန်နဲ့ နောက်ကို နည်းနည်းယိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တယ်။

"အရမ်းမအော်ပါနဲ့ဟ ..."

"ဘာလဲ ... နင်တို့ ဘာလာရှုပ်တာလဲ၊ ဒီအိမ်နဲ့ နင်တို့နဲ့ ဘာဆိုင်လို့လဲ ..."

"ငါတို့က 'အဝင်း'ကို လာရှာတာ ..."

"ဘယ်ကအဝင်းလဲ ..."

"မသိဘူးလေ ... နင်တို့ခြံမှာ အဝင်းလို့ ရေးထားလို့ အော်ခေါ်ကြည့်တာ ... အဝင်းများ နင်တို့ခြံထဲ ရှိနေသလားလို့ ..."

သံစဉ်က ခြံဝင်းဂိတ်မှာ 'အဝင်' ကြီး 'အဝင်း' ဖြစ်နေတာကို မသက်မသာ လှည့်ကြည့်တယ်။

"နင်တို့ သက်သက်လာကြောင်နေတာပဲ ..."

"ဘာကြောင်လို့လဲ ..."

"ဒါ ကြောင်နေတာပေါ့ ..."

ထူးဝေက သံစဉ်ကို မျက်နှာရှုံ့ပြလိုက်တယ်။ 'ပြန်သွား' ဆိုတဲ့ ပုံစံနဲ့ လက်ကို ခါလွှတ်တယ်။

"သွားစမ်းပါဟာ ... အဝင်းကိုသာ လွှတ်လိုက်စမ်းပါ"

"ဘာပြောတယ် ..."

"သွားလို့ ... နင်နဲ့မပြောဘူး ... အဝင်းနဲ့ပဲ ပြောမယ် ... သွား"

သံစဉ်ခမျာ အတော့်ကို အောင့်သီးအောင့်သက် ဖြစ်လာပုံရတယ်။

"အေး ... စောင့်နေ၊ ငါ လွှတ်လိုက်မယ် ..."



ပြောပြီး ခြံထဲကို ချာခနဲ လှည့်ဝင်သွားတယ်။ ကျွန်တော်က နည်းနည်းလန့်သွားတယ်။ ဒါပေမယ့် ထူးဝေကတော့ အေးအေးဆေးဆေးပါပဲ။

"အေးလေ ... အဝင်းမရှိလည်း နေပါစေတော့"

သူ ဘာမှမလုပ်ခဲ့သလိုပဲ ကျွန်တော့်ကိုခေါ်ပြီး ပြန်ထွက်လာတယ်။

"ကျူရှင်ချိန်တောင် နောက်ကျနေပြီလား မသိဘူး ... မြန်မြန်သွားကြစို့"

ထူးဝေက ထူးခြားတာတစ်ခု ကျွန်တော့်ကို ပြောပါတယ်။

"ဒီသံစဉ်ဆိုတဲ့ ကောင်မလေးဟာ အ,တီး,အ,တ ... ဝွတီးဝွကျတင် မဟုတ်ဘူးကွ ..."

"ဘာလဲ ... ဘာဖြစ်လို့လဲ ..."

ထူးဝေက ပြုံးပါတယ်။ သူ့အပြုံးမှာ မွှေးရနံ့တွေ ဆွတ်ပျံ့ဝင်လာသလိုပဲ။ ကျွန်တော့်အမေးကို အချိန်အတိုင်းအတာတစ်ခု အထိ ဆုတ်ဆိုင်းနေပြီးမှ ပြန်ဖြေတယ်။

"အခုတော့ လှတီးလှတကလေး ဖြစ်လာတယ်ကွ"

"ဪ ..."

ဟုတ်တော့ ဟုတ်တယ်။ ဘေးလူက သတိမပြုမိဘဲ မနေရလောက်အောင်ကို သံစဉ် လှလာပါတယ်။ အများနဲ့အတူ 'ရ'တဲ့ နေရာင်၊ လရောင်အောက်မှာပဲ အများနဲ့မတူအောင် လင်းလက်တဲ့ အလှတရားတစ်ခုကို သူ ထပ်ရနေပြီ။

သူ ... သိပ်လှနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေကသာ မသိမယ့်မသိတာ။ သံစဉ်ဟာ ... ရွယ်တူယောကျ်ားလေးတွေကြားမှာ ရေပန်းစားနေပါပြီ။ သူ့အိမ်ကြီးရှေ့မှာ ညဉ့်နက်သန်းခေါင် သီချင်းအော်ဆိုကြတဲ့ သူတွေလည်း ရှိနေပြီ။ ကျူရှင်မှာဆိုရင်လည်း သူ့ဆီကိုမှ ဦးတည်ပြီးလာတတ်တဲ့ စက္ကူမြားတွေ များလှပြီ။

ဒါပေမယ့် ကျွန်တော့်သူငယ်ချင်း ထူးဝေကတော့ အခုမှ ဒီအကြောင်းကို သိပုံရပါတယ်။

"နေပါဦးကွ ... သံစဉ့်နာမည်အပြည့်အစုံက ဘာတုန်း"

"ဘာမှမရှိပါဘူး ... ဒါပါပဲ ... 'သံစဉ်'ပါပဲ၊ နှစ်လုံးတည်းပါ ..."

ကျွန်တော်တို့ရဲ့ ကျူရှင်အပြန်လမ်းမှာတော့ သူတို့ခြံဝင်းထိပ်က 'အဝင်း' ကြီးဟာ 'အဝင်' ပြန်ဖြစ်နေပါပြီ။ ကျွန်တော်တို့နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက် ရယ်ကျဲကျဲနှင့် ကြည့်ဖြစ်ကြပါတယ်။

သံစဉ်ဟာ သူတို့ရဲ့ခြံဝမှာပဲ ရေပိုက်ကိုင်ပြီး ပန်းပင်တွေကို ရေလောင်းနေပါတယ်။ ကျွန်တော်တို့က ကြည့်နေပေမယ့် သူက ပြန်မကြည့်ဘူးဆိုရင် မျက်လုံးချင်းဆုံစရာလည်း အကြောင်းမရှိပါဘူး။ ထူးဝေနဲ့တော့ စကားလုံးချင်းပါ ထပ်ဆုံကြတာပေါ့လေ။ ထူးဝေက အော်လိုက်တယ်။

"အမှားကိုမြင်
အမှန်ပြင်
လင်ကောင်းရလိမ့်မည် ..." တဲ့။



အဲဒီထူးဝေရဲ့ သုံးကြောင်းကဗျာကို မိသံစဉ်က သုံးလုံးစကားနဲ့ တုံ့ပြန်ပါတယ်။ သုံးလုံးစကား သုံးခါပါ ...။

"သေချင်းဆိုး
မသာကောင်
သူတောင်းစား ..." တဲ့။

ထူးဝေက ရယ်ပြတယ်။ သံစဉ်က မျက်စောင်းထိုးတယ်။ ထူးဝေက လျှာထုတ်ပြတယ်။ သံစဉ်က ပိုက်နဲ့ရွယ်တယ်။ ထူးဝေက ကျွန်တော့်လက်ဆွဲပြီး လှည့်ထွက်လာတယ်။ သံစဉ်က ပိုက်ကိုဆွဲပြီး အထဲပြန်ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါပါပဲ။ အဲဒီလိုပါပဲ ... ။ အဲဒီထက် ဘာမှမပိုခဲ့ပါဘူး။

ဆယ်တန်းကျောင်းသားဘဝကို ... ကျွန်တော်တို့ လွန်မြောက်သွားပြန်တယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေ အားလုံးလိုလို တက္ကသိုလ်ကို အိမ်ကတက်နိုင်းလို့ တက်ရတယ်။ အစတည်းကလည်း ငြင်းဖို့ရည်ရွယ်ချက်မရှိလို့ ကျွန်တော်တို့အားလုံးဟာ မိဘစကားကို နားထောင်လိုက်ကြပါတယ်။

ရန်ကုန်ပင်ပတက္ကသိုလ်ထဲကိုပဲ အရောက်များကြပါတယ်။ အဲဒီတက္ကသိုလ်ကလည်း တခြားတက္ကသိုလ်တွေထက် ပိုကျယ်တာကိုး။ ကျွန်တော်တို့ ချောင်တယ်လေ။

တက္ကသိုလ်မှာ ... (ဒီနေရာမှာ အမိတက္ကသိုလ်၊ အဖတက္ကသိုလ်ဆိုပြီး ကျွန်တော် မသုံးခဲ့ပါဘူး၊ တက္ကသိုလ်ကြီးဟာ အထီးလား၊ အမလား ကျွန်တော် မသိဘူးလေ၊ သိတဲ့လူတွေက ဘယ်လိုသိတာလဲဆိုတာလည်း ကျွန်တော် မသိဘူး။ ဘယ်နေရာကြည့်ပြီး သိနေကြတာလဲ မသိဘူး) သံစဉ်ရဲ့အလုပ်ဟာ သူ့ရုပဗေဒ



ဌာနကို ကျော်လွန်ပြီး ရှေ့ခုနစ်ဌာန၊ နောက်ခုနစ်ဌာန ကျော်ကြားပါတယ်။

ထူးဝေကိုတော့ ဘယ်သူကမှ သိပ်မသိကြဘူး။ ဒီကောင်ကလည်း ကျောင်းမှာမှ မရှိဘဲ။ သူ့နာမည်ကိုလည်း ဘယ်သူ့ကိုမှ သိပ်မပြောဘူး။ 'ထွန်းဝေ'လို့ လာလာခေါ်ကြလွန်းလို့တဲ့၊ အဲဒီလိုခေါ်ရင် သူက မထူးဘူး။

ကျွန်တော်တို့ရဲ့ တက္ကသိုလ်နေ့ရက်တွေထဲမှာ ထူးဝေဟာ သံစဉ်ကို "ထူးထူးဝေဝေ" ဘာမှမဖြစ်ခဲ့ဘူး။ ဘယ်လိုမှ မနေခဲ့ဘူး။ တစ်ခါတစ်ခါ ကျွန်တော်တို့သူငယ်ချင်းတွေ အင်းလျားမှာ၊ ကင်တင်းမှာ၊ တက္ကသိုလ်စာကြည့်တိုက်မှာ၊ တက္ကသိုလ်ဓမ္မာရုံမှာ စုစုဝေးဝေး ဆုံဖြစ်ကြတာတွေ ရှိတယ်။

ထူးဝေလည်း ပါတယ်။ သံစဉ်လည်း ပါတယ်။ သူတို့ချင်း တစ်ယောက်ကိုတစ်ယောက်လည်း ကြည့်ဖြစ်ကြတယ်။ ဒါပေမယ့် ဗီဒီယိုကားလောက်တောင်မှ တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားကြဘူး။

အဲဒါက ဒီလိုလေ ... ဗီဒီယိုကားကိုမှ ဂျိမ်းစ်ဘွန်းကားသစ်ဝင်တယ်။ ဂျက်ကီချန်းကားသစ်ဝင်တယ်။ မင်း ကြည့်ပြီးပြီလား။ ငါတော့ ကြည့်ပြီးသွားပြီ။ ဘာညာကွိကွ ရှိသေးတယ်။

ခုတော့ ... အဲဒီလိုတောင် မဟုတ်ဘူး။ သံစဉ် ဝင်လာတယ်။ မင်း ကြည့်ပြီးပြီလား၊ ငါတော့ ကြည့်ပြီးသွားပြီ။ ဘာညာ၊ ထူးဝေက ကျွန်တော့်ကို တစ်ခါမှ လာမပြောဖူးဘူး။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားဘဝမှာ သံစဉ်ဘက်ကတော့ အတန်းမှန်ပါတယ်။ ထူးဝေကတော့ နေရာတကာ လျှောက်သွားနေတာပဲ၊ ရည်းစားသနာကိုလည်း သူ စိတ်မဝင်စားဘူး။

ထူးဝေကို စိတ်ဝင်စားတဲ့ ကောင်မလေးတွေ ကျောင်းမှာ အများကြီးရှိတယ်။ နုနုဝင်းတို့၊ ခင်သီတာဝင်းတို့၊ ခင်နှင်းသဇင်တို့ မမလေးဝေတို့ အများကြီးပေါ့လေ။ ဒီကောင်က (Sweet and Charming) ဖြစ်နေတာကိုး ... ။

သူ့မျက်နှာက ချိုတယ်။ သူ့ရုပ်ရည်က မချောပေမယ့် ဆွဲဆောင်မှုရှိတယ်။ တချို့ကောင်မလေးတွေဆိုရင် သူ့ကိုမှမရရင် အပျိုကြီးလုပ်မယ်ဆိုပြီးတော့ ပြောကြပါတယ်။ အပျိုကြီး လုပ် မလုပ်တော့ မသိဘူး။ သူ့ကိုမရမှာကတော့ သေချာတာပေါ့။

အဲဒီလို ကျောက်ခဲကို နှလုံးသားလုပ်ပြီး ရင်ဘတ်ထဲ ထည့်ထုပ်ထားတဲ့ကောင်က တစ်နေ့မှာတော့ 'အချစ်'ဆိုတဲ့ အကြောင်းကို အလေးအနက် စဉ်းစားလာပါတော့တယ်။ ဆရာဦးကိုကိုအောင်ကြောင့်ပါပဲ ... ။

တစ်နေ့မှာ ကျွန်တော်နဲ့ထူးဝေ လှည်းတန်းဈေးဘက် လမ်းလျှောက်ထွက်ကြပါတယ်။

မထင်မှတ်တဲ့ မြင်ကွင်းကို တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ဆရာတစ်ဦးဖြစ်ပြီး လူပျိုကြီးတစ်ဦးအဖြစ်လည်း ကျော်ကြားလှသူ ဆရာဦးကိုကိုအောင်ဟာ ကောင်မလေးတစ်ယောက်နဲ့ လက်တွဲပြီး၊ ရယ်ရယ်မောမော စကားဋ္ဌီကာတွေဖွဲ့ပြီး၊ ကျွန်တော်တို့ရဲ့



မျက်နှာချင်းဆိုင်ကနေ လျှောက်လာလို့ပါပဲ ... ။

ကျွန်တော်ရော၊ ထူးဝေရော နှစ်ယောက်လုံး အရမ်းအံ့သြသွားပါတယ်။ ဘာရယ်တော့ မဟုတ်ဘူးလေ ... ပျော်လည်းပျော်သွားသလိုပဲ။

ဆရာကတော့ ကျွန်တော်တို့ကို မမြင်ဘူး။ သူ့ကောင်မလေးကိုပဲ မြင်နေပုံရတယ်။ တဟဲဟဲရယ်ရင်း လျှောက်လာတာပဲ၊ လက်ထဲမှာလည်း အတော့်ကိုကြီးတဲ့ ပန်းသီးတစ်လုံးကိုင်လို့။

အနားရောက်မှ ကျွန်တော်တို့ကို မြင်တယ်။ ကျွန်တော်တို့နှစ်ယောက်က သူ့ဆီကိုအုပ်မိအောင် ဘယ်တောင်ပံ၊ ညာတောင်ပံ ဖြန့်ခဲ့ပြီး လျှောက်ခဲ့တာမို့လို့ သူ ရှောင်မရပါဘူး။

"ဆရာ ... "

ဆရာ လန့်သွားပါတယ်။ သူ့ကောင်မလေးကလည်း လိုက်လန့်ပါတယ်။ ပြီးတော့ ... ဆရာက ကျွန်တော်တို့ကို ရယ်ပြပါတယ်။ သူ့ကောင်မလေးကလည်း ကျွန်တော်တို့ကို ရယ်ပြမလိုလို လိုက်လုပ်ပါတယ်။

"မင်းတို့ ဘယ်သွားမလို့လဲ ... "

"ဆရာတို့ကရော ဘယ်သွားကြမလို့လဲ ... "

"ရုပ်ရှင် ... အဲလေ ... ဟိုနား သည်နား ... "

ကျွန်တော်တို့ ဘာမှ ဆက်မပြောတော့ဘူး။ အဓိပ္ပာယ်ပါပါ ရယ်နေလိုက်ကြတယ်။

"ဟဲဟဲ ... ဟဲဟဲ ... "

www.burmeseclassic.com

www.burmeseclassic.com



ဆရာကလည်း ဘာမှဆက်မပြောဘူး။ ကျွန်တော်တို့လို ပဲ။

"ဟဲဟဲ ... ဟဲဟဲ ..."

အဲဒီလိုပဲ ဖြစ်နေကြတယ်။

"ဟဲဟဲ ... ဟဲဟဲ ..."

"ဟဲဟဲ ... ဟဲဟဲ ..."

အဲဒီမှာတင် ကျွန်တော် သတိပြုမိတာ တစ်ခုတော့ ရှိတယ်။ ဆရာဟာ သူ့လက်ထဲက ပန်းသီးကြီးကို သူ့အိတ်ကပ်ထဲ အတင်းထိုးထည့်နေတယ်။ ရလည်း မရဘူး။

ပန်းသီးကကြီးပြီး အိတ်ကသေးနေလို့ သူ ထည့်မရဘူး ဒါပေမယ့် မရတာကိုပဲ တစ်ဘက်က ကျွန်တော်တို့ကို ရယ်ပြရင်း တစ်ဘက်က ဇွတ်ထည့်နေတယ်။

သူ့ကောင်မလေးက ခပ်တိုးတိုးလေးမေးတယ်။

"ဘာဖြစ်လို့လဲ ... ပန်းသီးက မစားသေးဘူးလား"

ဆရာကလည်း ခပ်တိုးတိုး ပြန်ဖြေတယ်။

"အဲ ... မစားသေးဘူး ..."

"လက်က ကိုင်မထားချင်လို့လား ... ဒီပေးထားလေ"

"ဟို ... မဟုတ်ပါဘူး ... အိတ်ထဲထည့်နေတာ"

"ဟာ ... ခစ်ခစ် ... အိတ်ထဲ ထည့်လို့ဘယ်ရမလဲ ကိုကလည်း ... ခစ်ခစ်ခစ် ..."

"အင်း ... အဲ ..."



ဆရာ့မှာ ပန်းသီးတစ်လုံးနဲ့ အကျပ်ရိုက်နေပါတော့တယ်။

အဲဒီပန်းသီးကို သူ့ကောင်မလေးက သူ့အတွက်ပေးထားတာနေမှာပေါ့။ သူ စာလည်းမစားရက်ဘဲ၊ လက်ကကိုင်ပြီး ကြည်နူးနေချိန်မှာ ကျွန်တော်တို့နဲ့ဆုံတော့ ဒုက္ခရောက်နေတော့တာပေါ့။

ဒီပန်းသီးကြီးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကို ရှက်ကိုးရှက်ကန်း ဖြစ်နေတာပါ။ ကျွန်တော်တို့က တောင်းစားမှာတို့၊ လုယူသွားမှာတို့ကို စိုးရိမ်တဲ့ပုံလည်း ရပါတယ်။ လိုအပ်ရင် အသက်နဲ့လဲ ကာကွယ်မယ်လို့လည်း စဉ်းစားနေပုံ ရပါတယ်။

ကျွန်တော်တို့ကလည်း အလိုက်တသိနဲ့ပဲ ရှောင်ပေးခဲ့ပါတယ်။ ရယ်ချင်နေတာကိုတော့ ထိန်းမရဘူးပေါ့လေ ... ။

"ဆရာ ... ဟဲ ဟဲ ... ကျွန်တော်တို့ သွားလိုက်ဦးမယ်၊ ဟဲဟဲ ..."

"အေး ... ဟဲဟဲ ... ငါတို့လည်း သွားလိုက်ဦးမယ် ... ဟဲဟဲ ..."

လမ်းမှာ ထူးဝေက ကျွန်တော့်ကို မေးပါတယ်။

"မင်း ... ဘယ်လိုမြင်လဲ"

"ဘယ်လိုမြင်ရမှာလဲ ... အချစ်လေ ... အချစ်ဆိုတဲ့ အရာပေါ့ ..."

"အေးနော် ..."

ထူးဝေရဲ့မျက်နှာက လေးနက်စင်ကြယ်နေပါတယ်။ ကျွန်တော့်ကို ပြောသလိုလိုနဲ့ သူ့ဘာသာ ရေရွတ်တဲ့ စကားတစ်ခွန်းကိုလည်း တိုးတိုးကလေးဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတဲ့အရာဟာ ... ဒါကြောင့်လည်း ကမ္ဘာကျော်တာကိုး ... ခေတ်အဆက်ဆက် လူပြောများခဲ့တာကိုး ... "

အဲဒါဟာ အချစ်နဲ့ပတ်သက်ပြီး ထူးဝေ စတင်လေးနက်ခဲ့ပုံပါပဲ။



ဒါပေမယ့် နောက်ပိုင်းကာလတွေမှာ ထူးဝေက အချစ်အကြောင်းနဲ့ပတ်သက်ပြီး အချေအတင် ထပ်ပြောလာလိမ့်မယ်လို့ယူဆရင် အဲဒီလူ မှားမှာပါပဲ ... ။ သူ ဘာမှထပ်မပြောဘူး။

ဒါပေမယ့် ဆရာဦးကိုကိုအောင် သင်ပေးသွားတဲ့ ပန်းသီးသင်ခန်းစာမှာ သူ အမှတ်ပြည့်ရသွားတယ်ဆိုတာတော့ သေချာတယ်။ ကျွန်တော် ပြောရဲတယ်။

တက္ကသိုလ်နောက်ဆုံးနှစ် ကုန်လွန်ခါနီးတစ်ရက်မှာ ... ထူးဝေနဲ့ကျွန်တော် ကင်တင်းသွားထိုင်ကြပါတယ်။

ကျွန်တော်တို့က 'ဦးသန်းရွှေ'ဆိုင်မှာ ထိုင်တာပါ။ 'မြကျွန်းသာ'ကိုလည်း လှမ်းမြင်နေရတယ်။ အဲဒါကြောင့် 'မြကျွန်းသာ'က စားပွဲတစ်လုံးမှာ သံစဉ်ကို ငြိမ်းမင်းခန့်ဆိုတဲ့ကောင်က မဖွယ်မရာ အဘိဓမ္မာတွေ လိုက်ပြောနေတာကို တွေ့နေရတယ်။

"ထူးဝေ ... ဟေ့ကောင် ... ဟိုမှာ ... "

ထူးဝေကတော့ သူ့ပုံစံအတိုင်း ပြုံးစိစိနဲ့ပေါ့ ... ။

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ငါ မြင်ပါတယ်"

"တို့ ... သွားရှုပ်ကြရအောင် ... လာ"

"အင်း ... သင့်တော်သားပဲ ..."

နှစ်ယောက်သား ကိုယ့်ဝိုင်းက ခွက်တွေ ပန်းကန်တွေ မပြီး ခပ်တည်တည်နဲ့ သူတို့ဝိုင်းမှာ ဝင်ထိုင်လိုက်တယ်။

"အက်ဒွပ်ဘုရင်တောင်မှ အချစ်နဲ့ပတ်သက်ပြီး ... အဲ ... ဟင် ..."

ငြိမ်းမင်းခန့် သူ့စကားရပ်သွားပြီး ကျွန်တော်တို့ကို မော့ကြည့်တယ်။ ကျွန်တော်တို့ကလည်း သူ့ကို ငုံ့ကြည့်ပြီး ကျွန်တော်တို့စကားကို စ.တယ်။

"ထိုင်နေတာ ကြာပြီနော် ..."

ထူးဝေ ပြောလိုက်တဲ့စကားက နှုတ်ဆက်တဲ့သဘော မဟုတ်ပါဘူး။ ကြာပြီမို့လို့ ပြန်ဖို့သတိပေးတဲ့သဘောပါ။ ငြိမ်းမင်းခန့်ကလည်း သတိပေးတာကို မသိကျိုးကျွန်ပြုပါတယ်။

"အေးကွ ... ကြာပြီ ... နေပါဦး ... မင်းတို့က ဘာလာလုပ်ကြတာလဲ ..."

ငြိမ်းမင်းခန့် ပြောလိုက်တဲ့စကားက ခရီးဦးကြိုပြုတဲ့ သဘောမျိုး မဟုတ်ပါဘူး။ တို့ဘာသာ အေးအေးနေတာ လာမရှုပ်ပါနဲ့ဆိုတဲ့သဘောမျိုးပါ။ ထူးဝေကတော့ ခပ်တည်တည်ပါပဲ။

"မင်းတို့ ဘာတွေပြောနေကြတာလဲ ..."

"အဲ ... အဲ ..."

ငြိမ်းမင်းခန့် အနေရခက်သွားပါတယ်။ သံစဉ်က ထူးဝေ



ကို ခေါင်းငုံ့ထားရာကနေ မျက်လွှာဝင့်ကြည့်တယ်။ အရမ်းလှတာပဲ။ ထူးဝေက အသိဆုံးနေမှာပေါ့ဗလေ။ ကျွန်တော်က ဘေးကပြောရတာဆိုတော့ ခပ်လျော့လျော့ပဲပေါ့။

"ဒါက ဘာလဲ ..."

ငြိမ်းမင်းခန့်က သံစဉ်ကို လက်ဆောင်ပေးနေတဲ့ ပို့စကဒ်လေး ထင်ပါရဲ့။ ဥယျာဉ်ထဲမှာ မိန်းမတစ်ယောက် မနို့တယို့ ထိုင်နေပုံကို ရိုးရိုးရိပ်ရိပ် ရေးဆွဲထားတယ်။ အဲဒီမိန်းမရဲ့ ကိုယ်လုံးကိုလည်း မြွေတစ်ကောင်က ပတ်ထားတယ်။

ထူးဝေ ... "ဘာလဲ" လို့မေးတော့ ကတ်ပြားက အဲဒီပုံကိုပါ။

ငြိမ်းမင်းခန့်ကလည်း ဖြေပေးပါတယ်။

"ဧဝ ... လေကွာ၊ ဧဒင်ဥယျာဉ်ထဲမှာ ..."

ထူးဝေရဲ့မျက်နှာက ရှုံ့မဲ့သွားပါတယ်။

"ဧဝများကွာ ... ဒီသစ္စာမရှိတဲ့ မိန်းမကို ဘာလို့အရေးတယူ လုပ်နေရတာလဲ ..."

သူ့စကားကြောင့် ငြိမ်းမင်းခန့် မျက်လုံးပြူးသွားသလို သံစဉ့်ခေါင်းကလည်း မော့လာတယ်။ ငြိမ်းမင်းခန့်က သံစဉ့်ကို အကဲခတ်သလို တစ်ချက်ကြည့်ရင်း ...

"ဘာ ... ဘာသစ္စာမရှိတာလဲ ... ဧဝက ဘာဖြစ်လို့လဲ"

ထူးဝေကတော့ အေးအေးဆေးဆေးပါပဲ။

"အိမ်ထောင်ရေး ဖောက်ပြန်တယ်လေကွာ ..."

ငြိမ်းမင်းခန့်ရဲ့ ပြူးလက်စမျက်လုံးက ပိုပြူးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မကြားဖူးပါဘူး ..."

"ဟုတ်တယ် ... သူ ဖောက်ပြန်ခဲ့တယ် ..."

"ဘယ်သူနဲ့ ဖောက်ပြန်တာလဲ ... ဘယ်လိုလုပ် ဖောက်ပြန်မှာလဲ ... ယောကျ်ားဆိုလို့ အဲဒီတုန်းက အာဒမ်တစ်ယောက်တည်းရှိတဲ့ဟာ ..."

"အေးလေ ... ဒါပေမယ့် ခု သူဖောက်ပြန်တာက ပေါ်ပြီပဲ ... ဖော်ထုတ်လိုက်ပြီပဲ"

"ဘယ်လိုဖော်ထုတ်တာလဲ ..."

"နင်တို့ငါတို့ လူတွေဟာ မျောက်ကဆင်းသက်လာတာတဲ့ ..."

"ဟာကွာ ..."

ငြိမ်းမင်းခန့် စိတ်ညစ်သွားတယ်။ ငြိမ်းမင်းခန့် စိတ်ညစ်တာကို ကြည့်ပြီး ထူးဝေက ပျော်သွားတယ်။ သူတို့နှစ်ယောက် အဲလိုဖြစ်နေတာကိုကြည့်ပြီး သံစဉ်က ကြောင်အမ်းအမ်းလေး ဖြစ်သွားတယ်။ ကျွန်တော်ကတော့ စိတ်ထဲက ကျိတ်ပြုံးလို့ပေါ့။

ထူးဝေက ... သူ့အယူအဆကို ဆက်တင်ပြတယ်။

"မင်း မယုံဘူးလား ... မင်းပုံမှာပဲ ကြည့်လေကွာ ... ဧဝက အဝတ်လည်းမပါဘူး၊ သူ့ကို မြွေတစ်ကောင်က ဖက်ထားတယ် ... မြွေမှာလည်း အဝတ်မပါဘူး၊ စဉ်းစားကြည့်ပေါ့ကွာ"

ငြိမ်းမင်းခန့် ငိုချင်သွားပါသည်။ သူ့ဘကြီး ဆုံးတုန်းကတောင် ဒီလောက်ဝမ်းမနည်းခဲ့ဘူး ထင်ပါရဲ့။ သံစဉ်ကို သူပြောနေတဲ့ ချစ်မေတ္တာဆိုင်ရာ အင်္ကာစကားလုံးတွေကလည်း ဟို



ဘက်ဆိုင်က ဦးသန်းရွှေရဲ့ 'ခေါက်ဆွဲနှစ်၊ ကြာဆံတစ်' ဆိုတဲ့ အသံအောက်မှာ ခွေညွတ်ပျောက်ကွယ်သွားရပြီ ထင်တယ်။

ထူးဝေကတော့ ရယ်တယ်။

"ဟဲ ဟဲ ဟဲ ..."

ဟိုဘက်က ဦးသန်းရွှေကလည်း အော်တယ်။

"တို့အစ်ကိုတွေပဲ လုပ်ပေးရမှာပေါ့ ..."

သူပြောချင်တာတွေ လျှောက်ပြောပြီးမှ ထူးဝေက သံစဉ်ကို စေ့စေ့ကြည့်ပါတယ်။ သံစဉ်ကလည်း ထူးဝေကို ပြန်ကြည့်ပါတယ်။ သူတို့နှစ်ဦး မျက်လုံးချင်းဆုံတော့ ငြိမ်းမင်းခန့်ခမျာ ရင်ခုန်ရပါတယ်။ သူ ဘာဆက်လုပ်ရမလဲ မသိဘူး။

အဲဒီမှာပဲ ကျွန်တော်တောင် ထင်မထားမိတဲ့ အဖြစ်အပျက်တစ်ခုက ထူးဝေနဲ့ သံစဉ်အကြားမှာ မွေးဖွားပေါ်ပေါက်လာပါတယ်။

သံစဉ်က အအေးသောက်လို့ပြီးပြီ။ ထူးဝေက သူ့အိတ်ကပ်ထဲက တစ်ရှူးပေပါလေးကိုထုတ်ပြီး သံစဉ်ကို ပေးပါတယ်။ ပါးစပ်ကလည်း တိုးတိုးကလေး ပြောတယ်။

"နှုတ်ခမ်းသုတ်လိုက် ..."

သံစဉ်ကလည်း အဲဒီစက္ကူလေးယူပြီး သူ့နှုတ်ခမ်းအိအိလေးကို တဖွဖွတရ သုတ်ပါတယ်။

"အဲ ..."

ငြိမ်းမင်းခန့်ခမျာ ထိုင်ရမလို၊ ထရမလို ဘာတွေဖြစ်ကုန်ပြီလဲဆိုတာကို လိုက်မမှီနိုင်အောင် ဖြစ်သွားတယ်။ ကျွန်တော့်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာလည်း တစ်မျိုးပဲ။

သဲစဉ်က ခေါင်းပြန်ငုံ့သွားတယ်။ ထူးဝေက ညင်ညင်သာသာကလေး ဆက်ပြောတယ်။

"စာပို့လိုက်တယ် ... ရလား ..."

သဲစဉ်က ခေါင်းကလေးခါပြတယ်။

"ဟင့်အင်း ... မရသေးဘူး ..."

စကားဝိုင်းက တိတ်ဆိတ်သွားတယ်။ ငြိမ်းမင်းခန့်က မျက်မှန်ကို ချွတ်တယ်။ ပွတ်တယ်။ ပြီးမှ ပြန်တပ်တယ်။ ပြီး ... သူ ဘာဆက်လုပ်ရမယ်မှန်း မသိတော့ဘူး။ နှာခေါင်းကို လက်နဲ့ဆွဲတယ်။ ဘယ်လိုဖြစ်သွားလဲတော့ မသိဘူး။

"ဟတ် ... ဟက် ..."

အားလုံးက သူ့ကို လှည့်ကြည့်တယ်။ သူ နှာချေမလို ဖြစ်နေတာ။ ဘာကိစ္စမှန်းတော့ မသိဘူး။ ကျွန်တော်တို့ကို လက်ကာပြတယ်။

ကျွန်တော်တို့ဇာည်း ဘာမှမလုပ်ဘဲ ပုံမှန်အတိုင်း ဆက်ထိုင်နေလိုက်ကြတယ်။ ငြိမ်းမင်းခန့်က လွတ်လပ်စွာ နှာချေလိုက်တယ်။

"ဟတ် ... ချိုး ..."

ပြီးတော့မှ အားလုံးကို ကြောင်စီစီနဲ့ ပြန်ကြည့်တယ်။ အားလုံးကလည်း ဘာမှမပြောဖြစ်ဘူး။ ခဏကြာမှ ထူးဝေက ...

"နှာချေချင်ရင် ... ကကြီးခွေးကို ပြောင်းပြန် ပြန်ဆိုရတယ်လို့ ပြောတယ်ကွ ... အဲဒါဆိုရင် မချေတော့ဘူး"



"ဟုတ်လား ..."

"ဆေးပညာအရတော့ နှာချေရင် ကျို့မထိုးဘူးတဲ့"

ငြိမ်းမင်းခန့်ကတော့ သဘောပေါက်သွားတယ်။ ထူးဝေကို ဧည့်ထောက်ခံပြီး စကားပြန်မပြောတော့ဘူး။ ထူးဝေက သူ့ဘာသာ ဆက်ပြီး ...

"မန်ဆာချူးဆက်တက္ကသိုလ်က ပညာရှင်နှစ်ဦးရဲ့ တွေ့ရှိချက်ကို ငါ ဖတ်ဖူးတယ် ... နှာချေတဲ့အခါ ခန္ဓာကိုယ်ထဲက အစက်တွေဟာ တစ်နာရီကို ၁၀၃.၆ မိုင်နှုန်းနဲ့ အပြင်ကို ကန်ထွက်လာတယ်တဲ့။ ၁၂ ပေကွာအထိ ရောက်တယ်တဲ့။ တချို့အစက်တွေက အပြင်ကို ချက်ချင်းကျတယ်။ တချို့အစက်တွေကတော့ လေထဲမှာဝဲပြီး ..."

သဲစဉ် မပြောနဲ့၊ သဲစဉ့်ဘေးမှာ ထိုင်နေတဲ့ မိုးကြည်ကြည်ဝေ မပြောနဲ့ ကျွန်တော်တောင် အသည်းယားသွားတယ်။ ငြိမ်းမင်းခန့်ကတော့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်။

"ငါ သွားတော့မယ် ... သဲစဉ် ကိုယ် သွားမယ်"

နောက်တောင် လှည့်မကြည့်တော့ဘူး။ တစ်ကြိုးတည်း လစ်ထွက်သွားတော့တာပါပဲ။ သူ ထွက်သွားမှပဲ ကျွန်တော်လည်း ရယ်ချင်တာကို ပွင့်ပွင့်လင်းလင်း ရယ်ရပါတော့တယ်။ မိုးကြည်ကြည်ဝေလည်း ရယ်ချင်နေတာ။ သဲစဉ့်မျက်နှာက ပြုံးရိပ်ကလေး တရေးရေးလွှမ်းလို့။

အဲဒီနောက်မှာတော့ စကားဝိုင်းက ငြိမ်သက်တိတ်ဆိတ်လို့ ... ။

www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ မပြောဖြစ်ကြတော့ဘူး။

ခဏအကြာမှာ ကျွန်တော်တို့လည်း ထပြန်လာခဲ့ကြတယ်။ ကျွန်တော်က သံစဥ်တို့နှစ်ယောက်ကို နှုတ်ဆက်ပေမယ့် ထူးဝေကတော့ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘူး။

အိမ်အပြန်လမ်းမှာ ကျွန်တော် မေးမိတယ်။

"မင်းက သံစဥ်ကို ဘာစာပေးထားလို့လဲ ..."

ထူးဝေက ပြုံးတယ်။ သူ့အပြုံးက တည်ငြိမ်တယ်။ တည်ငြိမ်တဲ့ အပြုံးမို့လို့လည်း ဆန်းကြယ်နက်ရှိုင်းတယ်လေ။

"မဟုတ်ပါဘူး ... ဘာစာမှ မပေးထားပါဘူး၊ ဒါပေမယ့် အခုတော့ ပေးတော့မယ် ..."

"ဘာစာလဲ ..."

"ရည်းစားစာ ..."

"ဟင် ..."

"ဟုတ်တယ် ဓေယျ ... ငါ သူ့ကို ချစ်သွားပြီ ..."

အဲဒါဟာ ကျွန်တော့်သူငယ်ချင်းထူးဝေ ပန်းသီးတစ်လုံးရဲ့ အဆိပ်ကို ရိုက်မွှေးရှူနမ်းမိတာပါပဲ။ ဘယ်သူ့မှာမှတော့ အပြစ်မရှိခဲ့ကြပါဘူး။

အင်း ... ဒါပေမယ့်လေ ...။

~ ၃ ~



ကောင်မလေးရယ် ...
ကျေးစူးပြုပြီး
နည်းနည်းလေးဖြစ်ဖြစ်
ပြုံးပြလိုက်ပါလား
အချစ်မှာ ...
မျှော်လင့်ချက် လိုတယ်လေ

'(မစန္ဒာဟရီ) ၏
(မီးပြတိုက်အလွန်) ကဗျာရှုမှ ...'

"အော်စကာဝိုင်းလ်က ပြောတယ်၊ အချစ်ဟာ ... "
စကားကို ဆုံးအောင်မပြောသေးချေ။
မိုးကြည်ကြည်ဝေက သူ့နှုတ်ခမ်းကို သူကိုက်၏။
ပင့်သက်တစ်ချက်ရှိုက်ပြီးမှ ဆက်ပြောသည်။
"အချစ်ဟာ ... တခွေ့နဲ့တူတယ်တဲ့ ...
သူ့အကြောင်းကို ပြောတဲ့သူသာများပြီး၊
မြင်ဖူးတဲ့သူ ရှားတယ်တဲ့ ... "
အင်းလေ ...
အများစုအတွက်တော့ ဒီစကားဟာ အမှန်တရား ဖြစ်ပါလိမ့်မယ် ... "
ခု ... ဒီကိစ္စမှာကတော့ ... "
ပန်ကာလေက တစီးစီးတိုက်ခတ်နေသည်။
နံရံက 'ဓဒင်ဥယျာဉ်' ပြက္ခဒိန်သည် ...
တဖျပ်ဖျပ် လှုးလွန့်အသက်ဝင်နေသည်။

# တစ္ဆေကိုက်ခဲ့ရသူများ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"နင့်ဆီကို သူ စာရေးထားတယ်ဆိုတာ ဘာကိစ္စလဲ"

သံစဉ်က ရယ်တယ်။

"ငါ ဘယ်သိမှာလဲဟ ... နင်ကလည်း ... "

"ဟင် ... နင်တို့ဟာက အချိတ်အဆက်တစ်ခုခု ရှိထားသလိုလိုနဲ့ ... "

အဲလိုထပ်ပြောတော့ သံစဉ်က ပိုရယ်ပါလေရော။

"နင်ကလည်းဟာ ... ထူးဝေနဲ့ ငါက ဘာကိစ္စရှိရမှာလဲ"

"အဲဒါဆို ... ခုဟာက ဘာတုန်း ... "

သံစဉ့်မျက်နှာကလေးက ပြုံးစူစူဖြစ်လာတယ်။

"ငါလည်း ဘယ်သိမှာလဲဟ ... ထူးဝေက ငြိမ်းမင်းခန့်ကို အကြောင်းရိုက်တာ နေမှာပေါ့ ... ငါလည်း ငြိမ်းမင်းခန့် လစ်သွားရင် ပြီးရောဆိုပြီး မင်နဲ့ နေလိုက်တာ ... "

"တတ် ... တတ်နိုင်တယ် ... "

ကျွန်မ သူ့ကို မျက်စောင်းထိုးပစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"သိပါဘူး ... နင်နဲ့ ထူးဝေနဲ့များ ငါ မသိအောင် ကြိုက်နေကြလားလို့ ..."

အဲလို တည့်တည့်ပြောလိုက်တော့လည်း မိသံစဉ်က ရှက်တတ်လေရဲ့။

"ဟာ ... နင်ကလည်း"

ပြီးတော့မှ ရှက်ရယ်ရယ်ရင်း ဖြေပြောပြောတယ်။

"ထူးဝေလား ငါ့ကိုကြိုက်မှာ ... ငါနဲ့ တစ်စက်မှ အကြော မတည့်ဘူး ..."

သံစဉ်ကိုတော့ ဘာမှ ဆက်မပြောဖြစ်ဘူး ... ။ ထူးဝေ အကြောင်းကသာ ခေါင်းထဲရောက်လာတယ်။

တကယ်တမ်းသာ ထူးဝေနဲ့ သံစဉ်နဲ့ သမီးရည်းစား ဖြစ်သွားကြမယ်ဆိုရင် အားလုံး မျက်လုံးပြူးကုန်ကြမှာ သေချာတယ်။ ရယ်လည်း ရယ်ရမယ်။

သံစဉ့်ကြောင့်တော့ မဟုတ်ပါဘူး။ ထူးဝေကြောင့်ပါ။ ထူးဝေက ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားပုံ မပေါ်ဘူးလေ။ မိန်းကလေးတစ်ယောက်ကို ဘောလုံးပွဲတစ်ပွဲလောက်မှ စိတ်ဝင်စားရဲ့လား မသိဘူး။ သူသိတာ ဘဏ္ဍာအခွန်ရယ်၊ ကြည်းတပ်ရယ်၊ လီဘာပူးရယ်၊ မန်ချက်စတာယူနိုက်တက်ရယ် ... အဲဒါတွေပဲနေမှာ ... ။

သံစဉ်ကို ရည်းစားတစ်ယောက်တော့ ရှိစေချင်တယ်။ သူ့အလှက သူ့ကို အလုပ်ရှုပ်စေတယ်လေ။ သူ့ဆီ ယောက်ျားလေးတွေ တစ်ယောက်ပြီးတစ်ယောက် ရစ်ချည်ဝဲချည်လာလုပ်နေတာ



ထက်စာရင် ချစ်သူတစ်ယောက် အတည်အတံ့ ရှိနေတာကမှ သူ့အတွက် အဆင်ပြေဦးမယ်။

အဲလိုမရှိသေးသရွေ့ စိတ်ညစ်နေရဦးမှာပါပဲ။ ငြိမ်းမင်းခန့်ဆိုတာက ဘာဟုတ်သေးလို့လဲ။ သူက မေဂျာတူလို့ အကပ်များနေတာလောက်ပဲ။ တခြားမေဂျာ၊ တခြားတက္ကသိုလ်တွေက လာပိုးကြတဲ့ သူရဇော်တို့၊ မင်းတေဇတို့၊ ရန်မျိုးသိန်းတို့၊ ချို့ထွန်းငြိမ်းတို့ အိုး ... အများကြီး။ သံစဉ်ကို တစ်နေ့နေ့မှာတော့ တစ်ယောက်ယောက်နဲ့ ချစ်သူရည်းစားဖြစ်မှာပဲလို့ သိထားတယ်။ ဒါပေမယ့် ထူးဝေကိုတော့ တစ်ခါမှ ထည့်မစဉ်းစားခဲ့ဖူးဘူး။

ဒီနေ့ ကြုံခဲ့ရတဲ့ အဖြစ်အပျက်လေးက အံ့သြစရာပဲ။ ထူးခြားတယ်လို့ ပြောရမယ်။ ထိဝါသနာပါသူသာဆိုရင် ထိထိုးမယ့်နေ့မျိုးပေါ့။ ထူးဝေဆိုတဲ့ ကောင်စုတ်ဟာ ...

"ဘာမှန်းလည်း မသိဘူးနော် ..."

ကျွန်မ အဲလိုညည်းတော့ သံစဉ်က ...

"ဘာမှန်းလည်း မသိဘူး ... သိလည်း မသိချင်ပါဘူးဟာ"

"နင့်ကို ထူးဝေက ရည်းစားစာ တကယ်ပေးရင်ကော"

"ဟာ ... မဟုတ်တာ ..."

"မဟုတ်ဘူးလေ ... တကယ်လို့ပေးခဲ့ရင် ..."

"ဘာဖြစ်လဲ ..."

"နင် ပြန်ကြိုက်မှာလား ... ခစ် ..."

ပြောရင်းနဲ့တောင် ရယ်ချင်သွားတယ်။ သံစဉ်လည်း အဲဒီလိုပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နင်ကလည်း ဘာတွေလာမေးနေတာလဲ"

ကျွန်မကတော့ ဇွတ်ဆက်ပြောနေတာပဲ။

"ထူးဝေက ချောပါတယ်ဟ ... ခင်စရာလည်း ကောင်းတယ် ... အပြစ်လည်း ကင်းတယ်"

သံစဉ်က ကျွန်မကို လှည့်ကြည့်တယ်။

"ဘာအပြစ်ကင်းတာလဲ ... "

"သူ့မှာ အပြစ်ပြောစရာမှ မရှိဘဲ ... "

"အင် ... "

သံစဉ် မျက်လုံးကလေး ဝိုင်းသွားတယ်။ မျက်ခုံးကို အတွန့်ချိုးပြီး စဉ်းစားနေတယ်။ ကျွန်မက ပြောလက်စ စကားကို ဖြည့်ပြီး ဆက်ပြောလိုက်တယ်။

"ထူးဝေမှာ ကောင်းတာပြောစရာ သိပ်မရှိသလို ... ဆိုးတာပြောစရာလည်း သိပ်မရှိဘူး ... အဲလိုလူမျိုး ရှားတယ်ဟ"

"ဩော် ... ဟုတ်တယ်၊ အဲဒါနဲ့ ငါက ကြိုက်ရတော့မှာလား ... နင့်ဘာသာနင် ကြိုက်ပါလား ... "

အဲလိုတော့ ဘယ်ရမလဲ။ သံစဉ်နဲ့ ကျွန်မ ဘော်လီဘောပုတ်ကြရတာပေါ့။

"ဟိုက ... နင့်ကို စာထည့်လိုက်တဲ့ဟာပဲ ... နင့်ဆီက အဖြေတောင်းမှာ ... နင်က ပြန်ပေးရမှာ"

"ဟာ ... မဟုတ်တာတွေ ... "

"ဟုတ်တယ် ... ၊င် စဉ်းစားထား ... အသေအချာ စဉ်းစားထား ... "



သံစဉ် မအောင့်နိုင်ဘဲနဲ့ကို ကိုယ်ကလေးလှုပ်ခါပြီး တခစ်ခစ် ရယ်ပါတယ်။

"ငါ ... ငါ ... "

ဆက်မပြောနိုင်သေးဘဲ ရယ်နေသေးတယ်။ ပြီးမှ ...

"ငါ ... အဲဒီကောင်ကို ... ထူးဝေကို ဘယ်လိုမှ စဉ်းစားကြည့်လို့တောင်မရဘူး ... ရယ်ချင်လာတယ် ... တကယ်"

ကျွန်မကတော့ သူ့အဲဒီစကားအဆုံးမှာ ခပ်မိန့်မိန့် ပြုံးနေလိုက်တာပေါ့။

"အဲဒါ မဆိုးပါဘူး ... "

"ဘာမဆိုးတာလဲ ... "

"ထူးဝေဘက်က အခြေအနေကောင်းပါတယ် ... "

"ဟယ် ... ချွေးမ ... "

ကျွန်မကို လိမ်ဆွဲပါတော့တယ်။ အဲဒီလိုနဲ့ပဲ ကျွန်မတို့ ရယ်ရင်းမောရင်း အိမ်ပြန်ခဲ့ကြပါတယ်။ သံစဉ်တို့ ခြံရှေ့အရောက်မှာ ...

"ဘာလုပ်နေတာလဲ မသိဘူး ... "

သံစဉ်တို့အိမ်က အိမ်ဖော်အမျိုးသမီးကြီး ယောင်နနနဲ့ ခြံဝမှာ ရပ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဖြူ ... ဘာလုပ်နေတာလဲ ..."

"ဒီမှာလေ ... သံကြိုးစာ လာပေးသွားလို့ ... စာပို့သမား တော့ မဟုတ်ဘူး ... ကျောင်းသားလေးတွေပဲ ..."

သံစဉ် မျက်မှောင်ကြုတ်သွားတယ်။

"ဘယ်မှာလဲ အဲဒီစာ ..."

ဒေါ်ဖြူက ထောင်ပြတယ်။

"ဒီမှာ ..."

သံစဉ် ဖျတ်ခနဲဆွဲယူလိုက်ပြီး ...

"ဟင် ... သံကြိုးစာလည်း မဟုတ်ဘူး ... ရိုးရိုးစာအိတ် ကြီးပဲ ..."

"အင်း ... အဲဒါကို သံကြိုးစာဆိုပြီး လာပေးတာပဲ ... အမြန်လာပေးတာတဲ့ ... အမြန်အကြောင်းပြန်ပါတဲ့ ... အဲဒါက စာ ... သံကြိုးက ဒီမှာ"

ဒေါ်ဖြူက သူ့ခါးကြားမှာ ညှပ်ထားတဲ့ တစ်ပေလောက်



ရှိတဲ့ သံကြိုးကလေး ထုတ်ပြတယ်။

သံကြိုးလေးက သူ့လက်ထဲမှာ တွဲလောင်းတွဲလောင်း ပါလာတယ်။

"ဟင် ... ဘာ ..."

သံစဉ် ဒေါသဖောင်းသွားတယ်။ ကျွန်မကတော့ ခွက်ထိုး ခွက်လန် ရယ်မိတာပေါ့။ နောက်တော့ ကျွန်မ ရယ်နေတာကိုကြည့် ပြီး သူလည်း ရယ်ချင်လာပုံရတယ်။

"ဒါ ... ဟိုခွေးကောင်တွေလက်ချက်ပဲ ဖြစ်မယ် ..."

"ခစ်ခစ် ... ဟုတ်မှာပေါ့ ... ဖွင့်ဖတ်ကြည့်ပါလား"

"ဖြံ ..."

ပြောလို့တောင် မဆုံးသေးဘူး။ သံစဉ်က စာအိတ်ကိုဆွဲဖွင့် တယ်။ စာအိတ်ထဲမှာ စာရွက်ကလေးတစ်ရွက်ပါပြီး စာရွက်ပေါ်မှာ

ယောကျာ်းလေးလက်ရေးတွေနဲ့ ဟောသည်လို ရေးထား တယ် ...။

**သံစဉ် ...**

**ချစ်တယ်**

**မရရင် သေလိမ့်မယ်**

**ဖြေပါ ... ။**

**ထူးဝေ**

ကျွန်မတို့ စာဖတ်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သံစဉ့်မျက်နှာက ထူးခြားနေတယ်။ ရှက်သလို ပျော်သလို အမူအရာကိုလည်း တွေ့ရတယ်။ စိတ်တိုသလိုဟန်ပန်ကိုလည်း တွေ့ရတယ်။

"အေး ... ဟုတ်ပြီ၊ တွေ့ကြသေးတာပေါ့ ... "

"ဟယ် ... နင် ချက်ချင်းအဖြေပြန်ပေးမလို့လား ... "

သူက အဲလိုပုံပေါက်နေလို့ပါ။ ကျွန်မ မေးမိတာ အလွန် တော့ မဟုတ်ပါဘူး။

သူက ကျွန်မကို မျက်စောင်းထိုးတယ်။

"ဖြေမှာ ... ဖြေမှာ ... ချက်ချင်းဖြေမှာ ... တွေ့ကြသေး တာပေါ့ ... "

အဲဒီလိုနဲ့ပဲ သူဟာ ကျွန်မကတစ်ဆင့် ထူးဝေကို ချိန်းပါ တယ်။ သူ့အိမ်ကိုပဲ ချိန်းတာပါ။ သူ့အဖေတော့ မရှိဘူး။ ကားပစ္စည်း တွေ အရောင်းအဝယ်ကိစ္စနဲ့ မန္တလေးဘက်ကို တက်သွားတယ်တဲ့။ အိမ်ဖော်တွေတော့ ရှိတယ်။ ဒါပေမယ့် သူတို့အလုပ်နဲ့သူတို့ ရှုပ်နေ ကြတာပါ။

ကျွန်မက သံစဉ်နဲ့အတူတူ စာကြည့်ခန်းကဲကနေ ထူးဝေ ကို စောင့်နေရတယ်။

အဲဒီအချိန်အထိ ထူးဝေကို သူ ဘယ်လိုတုံ့ပြန်မယ်ဆိုတာ သံစဉ်က ကျွန်မကို မပြောသေးဘူး။

မေးလို့လည်း မရဘူး။ တစ်ခွန်းပဲ ပြောတယ်။

"စောင့်ကြည့်ပေါ့ ... " တဲ့။

သူတော့ ဘယ်လိုနေမယ် မသိဘူး။ ကျွန်မတော့ အား



ကနေ ရင်ခုန်ချင်သလိုလို ဖြစ်တယ်။

ထူးဝေကို ချိန်းထားတာက မနက်ဆယ်နာရီ။ ကိုးနာရီ လေးဆယ့်ငါးလောက်မှာ ကျွန်မ နေမထိ ထိုင်မထိ ဖြစ်နေပြီ။ သံစဉ့်ကိုလည်း မသိမသာ အကခြတ်နေလိုက်ရတာ။ သိသိသာသာ ဖြစ်လာတဲ့အထိပေါ့။

ထူးဝေကရော လာပါ့မလား ... ။ လာတော့လာမယ် ထင်ပါတယ်။

ဒီကောင်လည်း ခပ်ညံ့ညံ့မှ မဟုတ်ဘဲ။

ပွဲကတော့ ကြည့်ကောင်းမယ်လို့ ထင်နေမိတယ်။

"ဟော ... "

ကျွန်မ နာရီကို လှမ်းကြည့်လိုက်တယ်။ ပြီး ...

"အပြင်မှာ ထူးဝေရောက်လာပြီ ... အသံကြားနေရတယ်၊ ဒေါ်ဖြူနဲ့ နှုတ်ဆက်နေတယ် ... "

ကျွန်မ လှမ်းပြောလိုက်တယ်။ သံစဉ်ကတော့ ဘာမှမထူး ခြားသလိုပဲ။

"ဒေါ်ဖြူ ... နေကောင်းတယ်နော်"

"အေး ... ကောင်းတယ် ... "

"ဟိုကောင်လေးရော ... "

"ဘယ်ကောင်လေးလဲ ... "

"ဒေါ်ဖြူ့သားလေ ... "

"နီကိုရဲနဲ့ သွားဆော့နေမှာပေါ့ ... သားရေကွင်းတွေ ယူ သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဩော် ... အင်း ... ဒါနဲ့ ဟိုကောင်မလေး ရော ..."

"ဘယ်ကောင်မလေးလဲ ..."

"ဒီအိမ်က ကောင်မလေးလေ ... သံစဉ် ..."

"ရှိတယ် ... ရှိတယ် ... စာကြည့်ခန်းထဲမှာ"

"ဟုတ်လား ... ကျွန်တော် စာကြည့်ခန်းထဲ လိုက်သွား လိုက်ဦးမယ်၊ သူ ကျွန်တော့်ကို စောင့်နေတာ ... သူ ချိန်းထားလို့ ပဲ လာရတာလေ၊ ခေတ်ကြီးကတော့ အဲလိုပဲ ဒေါ်ဖြူရေ ... ရော့ ရော့ ... ဒေါ်ဖြူ လက်ဖက်ရည်သောက်ဖို့ ..."

ပြီး ... စာကြည့်ခန်းဘက် လျှောက်လာတဲ့ခြေသံကို ကြား ရတယ်။ ကျွန်မ သဘောကျနေမိတယ်။ ထူးဝေက ဒေါ်ဖြူကို ဘယ် တုန်းက စည်းရုံးပေါင်းသင်းလိုက်လဲ မသိဘူး။ တရင်းတနှီးကြီးကို ဖြစ်လို့။ အတော်လာတဲ့ ကောင်။

"Good Morning ... ကောင်းသော နံနက်ခင်းပါဗျာ"

ထူးဝေက စာကြည့်ခန်းအဝမှာရပ်ပြီး ကျွန်မကို နှုတ်ဆက် တယ်။ အကောင်းတော့ မဟုတ်ဘူး။ အလေးပြုပြီး ခါးလည်းကိုင်း ပြတယ်။ ကာတွန်းထဲကလိုမျိုးပဲ။ ဦးကပ်စေးကို တိုက်ဂါးက နှုတ် ဆက်သလိုမျိုးပေါ့။

သံစဉ်က ဆီး,မေးတယ်။

"နင်က ... ဒေါ်ဖြူကို လက်ဖက်ရည်ဖိုးပေးပြီး ပေါင်းထား တာပေါ့"

ထူးဝေက မအူမလည်ပုံ ဖမ်းနေတယ်။



"မဟုတ်ပါဘူး ... မေတ္တာစစ်မေတ္တာမှန်နဲ့ ခင်ကြတာပါ"

"အောင်မာ ..."

သံစဉ်နှုတ်ခမ်းလေး မဲ့သွားတယ်။ ကျွန်မကတော့ ခေါင်း ငုံ့ပြီး ကျိတ်ပြုံးတယ်။

"လုပ်မနေနဲ့ ... အခု နင် သူ့ကို လက်ဖက်ရည်ဖိုး ပေးခဲ့ တာ ငါ ဒီထဲကနေ အသံကြားနေရတယ် ..."

"ဟာ ... မဟုတ်ပါဘူးဟ ..."

သံစဉ်က ခေါင်းကိုသာ တွင်တွင်ခါပြတယ်။ ဘာမှတော့ ဆက်မငြင်းဘူး။ သူ့စားပွဲရှေ့က ခုံကို မေးငေါ့ပြတယ်။

"ထိုင် ... ထိုင် ... အဲဒီမှာထိုင် ..."

"အိုကေ ..."

ထူးဝေက သွက်သွက်လက်လက် ဝင်ထိုင်တယ်။ ပြီး ... သံစဉ်ကို ခပ်တည်တည်ကြည့်တယ်။ သံစဉ်ကတော့ ထူးဝေ အခန်း ထဲ ဝင်လာကတည်းက မမှိတ်မသုန် လိုက်ကြည့်နေတယ်။

ထူးဝေက စကားစ,ပြောတယ်။

"ဆို ..."

သံစဉ်က နှုတ်ခမ်းလေးတွန့်ပြီး ပြုံးတယ်။ စားပွဲအံဆွဲထဲ ကို လက်နှိုက်တယ်။ ပြန်ထုတ်လိုက်တော့ ထူးဝေ ပေးတဲ့ စာရွက် ကလေး ပါလာတယ်။

"ဒါ ... နင် ရေးတာလား ..."

"အင်း ... ဟုတ်တယ်"

"ဘာလုပ်တာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ရည်းစားစာ ပေးတာလေ ..."

"သြော် ... ဟုတ်လား"

သံစဉ်က မျက်နှာလေးမဲ့ပြီးတော့ ဆက်ပြောတယ်။

"ဒီထဲမှာ နှင် ရေးထားတယ် ... မရရင် သေလိမ့်မယ်တဲ့ ဘာကိုမရရင် သေမှာလဲ ..."

"နှင့်ကိုလေ ..."

"ငါ့ကို ..."

"အင်း ..."

"သြော် ... သြော် ... သြော် ..."

ပြီးတော့ သံစဉ်က ထူးဝေကို ရှုတည်တည် စိုက်ကြည့်နေတယ်။ ထူးဝေက လက်နှစ်ဖက်ကိုပွတ်ပြီး ရှိုးတိုးရှန့်တန့် ဖြစ်ဟန်ကို တမင်လုပ်ပြနေတယ်။

သံစဉ်က ထပ်မေးတယ်။

"မရရင်သေမှာ သေချာလား ..."

"အင်း ... သေချာတယ် ..."

"ဒါဖြင့် ..."

သံစဉ်က အံဆွဲထဲ ထပ်လက်နှိုက်လိုက်တယ်။ လက်ပြန်ထုတ်တော့ ငွေစက္ကူတစ်ထုပ် ပါလာတယ်။ အဲဒီငွေစက္ကူထပ်ကို ထူးဝေရှေ့ ဘုန်းခနဲ ပစ်ချလိုက်တယ်။

"ရော့ ... အဲဒါ ယူသွား ..."

ထူးဝေက ငွေစက္ကူထုပ်ကိုကြည့်ပြီး အဓိပ္ပာယ်နားမလည်ဘူး။



"အဲဒါ ... ဘာလဲ ..."

"ပိုက်ဆံတွေလေ ..."

"ဘာလုပ်ဖို့လဲ ..."

"နှင့်မသာစရိတ်လေ ... နှင် သေလို့ရပြီ ..."

"ဟာ ..."

ဘယ်လိုမှ ထင်မထားမိလို့ ဖြစ်မယ်။ ထူးဝေ ကြောင်အအ ဖြစ်သွားတယ်။ ပိုက်ဆံထုပ် ကြည့်လိုက်၊ သံစဉ့်မျက်နှာကို ကြည့်လိုက်နဲ့ သူ တွေတွေဝေဝေ ဖြစ်သွားတယ်။

ကျွန်မကိုယ်တိုင်လည်း ဘေးကနေပြီး သဲထိတ်ရင်ဖို ခံစားနေရတယ်။ 'ပွဲ' ကတော့ အတော်ကြမ်းသကိုးလို့လည်း တွေးမိတယ်။

ထူးဝေတော့ ခံရပြီ။

ဒါပေမယ့် ... အဲဒီအတွေးမှ မဆုံးသေးဘူး။ ထူးဝေရဲ့ အစွမ်းအစကို မျက်ဝါးထင်ထင် ပြန်တွေ့ရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ..."

ထူးဝေက စားပွဲပေါ်က ပိုက်ဆံထုပ်ကိုယူတယ်။ သူ့ဂျာကင်အိတ်ထဲ ထိုးထည့်တယ်။ ပြီးတော့ အပြင်ကနေ အိတ်ကို လက်နဲ့ ပုတ်ကြည့်သေးတယ်။

"ဒါ ... ငါယူသွားမယ်၊ တစ်ခုတော့ ရှိတယ် ... နင် ငါ့ကို ကူးတို့ခ ထပ်ပေးရလိမ့်မယ် ..."

"ကူးတို့ခ ... ဟုတ်လား ... ဘယ်လောက်တုန်း"

"တစ်မတ်တည်းပါ ..."

သဲစဉ်က ရယ်တယ်။

"တစ်မတ်များဟာ ... ရပါတယ်"

အံဆွဲထဲကို လက်လှမ်းဖို့ပြင်တယ်။ ထူးဝေက လှမ်းပြောတယ်။

"တစ်မတ်ဆိုတာ မတ်စေ့နော် ... မတ်စေ့ ပေးရမယ်"

အံဆွဲဆီ လှမ်းနေတဲ့ သဲစဉ့်လက်က ရပ်သွားတယ်၊ ဇဝေ



ဝါနဲ့ လှည့်မေးတယ်။

"မတ်စေ့ ... ဟုတ်လား"

"အေး ... ဟုတ်တယ်လေ ... မတ်စေ့လေ၊ ငါက အဲဒီ တ်စေ့ကို ပါးစပ်ထဲငုံပြီး နောက်ဘဝကို ကူးသွားရမှာလေ ..."

သဲစဉ် နည်းနည်းစိတ်ညစ်သွားတယ်။

"မတ်စေ့တော့ ဘယ်ရှိမှာလဲဟ ..."

ထူးဝေက ပြုံးယောင်သန်းလာတဲ့ မျက်နှာကို အတင်း မြဲ့တည်ပြီး စားပွဲကို ဖြန်းခနဲ လက်နဲ့ပုတ်လိုက်တယ်။

"ဟာ ... အဲဒါ ပြဿနာပဲဟ ..."

သဲစဉ်က ဘာမှပြန်မပြောဘူး။ ဒီကိစ္စကို ဘယ်လိုဖြေရှင်း နိ ယ်ဆိုတာကိုတော့ တွက်ချက်စဉ်းစားနေပုံရတယ်။

"ငါ ... အဲဒီပိုက်ဆံတစ်မတ် ငုံသွားမှ ဘဝကူးကောင်းမှာ၊ ဒီ ပိုက်ဆံတစ်မတ်မရလို့ မဖြစ်ဘူး ..."

ကျွန်မ ဘေးကနေပြီးတော့ ထူးဝေရဲ့ ဗျူဟာကို နား ည်စ ပြုလာတယ်။ ညာဏ်ပြေးတဲ့ကောင်ပဲလို့လည်း တွေးနေမိ ယ်။ သဲစဉ့်မျက်နှာကို ကြည့်တော့ အကျပ်ရိုက်နေတဲ့ပုံပဲ။

"အဲဒီတော့ ... နင် ငါ့ကို တစ်မတ်ပါပေးလိုက်လေ ... ာစရိတ်သက်သက်နဲ့ မရဘူး ... မြန်မာစကား ရှိသားပဲ၊ နင် ည်း ကြားဖူးမှာပေါ့၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ ဆိုတာ"

သဲစဉ် ဘာလုပ်ရမလဲမသိ၊ ဘာပြန်ပြောရမလဲမသိ ဖြစ် တယ်။ သူ့ကိုကြည့်ပြီး ထူးဝေရဲ့ အတင်းတည်ထားတဲ့မျက်နှာ ရယ်ဖြဲရယ်ဖြဲ ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ပါဟာ ... နော် ... ဟဲဟဲ" ကျွန်မဘက်ကိုလည်း လှည့်ပြောလိုက်သေးတယ်။

"ဟုတ်တယ် မဟုတ်လား ကြည်ကြည်ဝေရ ... ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ရမှာပေါ့ ... နို့မို့ ငါဟိုဘက်ကမ်းကို မသွားနိုင်ဘဲ ဒီဘက်ကမ်းမှာပဲ တန်းလန်းကြီး သေနေဦးမယ် ... နင်တို့ကိုပဲ သရဲလာခြောက်ရမှာပဲ၊ လျှာကြီးတန်းလန်းနဲ့ 'ဝါး' ဆိုပြီး လာခြောက်မယ် ..."

ဒီကောင့်ရုပ်က တကယ်ခြောက်မယ့်ရုပ်ပဲ။ အဒါနဲ့ ကျွန်မက လွှတ်ခနဲ ပြောလိုက်မိတယ်။

"အေးလေ ... သံစဉ်ရယ် ... တစ်ခါတည်း တစ်မတ်စေ့ ကျွဲ တစ်စေ့ပါ ပေးလိုက်စမ်းပါ ..."

"ဟဲ့ ... ရှိမှ မရှိဘဲ ..."

"တကယ်မရှိဘူးလား ..."

သံစဉ်က ကျွန်မကို စိတ်ရှုပ်တဲ့မျက်နှာနဲ့ ကြည့်တယ်။

"ဟာ ... မရှိပါဘူးဆို ..."

အဲဒါ ကျွန်မတို့ရဲ့ အမှားပဲ။ ဟိုကောင်က ပိုရယ်တော့တာပေါ့။

"ပို့ကြပါ ... ပို့ကြပါ ... ကူးတို့ရော - အောင် ပို့ကြပါ ... ဟဲ ဟဲ ..."

အခုတော့ သူ အထက်စီး ပြန်ရောက်နေသလိုပဲ။ သူ့မျက်နှာကို ကြည့်ရတာလည်း အမြင်ကတ်လိုက်တာ။ ရွှေမန်းတင်မောင် ပြုံးစိပြုံးစိ လုပ်နေသလိုပဲ။ မြင်တော့ မမြင်ဖူးဘူး။ ရမ်းပြောတာ။



သံစဉ်နဲ့ ကျွန်မ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိတယ်။ နှစ်ယောက်လုံး ဘာဆက်လုပ်ရမလဲ မသိဘူး။ ထူးဝေကတော့ အထက်စီးရောက်နေတာ သေချာနေပြီ။ ဒူးနှစ်ပြီး လေချွန်နေတဲ့အပြင် အိတ်ထဲက မသာစရိတ်ပိုက်ဆံကို လက်နဲ့ပွတ်ပွတ်ကြည့်နေရုံတင် မကဘူး ... အင်မတန် ကျေနပ်အားရနေတဲ့ မျက်နှာမျိုးပါ လုပ်ပြတယ်။

ပြီးတော့ ...

"ကဲ ... သံစဉ် ..."

"ဘာလဲ ..."

သံစဉ့်အသံက မာခေါက်ခေါက်နဲ့၊ မျက်နှာကလည်း မှုန်ကုပ်ကုပ် ဖြစ်နေပြီ။

ဒါပဲပေါ့။ သူ ဒါပဲ တတ်နိုင်တယ်။

"ဘယ်လိုလဲ ..."

"ဘာ ... ဘယ်လိုလဲ ... လဲ"

"မတ်စေ့ ပေးမှာလား ..."

သံစဉ် ဘာမှ ပြန်မပြောဘူး။ ထူးဝေက ထပ်မေးတယ်။

"မတ်စေ့ မပေးဘူးလား ..."

"... ... ..."

"ငါ သေရမှာလား ..."

"... ... ... ..."

"ဘာလဲ ... ငါ မသေရတော့ဘူးလား"

သံစဉ်က ထိုင်ရာကနေ ဝုန်းခနဲ ထရပ်တယ်။ လက်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ခြေဟန်တွေနဲ့ ထူးဝေကို နှင်ထုတ်ပြီ။

"ကဲ ... ကိုယ်တော် ... သွား ... ကြွတော့ ... မပူနဲ့ ... နင် သေရမယ်၊ နင့်အတွက် ကူးတို့ခတစ်မတ်စေ့ကို ရှာပြီး ပို့ပေးမယ် ... စောင့်နေ"

ထူးဝေကလည်း ထိုင်ရာက ထရပ်တယ်။

"နင် ... ပို့ပေးလိုက်မယ်ပေါ့"

"စိတ်ချ ... စိတ်ချ ... ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် ပို့ပေးလိုက်မယ် ..."

"အေးလေ ... ကြိုးစားကြည့်ကြပေါ့ဟာ ... မဖြစ်နိုင်တဲ့ အရာဆိုတာ မရှိဘူးလို့ နပိုလီယန်ကတော့ ပြောဖူးတာပဲ ... ဒါပေမယ့် အဲဒီစကားက 'သူ့အဘိဓာန်ထဲမှာ'တဲ့ ... အပြင်လောကမှာ မှန်ချင်မှ မှန်မှာ ... ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကြိုးစားကြည့်ပေါ့ဟာ၊ ကြိုးစားရင် ဘုရားတောင် ဖြစ်တယ်တဲ့ ... ဒါပေမယ့် နင်တို့က မိန်းမတွေ ဖြစ်နေတော့လည်း ခက်တယ်ဟ ... ဒါပေမယ့် အားတော့ မလျှော့နဲ့ပေါ့ဟာ၊ နင်တို့ အားကိုးစရာ ငါတစ်ယောက်လုံး ရှိပါတယ် ... သွားတော့မယ် ... ဟဲ ဟဲ ဟဲ ... သွားမယ်နော် ... သံစဉ် ... ဟဲ ဟဲ ဟဲ ... သွားမယ်နော် ... ကြည်ကြည်ဝေ ... ဟဲ ဟဲ ဟဲ ..."

ထွက်သွားပါလေရဲ့။ ကူးတို့ခရရင် တကယ် သေ,မသေ တော့ မသိဘူး။ လောလောဆယ်တော့ မသာစရိတ်ဆိုပြီး သံစဉ့် ပိုက်ဆံတွေ ပါသွားပြီ။

ထူးဝေ ထွက်သွားမှ ကျွန်မ သံစဉ့်ကို မေးမိတယ်။



"ဘယ်လိုလုပ်ကြမလဲ ..."

"တစ်မတ်စေ့ ရှာပေးလိုက်တာပေါ့ဟာ ... မခက်ပါဘူး၊ အဲဒါ ခဏထားဦး ... လောလောဆယ်က ငါ မကျေလည်တာကို ရှင်းရဦးမယ် ..."

ပြောပြောဆိုဆို သံစဉ်က စားပွဲပေါ်က လူခေါ်ခေါင်းလောင်းကို နှိပ်တယ်။ ဒေါ်မြို့ အပြေးအလွှား ဝင်လာတယ်။

"ဘာခိုင်းမလို့လဲ သံစဉ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မနိုင်းပါဘူး ... ခုနက ဟိုကောင် ဒေါ်ဖြူ့ကို လက်ဖက်ရည်ဖိုး ပေးသွားလား ..."

"မပေးပါဘူး ..."

"ဘာမပေးရမှာလဲ ... ကျွန်မ အထဲက ကြားနေတယ်၊ ရော့ ... ဒေါ်ဖြူ လက်ဖက်ရည်သောက်ဖို့ဆိုပြီး ပေးသွားတာ"

ဒေါ်ဖြူ မအီမသာ ဖြစ်သွားတယ်။

"အင်း ... အဲလိုတော့ ပေးသွားတယ်၊ ဒါပေမယ့် ပိုက်ဆံ မဟုတ်ပါဘူး ..."

"ဒါဖြင့် ဘာလဲ ..."

ဒေါ်ဖြူက မအီမသာနဲ့ပဲ ပြန်ဖြေတယ်။

"ဒေါ်ဖြူလည်း အစကတော့ ပိုက်ဆံလို့ ထင်တာ ... စာအိတ်ကလေးနဲ့ ထည့်ပြီးပေးတာ ... ဖွင့်ကြည့်တော့ ပိုက်ဆံမဟုတ်ဘူး ..."

သံစဉ်က စိတ်မရှည်တော့ဘူး။



"ဒါဖြင့် ဘာလဲ ..."

"ဟိုဒင်း ... တီးမစ် (Tea Mix) အထုပ်ကြီး ..."

"အင်း ... လက်ဖက်ရည်သောက်ဖို့ဆိုတော့ ... အင်း ... ဟုတ်တော့ ဟုတ်တာပေါ့ ..."

ကျွန်မ ဘေးကနေ ရယ်မိတယ်။ သံစဉ်လည်း ရယ်ဟဟ ဖြစ်သွားတယ်။

"သွား သွား ... ဒေါ်ဖြူ သွားတော့ ..."

ဒေါ်ဖြူ ထွက်သွားတယ်။

"ထူးဝေဆိုတဲ့ကောင်က တကယ့်ကောင်ပဲ ..."

ကျွန်မ အဲလိုညည်းတော့ သံစဉ်က ကျွန်မကို လှည့်ကြည့်တယ်။

"တကယ့်ကောင်ဆို နင် ပြန်ကြိုက်လိုက်ပါလား ..."

"အောင်မာ ... သူက ငါ့ကို ကြိုက်တာမှမဟုတ်ဘဲ ... နင့်ကို ကြိုက်တာ၊ နင် ပြန်ကြိုက်လိုက်ပေါ့ ..."

"သွားစမ်းပါဟာ ... မတ်စေ့က ရှာရဦးမယ်"

မတ်စေ့ကိစ္စက သံစဉ့်ခေါင်းထဲ ပြန်ရောက်သွားပြန်တယ်။ ကျွန်မကလည်း ဝင်ဆွေးနွေးဖြစ်တယ်။

"ရှိတော့ ရှိမှာပါဟ ... ရှားမယ် ..."

သံစဉ်က ပြောင်းပြန် ပြန်ပြောတယ်။

"အေး ... ရှားတော့ ရှားမှာပဲ ... ဒါပေမယ့် ရှိမှာပါ"

"ငါ့မှာတော့ မရှိဘူး ..."

"အေး ... ငါ့မှာလည်း မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ခေါင်းကုတ်မိကြပြန်တယ်။

"ရှာမယ်ဟာ ... ရအောင်ရှာမယ်၊ တစ်ယောက်ဒယောက်ဆီမှာတော့ ရှိမှာပါ ..."

"လွယ်တော့မလွယ်ဘူး ထင်တာပဲ ..."

အဲလိုပြောတော့လည်း သံစဉ်က မခံနိုင်ဘူး။

"လောင်းမလား ... နှင်ရယ် ငါရယ် လောင်းမလား"

"ဘာလဲ ... ရ,မရကိုလား ..."

"အေး ..."

ကျွန်မ ဘာမှပြန်မပြောရသေးခင် ခြံဝကနေ သံစဉ့်နာမည်ကို အော်ကြီးဟစ်ကျယ်ခေါ်ရင်း 'ကေနိုင်' ဝင်လာတယ်။

"အံမာ ... ကြည်ကြည်ဝေပါ ရောက်နေတာကိုး ... နှင်တို့က ဒီမှာ ဘာလုပ်နေကြတာလဲ"

ကေနိုင် ဝင်လာလို့ သံစဉ် ပျော်သွားတယ်။

"အေး ... လာဦး ... လာဦး ... အတော်ပဲ နှင့်ကို ပြောစရာရှိတယ် ..."

ကေနိုင်ကလည်း ဝါသနာ သိပ်မပါရှာလို့ ...ပျာကယာပြန်မေးတယ်။

"ဘာလဲဟင် ... ဘာလဲ ... ဘာလဲ ..."

"ဒီလိုဟာ ..."

"အင်း ... ပြော ..."

"ငါ ပစ္စည်းတစ်ခု ရှာမလို့ဟာ ... ရှိတော့ ရှိတယ်၊ ရှားတယ် ... အဲဒါ ငါ ရနိုင်မလား မရနိုင်ဘူးလား ..."



"အယ် ..."

ကေနိုင် မျက်လုံးလေး ဝိုင်းသွားတယ်။

"ပြော ... နှင် ဘယ်လိုထင်လဲ ..."

"ဟယ် ... နှင်ကလည်း"

ကေနိုင် ခေါင်းကုတ်စဉ်းစားတယ်။ ပြီး ...

"ငါက ... ဘာပြောတတ်မှာလဲဟာ၊ နှင်တို့ဟာနှင်တို့ ကံစမ်းကြည့်ပါလား ..."

ကျွန်မက ဝင်မေးလိုက်တယ်။

"ဘာလဲ ... ဘယ်လိုကံစမ်းရမှာလဲ ..."

"နှင်တို့နှစ်ယောက် ခေါင်းပန်းလှန်ကြည့်ပေါ့ဟ"

သူ့စကားကြောင့် ကျွန်မရော သံစဉ်ရော မျက်လုံးပြူးသွားတယ်။

"ခေါင်းပန်းလှန်ရမယ် ... ဘာနဲ့ ခေါင်းပန်းလှန်ရမှာလဲ"

"အကြွေတစ်စေ့စေ့နဲ့ပေါ့ ... မတ်စေ့နဲ့ဖြစ်ဖြစ် ..."

"ဟယ် ... သောက်ကောင်မ ..."

သံစဉ်နဲ့ ကျွန်မ စိတ်ပျက်လက်ပျက် ရယ်ဖြစ်ကြတယ်။

ကေနိုင်ကတော့ ဘာမှ နားမလည်ဘူးပေါ့။ ကြောင်တက်တက်ကလေး။

"ဘာလဲဟ ... နှင်တို့ဟာကလည်း"

"ဒီလိုဟာ ... ဒီလို ..."

ကျွန်မကပဲ အဖြစ်အပျက်အားလုံးကို ပြောပြလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကေခိုင့်ခမျာ ခေါင်းလေးညိတ်လိုက်၊ ခေါင်းလေးခါလိုက်၊ မျက်လုံးလေး ကလယ်ကလယ် ဖြစ်လိုက်နဲ့။

ကျွန်မစကားဆုံးမှ ...

"နင်တို့ဟာကလည်း ... "

"ဘာလဲ ... ငါတို့ဟာက ဘာဖြစ်လဲ ... "

"ဘာမှတော့ မဖြစ်ပါဘူး ... ဒါပေမယ့်"

သူ စကားဆက်မပြောဘူး။

ရယ်တယ် ... ။

ကျွန်မတို့လည်း လိုက်ရယ်ဖြစ်ကြတယ်။

နောက်တော့ ... တစ်မတ်စေ့ကို ဘယ်လိုရအောင်ရှာမယ်ဆိုတဲ့ နည်းဗျူဟာတွေကို ကျွန်မတို့သုံးယောက် တိုင်ပင်ချမှတ်ကြတော့တယ်။

"တွေ့ကြသေးတာပေါ့ ထူးဝေရယ် ... "

ရယ်ဖြစ်ကြပြန်တယ်။

အဲလိုနဲ့ပဲ ဒီဇာတ်လမ်းက စခဲ့ပါပြီ။ ထူးဝေတို့ကလည်း လိုက်ဖျက်နိုင်တယ်ဆိုတာကို တွေးမိတယ်။ အဲဒီကြားထဲကပဲ ရအောင်ရှာရမှာပဲ။ ကျွန်မက ထပြီး ...

"အို ... ဘယ့် ... တစ်မတ်စေ့ရေ ... " လို့ ညည်းတွားမိလို့ ရယ်ပြီးရင်းရယ်ကြရပြန်တာပေါ့၊

အဲဒီ နောက်ပိုင်းရက်တွေထဲမှာ ... ကျွန်မတို့တွေဟာ တစ်မတ်စေ့ လိုက်ရှာကြပါတယ်။ လူကြားမကောင်းဖြစ်မှာစိုးလို့ အသိအကျွမ်းတွေကိုပဲ တိုးတိုးတိတ်တိတ် မေးမြန်းရှာဖွေရတာပေါ့



အသိအကျွမ်းတွေကလည်း တိုးတိုးတိတ်တိတ်ပဲ ပြန်ဖြေကြပါတယ်။

"မရှိဘူး ... "

ရှာရင်းဖွေရင်းနဲ့ပဲ ကျွန်မတို့ နည်းနည်းတော့ စိတ်မောလာတယ်။ ထူးခြားတာဆိုလို့ တစ်ခုပဲ ဖြစ်လာခဲ့တယ်။ ကျွန်မတို့ တက်တဲ့ အင်္ဂလိပ်စာသင်တန်းကို ထူးဝေရယ်၊ ဇေယျာရယ်၊ အေလင်းချိုရယ် သုံးယောက်လာတက်ကြတာပါပဲ။

~ ၆ ~

www.burmeseclassic.com

www.burmeseclassic.com



ဒီအင်္ဂလိပ်စာသင်တန်းမှာ ကျွန်မတို့က လူဟောင်းတွေ၊ ဒီကောင်တွေက အခုမှ လာတက်တဲ့ လူသစ်တွေ။ ဒါပေမယ့် ... ကစ်စက်မှ အပိုးမကျိုးဘူး။ ဆရာ စာမသင်ခင်အထိတော့ အခန်းထဲမှာ သူတို့အသံတွေနဲ့ ညံနေတာပဲ။

တစ်နေ့ ကျွန်မတို့ သင်တန်းခန်းမထဲဝင်တော့ သူတို့သုံးယောက်ကို အာကျယ်အာကျယ် တွေ့ရတယ်။ တူးဝေက သူကိုယ်သူ "ဘိုးတော်ထူး"တဲ့။ ပိတ်ဖြူစင်ကြယ်ကြီးပတ်လို့။ ကျန်တဲ့နှစ်ယော[illegible]က ကပ္ပိယလုပ်နေကြတယ်။

"ဒါက ဒီလိုရှိတယ် မောင်ဇေယျရဲ့ ... "

"မိန့်မှာပါဦး ဘိုးတော်ထူးရဲ့ ... "

"လူ့ဘဝဆိုတာ အတော်သံဝေဂရစရာ ကောင်းတယ် ... ကြားလား ... "

"ကြားပါတယ် ဘိုးဘိုး ... "

"တချို့ဆို ပိုက်ဆံချမ်းသာတယ်သာပြောတယ်၊ တစ်မတ်



ဘောင် မရှိဘူး ... "

"ဟုတ်ပ ... ဟုတ်ပ ဘိုးဘိုးရယ် ... ဟား ဟား ဟား ဟား ... "

အတိုင်အဖောက် ညီနေလိုက်ကြတာလေ။ သံစဉ် မပြောနဲ့ ကျွန်မတို့တောင် မခံနိုင်ဘူး။

သံစဉ်က ခုံမှာ ဆောင့်ကြီးအောင့်ကြီး ဝင်ထိုင်ပါတယ်။ အဲဒီတော့ ဟိုကောင်တွေရဲ့အသံက ပိုကျယ်လာလေရော။ မျက်နှာတွေကလည်း ပိုပြီး ပြောင်စပ်စပ် ဖြစ်လာရော။

"ဟော ... အေလင်းချိုရေ ... ဘိုးဘိုး ပြောမယ်ကွ"

"ဟုတ်ကဲ့ ... ပြောပါ ဘိုးဘိုး ... "

"ဟိုတစ်နေ့က ကောင်မလေးတစ်ယောက် ဘိုးဘိုးကို ပွဲးပြတယ် ... ဘိုးဘိုးကို ငွေတစ်မတ်မပေးနိုင်လို့ ပြုံးပြတဲ့ အပြုံးပေါ့ကွယ် ... "

"ဖြတ်မေးပါရစေဦး ဘိုးဘိုး ... အဲဒီကောင်မလေးက လှလား ... "

"အင်း ... လောကီအမြင်အရတော့ လှရင်လှမှာပေါ့ကွယ်၊ ဘိုးဘိုးအမြင်မှာတော့ အရိုးစုကို အရေပြားအုပ်ထားတာကြီးပါပဲ"

"အဲဒါကြောင့် ... ဘိုးဘိုး တရားရသွားသလား ဘိုးဘိုး"

"အင်း ... အဲဒါကြောင့် ရမယ်ဆိုရင်လည်း ရနိုင်ပါတယ်လေ ... ဒါပေမယ့် ဘိုးဘိုးက သူပြုံးတာကို ပြီးတဲ့အထိ စောင့်ကြည့်လိုက်သေးတယ် ... "

ဇေယျက ဝင်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်မလေးပြုံးတော့ ... ပါးစပ်ကြီး ပြဲသွားတယ် နော် ... "

အေလင်းချိုကလည်း ...

"ပါးကြီးအစ်ပြီး မျက်လုံးကြီးလည်း ပိတ်သွားတယ်လေ"

"မျက်နှာက ဘောလုံးလေရှုံ့သွားသလို ဖြစ်သွားတယ် မဟုတ်လား ... "

"မပြုံးဘဲနေရင် ဝလုံးလို ဖြစ်နေရာကနေ ပြုံးလိုက်တော့ ဗထက်ချိုင့်လို ဖြစ်သွားတယ်လေ ... ဟုတ်တယ် မဟုတ်လား ဘိုးဘိုး၊ အဲဒါကိုကြည့်ပြီး ဘိုးဘိုး တရားရတယ် မဟုတ်လား"

ထူးဝေက နှစ်ယောက်လုံးကို လက်ကာပြတယ်။

"အဲဒါတွေကနေ တရားရမယ်ဆိုရင်လည်း ရလောက်ပါတယ်ကွယ် ... ဒါပေမယ့် ဘိုးဘိုးက သူသွားပေါ်တဲ့အထိ စောင့်ကြည့်လိုက်သေးတယ် ... "

"အင်း ... အဲဒီတော့ ဘယ်လိုဖြစ်လဲ ဘိုးဘိုး၊ သူ့သွားတွေက အရမ်းလှလား ... အဲဒါက မာယာပဲဆိုပြီး ဘိုးဘိုး တရားရသလား ... "

"မာယာတော့ မာယာပေါ့ကွယ် ... ဒါပေမယ့် အလှတွေ မာယာတွေကို ဘိုးဘိုး မမြင်ပါဘူး ... သူ့ပါးစပ်ထဲမှာ အရိုးတွေပါလားလို့ပဲ မြင်လိုက်ပါတယ် ... "

"ဩော် ... ဒီလိုလား ... "

"ဩော် ... ဒီလိုကိုး ... "

"နေပါဦး ... အဲဒီကောင်မလေးက ဘိုးဘိုးကို ဘာလို့



ပြုံးပြရတာလဲ ... ဘိုးဘိုးကို ငွေတစ်မတ် သူကဘာလို့ ပေးရမှာလဲ"

"ဘိုးဘိုး သေခဲ့လို့ရှိရင်တောင် ... ဘိုးဘိုးအတွက် ကူးတို့ခငွေတစ်မတ်ကို သူ ပေးပါရစေတဲ့၊ သူပေးတဲ့ငွေတစ်မတ်လေးကိုငုံပြီး ဘဝကူးပါတဲ့ ... ဘိုးဘိုးနဲ့ ဘဝအဆက်ဆက် ရေစက်ဆုံချင်တဲ့သဘောပေါ့ကွယ် ... ဟိး ဟိး ... "

"အောင်မယ် ... သေချင်းဆိုးက ... "

သံစဉ် ခပ်တိုးတိုး ကျိန်ဆဲတယ်။ ကျွန်မနဲ့ကေနိုင်လည်း ရယ်ရမလို၊ စိတ်ဆိုးရမလိုနဲ့။

"ဟော ... မအေလင်းချို ... "

"ဗျာ ... ပြောပါ ... "

"ငွေတစ်မတ်ပေးနိုင်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးကွ၊ နော် ... တော်ရုံတန်ရုံမေတ္တာနဲ့တော့ မပေးဘူး ... တချို့ဆိုတက္ကသိုလ်တက်ပြီး ဘွဲ့သာရတော့မယ် ... တစ်မတ်တောင်ရှိတာ မဟုတ်ဘူး ... ဟိး ဟိး ... "

"ဟုတ်ပ့ါ ... ဟုတ်ပ့ါ ... ဟား ဟား ... "

သံစဉ်ကတော့ ကျိန်ဆဲမဆုံး ဖြစ်နေတုန်းပါပဲ။

"သူတောင်းစားတွေ ... သူတောင်းစားတွေ ... "

အဲဒီအချိန်မှာပဲ ကျွန်မတို့ အင်္ဂလိပ်စာဆရာရဲ့ မိန်းမက သူလှန်းထားတဲ့ ကလေးအနှီးပျောက်သွားတာ ခုမှပြန်တွေ့တယ် ဆိုပြီး ဘိုးတော်ထူးရဲ့ ဝတ်ဖြူစင်ကြယ်ကို ပြန်ယူသွားပါတော့တယ်။

နောက်တော့ ဆရာ ဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



စာသင်တယ်။

စာသင်ရပ်ထားတုန်း အချိန်အတော်များများမှာလည်း အဲဒီသုံးယောက်ဟာ ကျွန်မတို့သုံးယောက်ကို ခဏခဏ လှည့်လှည့်ကြည့်တယ်။

ပြုံးစိစိ စပ်ဖြဲဖြဲ ကြည့်တယ်ဆိုရင် ခံနိုင်ပါသေးတယ်။ ခုတော့ သူတို့က ကျွန်မတို့ကို မျက်နှာတည်ကြီးတွေနဲ့ ကြည့်တယ်။

ကျွန်မတို့က လှည့်ကြည့်မိလို့ မျက်လုံးချင်းဆုံမိတော့မှ မျက်နှာတည်ကြီးတွေနဲ့ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြန်လှည့်သွားတယ်။

ကျွန်မတို့ကို ကြည့်ပြီးတော့ပဲ တရားရနေကြသလိုပေါ့။

ကျွန်မတို့ မသိချင်ယောင် ဆောင်နေလိုက်ပါတယ်။

အဲလိုမှမနေရင် ဘယ်လိုနေရမယ်ဆိုတာလဲ မသိဘူး။

သူတို့ကို မခံချင်တာနဲ့တင် ကျွန်မတို့သုံးယောက်မှာ တူညီတဲ့ သံမိဋ္ဌာန်တစ်ခု ရှိလာတယ်။

"အဲဒီတစ်မတ်စေ့ကို မရ ရအောင်ရှာမယ် ..."

၉



နောက်နေ့မှာ ကေခိုင်က သတင်းတစ်ခု ရလာတယ်။

"ဟဲ့ ... နင်တို့ မထွေးကို သိတယ်မဟုတ်လား ..."

"ဘယ်မထွေးလဲ ... ဥမ္မာတို့ရပ်ကွက်ထဲက ခေါက်မုန့်...င်းတဲ့ မထွေးလား ..."

"အေး ဟုတ်တယ် ... သူ့သားလေးလည်ပင်းမှာ မတ်စေ့...း ဆွဲထားတယ် ... နင်တို့ မြင်မိလား"

သံစဉ်နဲ့ ကျွန်မ မထွေးရဲ့သားလေးကို အာရုံထဲမှာ မြင်...ရတယ်။ နှပ်ချေးတွဲလွဲရယ် ... ဘောင်းဘီခွပြဲရယ် ... ခေါင်း...ပြောင်ပြောင်ရယ် ... နောက်ဆုံးမှာ ...

သံစဉ်နဲ့ကျွန်မ ပြိုင်တူပြောမိတယ်။

"အေး ... ဟုတ်တယ်ဟ ... လည်ပင်းမှာ မတ်စေ့ကြီးနဲ့"

"ဟေး ..."

ကျွန်မတို့ ပျော်သွားတယ်။

"လာ ... သွားမယ်၊ ခုချက်ချင်း သွားကြမယ် ... ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကောင် ထူးဝေ … တွေ့ကြသေးတာပေါ့ …”

ကျွန်မကတော့ တစ်ခုသတိရလို့ ပြောဖြစ်အောင် မေ
လိုက်ပါသေးတယ်။

“ဟဲ့ … အေလင်းချိုကလည်း အဲဒီရပ်ကွက်ထဲမှာ နေ
မဟုတ်လား”

“အင်း … ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ …”

“သူလည်း သိရင်သိမှာပေါ့ …”

သူတို့နှစ်ယောက်သည် ခဏတွေဝေသွားတယ်။ ဒါပေမ
သိပ်တော့လည်း ဂရုမစိုက်လှပါဘူး။

“သူ အမှတ်တမဲ့ ဖြစ်နေလို့နေမှာပေါ့ …”

“ဒါမှမဟုတ် … ငါတို့ သတိထားမိမှာ မဟုတ်ဘူးလို့ ထ
ထားတာ ဖြစ်မှာပေါ့ …”

“ကဲပါ … လာ … မြန်မြန်သွားကြမယ်”

မထွေးရဲ့ ခေါက်မုန့်ဆိုင်ကို မရောက်ခင်မှာပဲ သူသားေ
ရဲ့ ကစားဝိုင်းကို အရင်ရောက်ပါတယ်။

“ဟယ် … ဟိုမှာ … ဟိုမှာ …”

ဘန်နီကြိုးကြီးနဲ့ ဆွဲထားတဲ့ လည်ပင်းက မတ်စေ့ကြီး
လည်း အပြူးသား မြင်နေရပါတယ်။

“သား … လာ … လာစမ်း … မင်းအမေဆီ အနံ့တ
ကို လိုက်ပို့ပေးစမ်း …”

“ခေါက်မုန့်ကုန်သွားပြီဗျ …”

“အေးပါ … လိုက်ပို့စမ်းပါ”



ကလေးက မပို့ချင်ပို့ချင်နဲ့ လိုက်ပို့တယ်။ မထွေးဆီရောက်
တော့ မထွေးက ပြုံးကြောင်ကြောင်နဲ့ …

“ဘာကိစ္စလဲ မသိဘူး …”

“ဒီကလေးလည်ပင်းမှာ ဆွဲထားတဲ့ မတ်စေ့ကလေး …
န်မတို့ကို ပြန်ရောင်းပါလား။ ကျွန်မတို့ ထိုက်ထိုက်တန်တန် ပေး
ယ်ပါ့မယ် …”

“အဲဒီမတ်စေ့က သူ့အကြောင်းနဲ့သူ ဆွဲထားတာ … ရောင်း
မရဘူး …”

“ရမယ်ဆိုရင် ရောင်းလိုက်စေချင်တယ် … နည်းနည်းကြီး
းပေးပါလား … ကျွန်မတို့ကို ကူညီတယ်လို့ သဘောထားပါ။
ရာပေးဝယ်ပါ့မယ် …”

“တစ်ရာ … ဟုတ်လား …”

“ဟုတ်ကဲ့ …”

“ဟဲ့ကောင်လေး … လာစမ်း ဒီကို …”

သူ့ကလေးလည်ပင်းက တစ်မတ်စေ့ကို ချက်ချင်းဖြုတ်
းပါတယ်။ သံစဉ်က တစ်ရာလည်း ကမ်းပေးလိုက်ရော ဖျတ်ခနဲ
ပြီး သူ့မတ်စေ့ကိုပေးတယ်၊ တစ်ရာတန်ကိုလည်း သေသေချာ
ထောင်ကြည့်တယ်။

သဘောတွေ ကျနေတယ်။ ပြီးမှ …

“အစ်မတို့ လာဝယ်မယ်လို့တော့ ကျွန်မ ကြားသားပဲ”

“ဟင် …”

“ရှင် …”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တယ် ..."

"အစ်မတို့ လာဝယ်မယ်ဆိုတာ ကျွန်မကို ကြိုပြောတဲ့

က ပြောထားတယ် ... သိတယ်မဟုတ်လား ... အေလင်းချို

ကိုအေလင်းချိုက ကျွန်မကို ပြောထားတယ် ... ရောင်းဖြစ်

ရင်လည်း ဒီစာကို ပေး့ပေးပါတဲ့ ..."

ပြောပြောဆိုဆို သူ့ထဘီအထက်ဆင်ကြားကို လက်

တယ်။ လက်ပြန်အနုတ်မှာ သူ့ချွေးခံအင်္ကျီအိတ်ထဲက စာခေါ

ကလေးတစ်ခု ပါလာတယ်။

"ရော့ ..."

သံစဉ်က ယောင်အအနဲ့ လှမ်းယူတယ်။ မထွေးက

ခေါက်မုန့်လုပ်တဲ့ မီးဖိုကို ဆွဲမပြီး မတ်တတ်ထရပ်တယ်။

"ဟိုကောင်လေး ... လာ ..."

သူ့သားလေးကို လက်ဆွဲပြီး ထွက်သွားပါတော့တ

ကေခိုင်က မတ်စေ့ကို နေရောင်မှာ ထောင်ကြည့်တယ်။

"မတ်စေ့ကဟာ ... ငယ်ထိပ်မှာ အပေါက်ကြီးနဲ့ ...

"သူ ဆွဲကြိုးလုပ်ထားတဲ့ အပေါက်ပဲဟဲ့ ..."

"ထုံးနဲ့ ပြန်ပိတ်ရမှာပဲ ..."

သံစဉ်နဲ့ ကေခိုင် တစ်ယောက်တစ်ပေါက် ပြောနေ

ကို ကျွန်မ ကြားက ဝင်ဟန့်လိုက်တယ်။

"ဟော့ ... နေကြစမ်းပါဦး ... ဟိုစာကို ဖတ်စမ်းပါဦး

"အေး အေး ... ဟုတ်သားပဲ ..."

သံစဉ်က စာကိုဖွင့်တယ်။ အားလုံးက ခေါင်းချင်းဆို



ဝိုင်းဖတ်ဖြစ်ကြတယ်။

စာက ...

သို့ ...

ငွေတစ်မတ်မရှိသူအား သိစေအပ်ပါသည်။

ကျွန်ုပ်အတွက် လိုအပ်သောငွေတစ်မတ်သည် ကျွန်ုပ် ဘဝ ကူးကောင်းရန်အတွက် ပြည့်စွမ်းပေးနိုင်သည့် ငွေတစ်မတ်သာ ဖြစ်ပါသည်။ အရေးကြီးသော ငွေတစ်မတ်စေ့ ဖြစ်ပါသည်။ အင်္ဂါစုံသော ငွေတစ်မတ်စေ့ ဖြစ်ရပါမည်။ ထို့ကြောင့် ...

(၁) ကျောက်ပြားနှင့် ပွတ်တိုက်ခံထားရ၍ မတ်စေ့မဟုတ်တော့ဘဲ ဒင်္ဂါးစေ့မျှသာ ဖြစ်နေခြင်း။

(၂) နဖူးမှာ အပေါက်ကြီး ပါလာခြင်း။

(၃) တစ်ဖက်ဖက် (သို့မဟုတ်) နှစ်ဖက်လုံးကို ဓားနှင့်မွှန်းထားခြင်း။

(၄) ဓါးပိုက်နှိုက်လုပ်ငန်းတွင် အထောက်အကူပြုရန် ထောင့်စွန်းကို သွေးထားခြင်း။

... စသည်တို့ မဖြစ်စေရပါ။

အင်္ဂါစုံ၍ လှပကြော့ရှင်း အပြစ်ကင်းသော မတ်စေ့ကိုသာ ကျွန်ုပ် လက်ခံမည် ဖြစ်ပါကြောင်း ...

မှ

ထူးဝေ

(ဘဝခြားလည်း ချစ်[illegible]ဦးမြည့်သူ)

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်အပြီးမှာ စာဖတ်သူပရိသတ်ဖြစ်နေကြတဲ့ ကျွန်မတို့သုံးယောက်ရဲ့ သြဘာသံတွေက ညံသွားပါတယ်။

"ကောင်စုတ် ... ကောင်ပုံ ..."

"အယုတ်တမာ ..."

"ကာလနာ ..."

လမ်းလယ်ခေါင်ကြီးမှာ ကျွန်မတို့သုံးယောက် မတ်တတ်ရပ်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြတာ ဘာနဲ့တူမလဲ မသိဘူးနော်။

လမ်းသွားလမ်းလာတွေကလည်း ကွက်ကြည့်ကွက်ကြည့်နဲ့ ...။

"ဟင် ... ဒါဖြင့် တစ်ရာပေးဝယ်ရတာ အလကားဖြစ်သွားပြီပေါ့ ..."

ကျွန်မ ရေရွတ်သံကို ကေနိုင်ကလည်း ထောက်ခံရေရွတ်တယ်။

"အေးဟယ် ... နမြောစရာကြီး ..."

သံစဉ်ကတော့ နှုတ်ခမ်းနှစ်လွှာ စူပွစူပွ ဖြစ်နေတယ်။ ဘာတွေများ ရေရွတ်ကျိန်နေလည်း မသိပါဘူး။

အဲဒီအချိန်မှာပဲ ခေါက်မုန့်ရောင်းတဲ့ မထွေးဟာ မီးသွေးတွေဝယ်ပြီး ကျွန်မတို့ဘက်ကို ပြန်လျှောက်လာပါတယ်။ ကေနိုင်က လှမ်းခေါ်တယ်။

"အစ်မကြီး ... အစ်မကြီး ..."

မကြားဘူး။ ဒါမှမဟုတ်လည်း မကြားချင်ယောင် ဆောင်



နေတာဖြစ်မယ်။ ဒါပေမယ့် ဘယ်ရမလဲ။ ကေနိုင်ကလည်း ရအောင် သွားခေါ်တယ်။

"အစ်မကြီး ... မထွေး ... ခဏနေပါဦး ..."

"အိမ်ပြန်ဟင်းချက်ရဦးမယ် ... ဘာလုပ်မလို့လဲ ..."

ခုတော့လည်း မထွေးရဲ့လေသံက ခပ်မာမာ ဖြစ်နေပါတယ်။ ကေနိုင်က ...

"အစ်မကြီးရဲ့ မတ်စေ့က အပေါက်ကြီးနဲ့ဆိုတော့ ကျွန်မတို့ သုံးမရဘူး ဖြစ်နေတယ် ..."

မထွေးက အေးအေးဆေးဆေးပါပဲ။

"မရရင် မသုံးနဲ့ပေါ့ဟယ် ... မတ်စေ့က ဘာသုံးရမှာလဲ"

ပြောပြီး သူ့ဟာသူ ဆက်ထွက်သွားတယ်။ မကေနိုင် ကြောင်တက်တက်ကလေး ကျန်ရစ်လေရဲ့။ ကျွန်မကို လှည့်ကြည့်တယ်။ ကျွန်မကတော့ စိတ်ပျက်လက်ပျက်နဲ့ပဲ ရယ်မိပါတော့တယ်။

ကေနိုင်က မကျေနပ်ဘူး။ ဒါပေမယ့် ဘာကိုစိတ်ဆိုးရမယ်မှန်းလည်း မပြတ်သားလှဘူး။ အဲဒီလိုနဲ့ပဲ သုံးယောက်သား ပွစိပွစိနဲ့ ပြန်လှည့်လာခဲ့ကြတယ်။

"မထူးပါဘူး သံစဉ် ... အဲဒီတစ်မတ်ကို နင့်လည်ပင်းမှာပဲ ကြိုးနဲ့ဆွဲထားလိုက်ပါတော့ ..."

"သောက်ကောင်မတွေ ... ဟိုကောင်ကလည်း သောက်ကောင်စုတ် ..."

နောက်ဆုံးကျတော့ ဘာမှမတတ်နိုင်တော့ဘူး။ သံစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး ကျွန်မတို့ ရယ်ဖို့ပဲ တတ်နိုင်တော့တယ်။

သံစဉ်က လှတယ်။ ချစ်စရာလည်း အရမ်းကောင်းတယ်။ သူ ဒေါသထွက်နေပုံလေးက ကြည့်လို့ကောင်းတယ်။ ထူးဝေနဲ့ဆိုရင် ...

အင်း ... လိုက်တာကတော့ လိုက်တယ်။

သူတို့ကို ဖြစ်လည်းဖြစ်စေချင်ပါတယ်။ သံစဉ်မရှိတဲ့အချိန် ကေနိုင်နဲ့ စကားစပ်ပြီး ပြောဖြစ်တော့ ကေနိုင်ကလည်း အဲဒီအတိုင်းပဲ။ ရယ်ရယ်မောမောနဲ့ပဲ သူကတစ်ချက် ထပ်ပြောတယ်။

"အခုတော့ ... သူတို့နှစ်ယောက်ကြားမှာ တစ်မတ်စေ့ကလေး ခြားနေတာပေါ့နော် ..."

သူ့စကားကို တွေးတွေးဆဆနဲ့ပဲ ကျွန်မက တုံ့ပြန်လိုက်တယ်။

"အဲဒီတစ်မတ်စေ့လေးကပဲ သူတို့နှစ်ယောက်ကြားမှာ တံတားဖြစ်ရင်လည်း ဖြစ်သွားမှာပေါ့ဟာ ..."

"အေး ... အဲဒီလိုဖြစ်ရင်တော့ အကောင်းဆုံးပေါ့ ..."

~ ၃ ~



သံစဉ့်ကိုလည်း နှစ်ယောက်သား မသိမသာ အကဲခတ်ဖြစ်ကြတယ်။ သံစဉ်ကလည်း ထူးဝေကို တခြားကောင်လေးတွေလို သဘောမထားတာတော့ သေချာတယ်။ သူ စိတ်မဝင်စားတဲ့ သူတွေကို သံစဉ်ဟာ ဘယ်လိုမှမနေဘူး။ စိတ်ကို မဝင်စားဘူး။ အခု ... ထူးဝေကိုကျတော့ အဲလိုမဟုတ်ဘူးလေ။ တစ်မျိုးတော့ တစ်မျိုးပဲ။

သူ့ကို အသေအလဲ လိုက်နေတဲ့ အောင်ခင်ညွန့်တို့၊ တင်အောင်မျိုးတို့ကို စကားထဲတောင် ထည့်မပြောဖြစ်ဘူး။ ထူးဝေနဲ့ ပတ်သက်လို့တော့ သူ့မှာ စဉ်းစားလိုက်ရတာ။

တစ်နေ့လာလည်း တစ်မတ်စေ့။ နောက်တစ်နေ့လာလည်း ဒီတစ်မတ်စေ့။ ပုံမှန်တော့ မဟုတ်ဘူး။

တစ်နေ့မှာ ... သံစဉ့်ရဲ့ဘကြီး ဦးမောင်မောင်ဆီကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့သုံးယောက် ရောက်သွားကြသေးတယ်။

ကိစ္စကတော့ တခြားမဟုတ်ပါဘူး။ အဲဒီကိစ္စကိုလည်း လမ်းမှာပဲ သံစဉ်က ပြောပြပါတယ်။

"တစ်မတ်စေ့ တောင်းမလို့ ... "

အန်ကယ်ဦးမောင်မောင်ရဲ့ ရုံးခန်းကို ကျွန်မတို့ ရောက်သွားကြပါတယ်။ ကုမ္ပဏီကြီးက ကြီးကျယ်ခမ်းနားလှတယ်။ ဦးမောင်မောင်ရဲ့ ရုံးခန်းကလည်း တောက်ပြောင်ထည်ဝါနေပါယ်။ အလုပ်ရှုပ်နေတဲ့ အန်ကယ်ဦးမောင်မောင်ဟာ ... သူ့ အင်ဟန်ချစ်တဲ့ တူမကလေး ရုံးခန်းကို မလာစဖူးလာလို့ ပျာပျာသလဲ ကြိုဆိုရှာတယ်။

"ဟဲ့ ... သမီးလာ ... သမီးတို့လည်း လာကြ ... ထိုင်ကြ"

ဦးမောင်မောင်က သူ့ကိစ္စတွေကို သူဖြတ်ချပစ်လိုက်ပါတယ်။ ဝန်ထမ်းတွေကို အခန်းထဲကနေ ပ,ထုတ်လိုက်တယ်။ အကျွေးအမွေးနဲ့ ဧည့်ခံ။ အာလပသလ္လာပ နည်းနည်းပါးပါး ပြောပြီးတော့ သူ့တူမကို မေးတယ်။

"ကောင်မလေး ... ခုလာတာ ကိစ္စပါလာသေးလား"

"ပါတယ် ဘ ... "

"အင်း ... ဆိုပါဦး ... ဘာများဖြစ်လို့လဲ ... "

"မုန့်ဖိုးတစ်မတ်လောက် တောင်းမလို့ ... "

ပြောပြီး သံစဉ်က ရယ်ပါတယ်။ ဦးမောင်မောင်လည်း



လိုက်ရယ်ပါတယ်။ ဒီအတိုင်းကြီး ထိုင်မနေချင်တာနဲ့ ကျွန်မတို့လည်း လိုက်ရယ်ကြပါတယ်။

ရယ်သံတွေအဆုံးမှာ ဦးမောင်မောင်က မေးတယ်။

"မုန့်ဖိုးတစ်မတ်ဆိုတာ မများဘူးလား သမီးရဲ့ ... "

သံစဉ်က ဘာမှပြန်မပြောဘူး။ ဆက်ရယ်နေတယ်။

"အေး ... အေး ... ရမယ် ... ပေးမှာပေါ့ ... ပြန်ရင် ယူသွား ... ဟိုကောင်ကော ဘုရားတရား လုပ်ရဲ့လား ... "

ဦးမောင်မောင်က တစ်မတ်အကြောင်း ဆက်မပြောတော့ဘဲ သံစဉ့်အဖေ၊ သူ့ညီအကြောင်းကိုပဲ ဆက်မေးတော့တယ်။ မိသားစုကိစ္စ၊ ဆွေမျိုးသားချင်းကိစ္စ၊ စီးပွားရေးကိစ္စ ... ။

အဲဒါတွေနဲ့ပဲ သူတို့တူဝရီးရဲ့ စကားဝိုင်း အချိန်အတော်ကြာသွားတယ်။ နောက်ဆုံး သံစဉ်က ...

"ဘဘ ... သမီး ပြန်တော့မယ် ... "

"အေး ... အေး ... "

ဦးမောင်မောင်က စားပွဲပေါ်ကဖုန်းကို ကောက်ကိုင်တယ်။ 'ငွေတစ်မတ် ယူလာခဲ့' လို့ ပြောသံကြားတယ်။ လူတစ်ယောက် ဝင်လာတယ်။

"ကဲ ... သမီး၊ အဲဒီမှာ ... "

သံစဉ် ပါးစပ်အဟောင်းသားလေး ဖြစ်သွားတယ်။ ကျွန်မတို့လည်း ဘာဝင်ပြောရမလဲ မသိဘူး။ စားပွဲပေါ်မှာက ငွေနှစ်သောင်းငါးထောင်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … ယူသာသွား သမီး၊ အဲဒီမှာ တစ်မတ်အတိပဲ … "

တစ်မတ်အတိဆိုတဲ့ စကားလုံးကြီးကကို ဘယ့်နှာမှန်း
မသိဘူး။

"မဟုတ်ဘူး ဘဘ … သမီးပြောတာက ဒီတစ်မတ်မဟုတ်
ဘူး … တကယ့်တစ်မတ် … တစ်မတ်စေ့ကိုပြောတာ"

"ဟေ … "

ဒီတစ်ခါ ပါးစပ်အဟောင်းသား ဖြစ်သွားရတာက ဦးမောင်
မောင်ပါ။

"မတ်စေ့ … တစ်မတ်စေ့ … ဟုတ်လား … "

"ဟုတ် … "

"အဲ … အဲဒါကတော့"

ဦးမောင်မောင် သူ့နဖူးကိုသူ ပွတ်ပါတယ်။

"သမီးကလည်းကွာ … အဲဒီ တစ်မတ်စေ့ကို ဘာလုပ်မလို့
လဲ … ဘ,မှာ ဘယ်ရှိမှာလဲ"

သစ်ဥက မပြောဘူး။

"သမီး လုပ်စရာရှိလို့ … "

ဦးမောင်မောင် နဖူးကိုသာ နာနာပွတ်နေသည်။ သူ့တူမ
ကိုလည်း စေ့စေ့ကြည့်တယ်။ ဘာမှမပြောတော့ဘဲ … 'အဟဲ' လို့
ရယ်တယ်။ ခဏကြာမှ …

"အေး … အေး … ဘဘ ရှာထားလိုက်မယ်၊ တွေ့တဲ့အခါ
ကျရင် ပြောမယ် … "



"တကယ်ရှာလိုက်နော် … ဘဘ … "

"အေးပါ … "

"တွေ့ရင်ပြော … "

"အေးပါ … "

ဦးမောင်မောင် ကုမ္ပဏီကနေ ပြန်လာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာ သံစဉ် ရှေ့ကနေ ဆက်ရက်နှစ်ကောင်
ဖြတ်ပျံသွားတယ်။ ကေနိုင်က ထအော်တယ်။

"ဝမ်းဖော်ဆောရီး
တူးဖော်ဂျွိုင်း
သရီးဖော်လက်တာ ... "

ကျွန်မက ဝင်ဖြည့်ပြောလိုက်တယ်။

"အခု သံစဉ်တွေ့တာ နှစ်ကောင်ကည်း ... တူးဖော်ဂျွိုင်း (Two for joy) ဆိုတော့ သံစဉ် ပျော်ရတော့မှာပေါ့ ... "

သံစဉ်က ဟိုလိုလို သည်လိုလို လုပ်နေတယ်။ ဘာမှ ဝင် မပြောဘူး။ ကျွန်မကပဲ ဆက်ပြောလိုက်တယ်။

"တစ်မတ်ရလို့ ပျော်ရမှာလား ... ချစ်သူရလို့ ပျော်ရမှာ လား ... "

ကေနိုင်ကတော့ ... ကလေးလေးလို နေတတ်တာကိုး ဆက်ရက်တွေဆီ လှမ်းအော်မေးတယ်။



"ဆက်ရက်ကလေးတို့ရေ ... ဖြေသွားစမ်းပါ ... "

အဲဒီတုန်းက ညနေဟာလှလို့။ ရွှေရောင်ရွှေရည်တွေနဲ့ တောက်ဝင်းစိုပြည်လို့။ အဲဒါကို ကျွန်မတို့ ခံစားတတ်ခဲ့တယ်။ ဒါပေမယ့် ...

ညနေဟာ ညရဲ့အကြိုဆိုတာကိုတော့ ...
ကျွန်မတို့ ...
မေ့နေခဲ့မိတယ်လေ ... ။

www.burmeseclassic.com

www.burmeseclassic.com



ရှုံးတယ်ပဲဆိုဆို
အဲဒီတိမ်တိုက်တွေကို
မနာလိုပါဘူး ... ။

'(မဝေနှာ်ပသရှိ) ၏
(မိုးပြဲတိုက်အလွှန်) ကဗျာစုမှ ...'

www.burmeseclassic.com

www.burmeseclassic.com



"အချစ်မှာ နစ်သွားတဲ့လူဟာ
ပင်လယ်မှာ နစ်သွားတဲ့လူနဲ့
အတူတူပဲ ဖြစ်လိမ့်မယ် ...
အချစ်မှာ ... ပင်လယ်ဆန်တဲ့ အနုပညာရှိတယ် ..."

နားလည်ရခက်သော သူစကားကို အလင်းချို ဆက်ရှင်းသည်။

"အချစ်ဟာ ...
တစ်ခါတစ်ခါ လေညင်းဆန်တယ်၊
တစ်ခါတစ်ခါ မုန်တိုင်းဆန်တယ်၊
တစ်ခါတစ်ခါ လှလို့ပလို့၊
တစ်ခါတစ်ခါကျတော့လည်း ...
အကျည်းတန်နေပြန်ရော ..."

"အချစ်ကို ဖြတ်ကူးရတာ
ပင်လယ်ကို ဖြတ်ကူးရသလိုပါပဲ ..."

ကဗျာဆရာသည် ကဗျာဆန်သော ဒဿနနှင့်အတူ
ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြရန် အားယူသည် ...။

# ပင်လယ်ဂီတ



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ သုံးယောက်လုံး အတူတူ လက်ဖက်ရည်သောက်နေကြတာပါ။ အဲဒီနောက်မှာလည်း သုံးယောက်လုံး အတူတူ စကားထိုင်ပြောနေကြတာပါပဲ။ နောက်တော့ စကားပြောနေကြတာက ကျွန်တော်နဲ့ ထူးဝေပဲ ဖြစ်သွားပါတယ်။

သတိရလို့ လှမ်းကြည့်မိတော့ ဇေယျက အတော်တောင် ခရီးရောက်နေပြီ။ ပါးစပ်ကလည်း ပွစိပွစိနဲ့။

ထူးဝေနဲ့ ကျွန်တော် ... တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြီး မေးလိုက်တယ်။

"ဟေ့ကောင် ... ဘာလုပ်နေတာလဲ ..."

ကျွန်တော်တို့ရဲ့ အမေးကို သူက ချက်ချင်းပြန်မဖြေအားသေးဘူး။ လက်ကာပြတယ်။ ပြီး ... စာရွက်ပေါ်မှာ ဘောလ်ပင်နဲ့ ချရေးတယ်။ ပြီးမှ ...

"ငါ ... ကဗျာစပ်နေတာ ..."

"အောင်မာ ... ရာရာစစ ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုအားကျလို့ ငါ ကဗျာစပ်နေတာ ..."

"အောင်မာ ... လာလာချည်သေး ..."

ထူးဝေက ဒီကောင်ရေးနေတဲ့ စာရွက်ကို ရုတ်တရက် ဆွဲလုလိုက်တယ်။

"ပြစမ်း ..."

ပြီးတော့ ကျွန်တော်ရယ်၊ ထူးဝေရယ် ခေါင်းချင်းဆိုင်ပြီး ဖတ်ကြတယ်။ ပြုံးလည်း ပြုံးမိကြတယ်။ ဇေယျာက အလာကြီးပဲ။

"အလင်းတစ်အုပ် ... နှင်းတစ်ဆုပ်နဲ့ ... ဒါပဲလား ... ပြီးတော့ ဘာဆက်ဖြစ်သေးလဲ ..."

"ဘာမှဆက်မဖြစ်သေးဘူးကွ ... ငါလည်း အဲဒါပဲ စဉ်းစားလို့ ရသေးတယ်"

ထူးဝေက ဝင်ပြောတယ်။

"ငါ ထပ်စပ်လိုက်ရမလား ..."

"ဟာ ... ဟေ့ကောင် ... မလုပ်နဲ့ ..."

ဇေယျာက တားတယ်။ ကဗျာကယာကိုတားတယ်။ ဒါပေမယ့် မမီတော့ဘူး။ ထူးဝေရဲ့ ပါးစပ်က ထပ်စပ်နေပြီ။

"အလင်းတစ်အုပ်၊ နှင်းတစ်ဆုပ်နဲ့ ... အင်း ... အလင်းတစ်အုပ်၊ နှင်းတစ်ဆုပ်နဲ့ ပုလင်းရုပ်ပေါက်နေတဲ့ မောင်ပါကွယ် ... ဟဲ ဟဲ ... ပြီးသွားပြီ ..."

"ဟာကွာ ..."

ဇေယျာ စိတ်ပျက်သွားတယ်။ ကျွန်တော်က ရယ်မိတယ်။ ဇေယျာလည်း မျက်နှာတည်မထားနိုင်ဘဲ လိုက်ရယ်တယ်။



"ဟေ့ကောင် အေလင်းချို ... ဒီကောင် 'ကဗျာ' ကို စော်ကားနေတယ် ..."

"အေး ... ဒီကောင်ကို ငါတို့ ဆုံးမရမယ်"

ဇေယျာက ...

"တွေ့ကြသေးတာပေါ့ ..."

အကျႌလက်ကို ပင့်တင်တယ်။ ထူးဝေနဲ့တည့်တည့် မျက်နှာချင်းဆိုင်လိုက်ပြီး ရန်ပြုတဲ့စကားကို ပြောတယ်။ ဒါပေမယ့် ... နဘောနဲ့ပါပဲ ...။

"ငါ့ဘာသာငါ ပုလင်းရုပ်ပေါက်တော့ မင်းအလုပ်လား"

ကျွန်တော်ကလည်း ဝင်ပြောလိုက်တယ်။

"အေး ... ဒီကောင့်ကို ငါတို့ နားရင်းအုပ်ရအောင် ..."

"ဟ ... ဟ ... အတင်းမချုပ်နဲ့လေ ..."

သူ့ကို ကျွန်တော် ချုပ်လိုက်တော့ ထူးဝေက အဲဒီလို အော်တယ်။

"မကျေနပ်ရင် ... မင်းကို ငါတို့ ဘယ်နှစ်ချက်ရိုက်တယ် ဆိုတာ စာရင်းလုပ်ထား ..."

"ရပါတယ် ... ငါကတော့ သီချင်းတစ်ပုဒ်နဲ့ပဲ ကျေအေးမှာပါ ..."

"ဘာသီချင်းလဲ ... မကျေနပ်ဘူး ဆိုတဲ့ သီချင်းလား"

"ကောင်းကောင်းကန်းကန်းပါ ... ကမ္ဘာမြေငြိမ်းချမ်းပါစေ ... ဆိုတာမျိုးပေါ့ ..."

"အေး ... အဲဒီလိုပဲရမယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်း မဟုတ်ပါဘူး။ ပြီးတော့လည်း ရယ်ဖြစ်ကြတယ်။

လက်ဖက်ရည်ဆိုင်က ထပြန်ခဲ့ကြတယ်။ ညနေစောင်းနေပြီ။

"အင်းလျားကန်စောင်းမှာ လမ်းသွားလျှောက်ရအောင်ကွာ ..."

ထူးဝေ ပြောတာပါ။ ကျွန်တော်နဲ့ ဇေယျကတော့ စပ်ဖြဖြပေါ့။ ခုတလော ဒီကောင် စိတ်ကူးတွေယဉ်ပြီး ကဗျာတွေဆန်နေတယ် ...။

"သွားရင်လည်း သွားလေ ..."



သုံးယောက်သား အင်းလျားကန်စောင်းကို ရောက်လာကြတယ်။ အင်းလျားဟာ လေညင်းချိုချိုကို မြှီယူဝတ်ဆင်ထားသည်။ လေအယူမှာ သူ့ကိုယ်သူ ယိမ်းနွဲ့ပေးနေရင်းက အင်းလျားဟာ အင်းလျားဆန်စွာ လှလို့။

ဟိုးအဝေးမှာ တိမ်ဖြူတွေ၊ ကောင်းကင်လမ်းမှာ ယဉ်ယဉ်မော့မော့ ကူးခတ်ပြေးလွှားနေကြတယ်။

သုံးယောက်သား ဘာစကားမှ မဆိုဘဲ ငြိမ်နေမိရဲ့ ...။ အတော်ကြာမှ ကျွန်တော်ကပဲ တိတ်ဆိတ်မှုကို သတ်ပစ်လိုက်တယ်။

"ထူးဝေ ..."

"ဟင် ..."

"သံစဉ်တို့ကသာ တစ်မတ်ရာတွေ့ရင် ... မင်း ဘာကယ်သေရမလို ဖြစ်နေပါရော့လား ..."

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေက ရယ်နေတယ်။ ဇေယျာက ဝင်ဖြေတယ်။

“ဘာလို့ တကယ်သေပေးရမှာလဲကွ … အဲဒီကျတော့လည်း အဲဒီအလျှောက်ပေ့ါ၊ နည်းလမ်းပေါ်လာမှာပေ့ါ …”

ထူးဝေက သူ့ဘာသာ ခပ်တိုးတိုး ရယ်လို့အဆုံးမှာ …

“သေတယ်ဆိုတာလည်း သိပ်ကြောက်ရမယ့် ကိစ္စမဟုတ်ပါဘူး အေလင်းချို … မင်း ဟဲမင်းဝေးရဲ့ ခေါင်းလောင်းသံဝတ္ထု ဖတ်ဖူးတယ် မဟုတ်လား …”

“ဘာလဲ … From whom the bell toll ကို ပြောတာလား”

“အေး … ဘာလဲ၊ မင်းဖက်ဆစ်တွေကြားထဲမှာ ဇာတ်ကောင်က ဒဏ်ရာရပြီး သတ်သေသွားတာကို ပြောမလို့လား”

“အင်း ဟုတ်တယ် … ဒါပေမယ့် သူ ပျော့ညံ့လို့ သတ်သေရာမှမရောက်ဘဲ … အေးအေးဆေးဆေး သူ ဖြေရှင်းတယ် … သေခြင်းတရားကိုပဲ ခေါင်းကိုက်ပျောက်ဆေးအဖြစ် သုံးရတော့မယ်ဆိုပြီးတော့ ကိုယ့်ဟာကိုယ် သတ်သေလိုက်တာ …”

“အင်း … ဟုတ်တယ် … ငါ မှတ်မိတယ် …”

“အဲဒီမှာဆိုလို့ရှိရင် ရှင်ခြင်းနဲ့သေခြင်းမှာ သေခြင်းကို ရွေးလိုက်တာဟာ အမှန်တရားပဲ … သူ သေလိုက်ခြင်းက သူ့ကိုယ်သူ ကယ်တင်လိုက်ခြင်းပဲ …”

“အင်း ဟုတ်တယ် … ငါလည်း အဲဒီလို မြင်တယ်”

ဇေယျာက ဖြတ်မေးတယ်။

“ဘာလဲ ထူးဝေ … သူတို့မတ်စေ့ရရင် မင်း တကယ်သေပေးလိုက်မလို့လား …”



ထူးဝေက မျက်နှာမော့ပြီး ရယ်လိုက်တယ်။

“အဲဒီလိုတော့ မဆိုလိုပါဘူး … ဒါပေမယ့် သေခြင်းတရားဆိုတာ လူများစု ကြောက်ရွံ့နေရလောက်အောင် အဆိုးအရွားကြီး မဟုတ်ဘူးလို့ ပြောချင်တာပါ …”

စကားဝိုင်းက ပြန်လည်ငြိမ်သက်သွားတယ်။ အင်းလျားရေလှိုင်းဟာ ရစ်သမ်မှန်မှန်နဲ့ ယိမ်းထိုးခုန်ကနေတယ်။ ရေပြင်ကိုဖြတ်တိုက်လာတဲ့လေဟာ ကျွန်တော်တို့ရဲ့ ရင်ဘတ်တွေကို အေးနွေးစင်ကြယ်စေတယ်။

အမှောင်ပျိုးလာပြီ …။ အိပ်တန်းပြန်နောက်ကျတဲ့ ငှက်ကလေးတွေဟာ အလင်းညိုညိုမှာ လေဆန်ပိုးတဝါး …။ အရိုင်းမြက်တွေကြားမှာ အရိုင်းပန်းတွေလည်း ပွင့်နေကြတယ်။

“ထူးဝေ …”

“ပြော … သူငယ်ချင်း …”

အမှောင်ကဲလာချိန်မို့ အတူတွဲထိုင်နေကြတဲ့ ကျွန်တော်တို့တစ်တွေ တစ်ယောက်မျက်နှာတစ်ယောက် မမြင်သာတော့ဘူး။ အဲလိုအချိန်မှာ ကဗျာဆန်တဲ့စကားတွေ ပြောရတာကိုက ကဗျာပါပဲ …။

ဒါပေမယ့် … အချစ်ကဗျာလား၊ အလွမ်းကဗျာလားဆိုတာကိုတော့ ကျွန်တော်အပါအဝင် ဘယ်သူကမှ သဲကွဲလိမ့်မယ် မထင်ပါဘူး …။

“အင်္ဂလိပ်စကားတစ်ခွန်းရှိတယ် … သူတစ်ပါးကို ချစ်တာကောင်းပါတယ်၊ အဲဒီအချစ်ကို တုံ့ပြန်ခံရရင် ပိုကောင်းတယ်တဲ့”

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေ ဘာမှပြန်မပြောဘူး။ ဧယျာကလည်း တစ်ခွန်း ဝင်ပြောတယ်။

"ဟုတ်တယ် ထူးဝေ ... ငါ့သူငယ်ချင်း တာရာမင်းဝေရဲ့ ဝတ္ထုထဲမှာလည်း စာပိုဒ်တစ်ပိုဒ် ငါ ဖတ်ဖူးတယ် ..."

ကျွန်တော်က ဝင်မေးလိုက်တယ်။

"ဘာတဲ့လဲ ..."

"တစ်ယောက်ကိုတစ်ယောက်က ချစ်တယ်ဆိုတာ ... ဘုရားစိုက်တဲ့ ပန်းကလေး ပွင့်လာတာပါ ... တဲ့"

ထူးဝေက ဘာမှပြန်မပြောပြန်ဘူး။ သူ့စကားကို စောင့်ရင်း ကျွန်တော်တို့လည်း နှုတ်ပိတ်နေမိကြတယ်။

ခဏအကြာမှာ ဧယျာက ...

"ထူးဝေ ... တစ်ခုခုတော့ ပြောကွာ ..."

ထူးဝေ ခေါင်းညိတ်ပြတာကို အမှောင်ထဲမှာ မပီမပြင် မြင်ရတယ်။

နောက် ... ထူးဝေရဲ့ စကားသံက တိုးရှရှ အက်ကွဲကွဲ ကလေး ထွက်လာတယ်။

"အချစ်ဆိုတာ ... ရှေးဦးလူ့သမိုင်းမှာ မတွေ့ရဘူးတဲ့ ... တိုးတက်ယဉ်ကျေးလာတဲ့ လူ့သမိုင်းမှာမှ ... အချစ်ကို တစ်ထီးတစ်နန်း တွေ့မြင်လာရတယ် ... သံစဉ်ကို ချစ်မိတဲ့အတွက် ငါ နောင်တမရပါဘူး၊ ငါ့အတွက် အကောင်းနဲ့ကြုံသည်ဖြစ်စေ ... အဆိုးနဲ့ ကြုံသည်ဖြစ်စေပေါ့လေ ... ငါ သူ့ကိုချစ်မိတာ ငါ့မှာ အချစ်ဆိုတဲ့အရာ တည်ရှိလာတာ အားလုံးဟာ ... ငါ ... ယဉ်ကျေးတိုး



တက်လာတယ်လို့ပဲ ငါကိုယ်ငါ ယူဆတယ် ..."

ဘာစကားမှ ဆက်မပြောဖြစ်ကြတော့ဘူး။ အင်းလျားက ပြန်လာတဲ့အချိန်မှာ လမင်းဟာ အရှေ့ဘက်ကောင်းကင်ဆီ ဦးတည် ပျံသန်းဖို့ ...

အိပ်တန်းက နိုးထလာခဲ့ပြီ ... ။

အဲဒီညက ... ထူးဝေနဲ့ သံစဉ်အကြောင်း စဉ်းစားရင်း ကျွန်တော် အိပ်မရဘူး။ သူတို့ကိုလည်း ကံကြမ္မာက ဘယ်လိုအားမျိုးနဲ့မှ ခုတ်ခွဲတာကို လက်မခံနိုင်ဘူး။ မဖြစ်စေချင်ဘူး။ ကျွန်တော်က ကဗျာတစ်ပုဒ် ရေးဖြစ်တယ်

နှင်းသည်းသည်း လှုပ်ရှနေတယ်၊
သည်လမ်းတစ်လျှောက် ပင်ရိုင်းတွေ နှင်းရည်မိုဆဲ
မဝနိုင်သေး ဖြည်းဖြည်းပေါ့ ...
ဆောင်းသက်တစ်ဝက်မှ မပြည့်သေးမီ
ရောက်မလာချင်နဲ့ဦး 'နွေ' ...

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာပဲ … သူတို့ ပြဿနာထဲ လူကိုယ်တိုင် ကျွန်တော် ဝင်ပါမိပါရော။ ကျွန်တော်က ကျွန်တော့်ဘာသာ နေတာပါ။ သူတို့ပြဿနာကသာ ဘုရားဖူးလှည့်ရင်း ကျွန်တော့်ကို ဝင်တိုင်ကြတာ။

ကျွန်တော်က ဘုရားမှာ လိပ်ဥလေး ဘာလေးများ ရှိမလားဆိုပြီး လျှောက်ရှာနေတဲ့အချိန် ရော်ဘင် Robin ငှက်ကလေးတွေလိုလုတဲ့ သူတို့က ဆက်ရက်ကလေးတွေလိုညံ့ပြီး ဘုရားပေါ်ကို ရောက်လာတယ်။

ဆက်ရက်နံပါတ်တစ်က သံစဉ်ဆိုရင် နှစ်နဲ့သုံးက ကေခိုင်နဲ့ မိုးကြည်ကြည်ဝေပေါ့။

"ဟဲ့ ဟဲ့ … ဟိုဘက်သွားဦးမယ် …"

"ဟဲ့ … လက်ယာရစ်လေ … ဒီဘက်က ပတ်ရမှာ"

"ဟယ် … ဟိုနတ်ရုပ်ကြီးက ဆရာဦးကိုကိုအောင်နဲ့ တူတယ်တော့ …"



"ဟို ဘီလူးကြီးကျတော့လည်း မျိုးသန်းအတိုင်းပဲ"

ကျွန်တော် စိတ်လည်းညစ်၊ စိတ်လည်းဝင်စားသွားတယ်။ သူတို့ ယကြာလာချေတာလားလို့ပါ။ ဘာကိစ္စလဲ မသိဘူး။ ဘုရားဖူးဖို့သက်သက်ဆိုရင်တော့ လေးစားရမှာပေါ့။

သူတို့က ကျွန်တော့်ကို မြင်သွားတယ်။

"ဟယ် … ဟိုမှာ … ဘီလင်းငှနဲ …"

"ဟာ … ဟိုမှာ … ဟိုမှာ … စီလင်းစပ် …"

"ပြော် … အေလင်းချိုဟဲ့ …"

ကျွန်တော် လစ်ထွက်လာရတယ်။ မကျေနပ်လည်း ဘာမှ မတတ်နိုင်ဘူး။ သူတို့က အုပ်စုတောင့်တာကိုး။ စောင်းတန်းတစ်ခုမှာ ငြိမ်ငြိမ်ကလေး ဝင်ထိုင်နေလိုက်တယ်။

ဒါပေမယ့် မကြာပါဘူး … ။ စေတီကို တစ်ပတ်ပတ်ရင်း ကျွန်တော့်ရှေ့ဘက်ကို သူတို့ ရောက်လာကြပြန်ရော။ ကံကောင်းချင်တော့ ဒီတစ်ခါ သူတို့က ကျွန်တော့်ကို မမြင်ဘူး။ ကံဆိုးချင်တော့ သူတို့က ကျွန်တော့်ကို ကျောပေးပြီး ဗိတ်ထိုင်နေတယ်။

"ဟယ် … ငါတို့ ဘာမှလည်း မလှူကြရသေးဘူး"

"ဘာအတွက်လဲ … ဘယ်သူ့ကို ရည်စူးပြီးလှူမလဲ … ဟဲ ဟဲ … သံစဉ့်အတွက်ပဲ ထူးဝေကို ရည်စူးပြီး လှူလိုက်တာပေါ့ဟာ …"

"ကောင်မတွေနော် …"

နောက်မှာ ကျွန်တော် မလှုပ်ရဲဘူး။ သူတို့ ဘာဆက်ပြောမလဲဆိုတာကိုလည်း နားစွင့်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... "

မိုးကြည်ကြည်ဝေက အလန့်တကြား အာမေဋိတ်သံပြု တယ်။

"ဘာလဲ ... ဘာလဲ ..."

"ဟိုမှာ ... ဟိုမှာ ကြည့်စမ်း ..."

အရှေ့ဘက်တန်စောင်းထဲက ဆုံလည်ကြီးနဲ့ လည်နေတဲ့ အလှူခံခွက်တွေဆီကို လက်ညှိုးထိုးပြတယ်။ အဲဒီဖလားကြီးထဲကို အကြွေစေ့နဲ့ လှမ်းလှမ်းပစ်ထည့်ရတာ။

ကံကောင်းချင်တော့ မိုးကြည်ကြည်ဝေရဲ့ ဆိုလိုရင်းကို ကျွန်တော် ရိပ်မိလိုက်တယ်။

ကံဆိုးချင်တော့ သူတို့အုပ်စုကို အကြွေမလဲပါနဲ့ဆိုပြီး ဂေါပကလူကြီးကို ကျွန်တော်က လိုက်တားလို့မရဘူး။

သူတို့ဟာ ရော်ဘင် (Robin) ငှက်ကလေးတွေလို ခေါင်း ခါခါ လည်ခါခါလုပ်ပြီး ဆက်ရက်ကလေးတွေလို ကြော့ကြော့မော့ မော့ ပျံထွက်သွားတယ်။

အကြွေတွေ လဲပေးနေတဲ့ ဂေါပကလူကြီးဆီကိုပါပဲဗျာ။ တန်းနေတာပဲ။

"ဦး ... သမီးတို့ကို မတ်စေ့ပေးပါ ... မတ်စေ့ ..."

သူတို့ရထားတဲ့ ကျပ်စေ့တွေကို ငုံ့ကြည့်ပြီး မတ်စေ့နဲ့ လဲခိုင်းတယ်။ ကံကောင်းချင်တော့ ဂေါပကလူကြီးက ခေါင်းခါပြ တယ်။



"မတ်စေ့မရှိဘူး သမီးရဲ့ ... မတ်စေ့က ရှားနေပြီ"

"ဟာ ..."

"ဟယ်တော် ..."

"ဦးလေးကြီးက မမိုက်ပါဘူး ..."

ကံဆိုးချင်တော့ ခုမှရောက်လာတဲ့ ဂေါပကလူကြီးတစ် ယောက်က ...

"သူတို့ မတ်စေ့လိုချင်ရင် လဲပေးလိုက်ပါ ... အခန်းထဲက ရေအိုးစင်ထောင့်မှာရှိတယ်၊ ကလပ်ကလေးနဲ့ ထည့်ထားတယ် ... ငွေသိမ်းပြီးမှ သူ့နေရာသူ ပြန်ထားလိုက်ပေါ့ ..."

"ဒီလိုမှပေါ့ ဦးလေးကြီးရဲ့ ..."

"ဒါကြောင့် ... သမီးတို့က ဦးလေးကြီးကို အဝေးကြီး ကတည်းက ကြည့်နေတာ ... ဂရိဂရီပက်နဲ့ တူတယ်လို့ ..."

ကမ္ဘာကျော်ရုပ်ရှင်မင်းသားကြီးနဲ့ တူတယ်လို့ မြှောက် တာပါ။ ဦးလေးကြီးက နားမလည်ပါဘူး။

"ဘာပြောတယ် ... ဘာပက် ..."

ဒါပေမယ့် သူတို့ကလည်း ဦးလေးကြီးပြောတာကို မကြား တော့ပါဘူး။ မတ်စေ့လေးတွေရတာနဲ့ မခုန်ရုံ မပေါက်ရုံတမယ် အလှူခံဖလားတွေဆီကို အယုံသွင်းပြီး ထွက်သွားတယ်။

ကျွန်တော် ထိုင်နေလို့ မဖြစ်တော့ဘူးလေ။ ထ,ရတယ်။ ရိုးရိုးထရုံနဲ့လည်း ဘာမှမထူးဘူး။ သူတို့နောက်ကို မသိမသာ ကပ်

www.burmeseclassic.com

www.burmeseclassic.com



သွားရတယ်။ ဘယ့်နှယ့်လုပ်ရပါ့မလဲလို့လည်း ခေါင်းထဲမှာ အမေ
စဉ်းစားနေရတယ်။

"ကျန်းမာပါစေ ... "

"ဂလောက် ... "

"ဝင်တယ်ဟေ့ ... "

"ချမ်းသာပါစေ ... "

"ဂလောက် ... "

"ဒါလည်း ဝင်တာပဲ ... ချမ်းသာဦးမယ်"

သူတို့ ပျော်နေတယ်။ အဲဒီအချိန်အထိ ဘယ်လိုလုပ်ရ
မလဲဆိုတာကို ကျွန်တော် စဉ်းစားလို့မရသေးဘူး။

ကံကောင်းချင်တော့ သူတို့ဘာသာ တီးတိုးပြောနေ
စကားတွေကို ကျွန်တော်က နောက်ဘက်ကကြားနေရတယ်။

"ဟဲ့ ... နောက်ဆုံးမတ်စေ့ကို မပစ်နဲ့ ... သိမ်းထားလို့
မသိမသာ ဝှက်ထားလိုက် ... "

"အေးပါဟ ... "

နောက်ဆုံးတစ်မတ်စေ့ကို သူတို့မပစ်တော့ပါဘူး။

သံစဉ်က သူ့ပိုက်ဆံအိတ်ထဲကို ထည့်လိုက်တယ်။ အ
နေရာကနေ ချက်ချင်းခွာဖို့ သူတို့ခြေဦးအပြင်မှာ ...

"ဟဲ့ ... သံစဉ် ... "

ကျွန်တော်က သူတို့ကို အခုမှမြင်သလို အော်ကြီးဟ



...ယ် ခေါ်လိုက်တယ်။ သူတို့အားလုံး လန့်သွားပြီး ကျွန်တော့်ကို
...ည့်ကြည့်တယ်။

ကျွန်တော်က ဂေါပကလူကြီးတွေ မကြားကြားအောင်

"လူရင်လည်း အကုန်လူလေဟာ ... ဘာကိစ္စ ပိုက်ဆံ
...စ်မတ်ကို ဖွက်ယူသွားရတာလဲ ... မယူကောင်းဘူးဟ ... ဘုရား
...က်ဆံကို ... "

"အဲ ... "

သူတို့မျက်နှာလေးတွေ ငယ်သွားတယ်။ ဂေါပကလူကြီး
...တွေဘက်ကို လှည့်ကြည့်တယ်။ ဂေါပကလူကြီးတွေကလည်း
...က်မှန်တဝင်းဝင်းနဲ့ ...

"သမီးတို့ အဲလိုမလုပ်ရဘူးနော် ... လဲသွားတဲ့အကြွေ
...ေ မယူရဘူး ... ဒီခွက်ထဲပဲ ပြန်ပစ်သွားရမှာ"

သံစဉ်က ရှေးဆစ်နေသေးတယ်။

"တစ်စေ့တည်းပါ ... "

"မလုပ်ရဘူး ... မလုပ်ရဘူး"

ကျွန်တော်ကလည်း ဝင်အော်ပေးလိုက်တယ်။

"အေး ... ဟုတ်တယ်၊ မလုပ်ရဘူး၊ မလုပ်ကောင်းဘူး"

သံစဉ်နှုတ်ခမ်းက ရော်ဘင် (Rubin) ငှက်ကလေးရဲ့ နှုတ်
...လို ချွန်ထွက်လာတယ်။ စူစူအောင့်အောင့်နဲ့ ပိုက်ဆံအိတ်ထဲ
... မတ်စေ့ကို ပြန်ထုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ ဂေါပကလူကြီးအားလုံးရှေ့မှာပဲ ဆုံလည် ဖလားတစ်ခွက်ထဲကို ပစ်ထည့်လိုက်တယ်။

"ဂလောက် ..."

"ဟား ဟား ..."

ကျွန်တော် ထရယ်လိုက်တယ်။ တစ်မတ်စေ့လေး ဝင်သွားတဲ့ ခွက်ကိုလည်း သူတို့ကို လက်ညှိုးထိုးပြလိုက်တယ်။ သူတို့ လိုက်ကြည့်ကြတယ်။ ကြည့်သောသူ မြင်၏ဆိုတဲ့ စကားအတိုင်း သူတို့ တွေ့မြင်ကြပါလေရဲ့။

ခွက်မှာ ရေးထားတဲ့ စာသားက ...

"ချစ်သောသူနှင့် ပေါင်းရပါလို၏ ..." တဲ့။

သူတို့ ဒေါ်တွေကန်ပြီး ပြန်သွားကြတယ်။ ကံကောင်းချင်တော့ သူတို့ရဲ့ အကြံအစည်ကို ကျွန်တော် အချိန်မီ တားလိုက်နိုင်တယ်။ ကံဆိုးချင်တော့ သူတို့ကို အဲသလို လိုက်တားရတာနဲ့ပဲ ဘုရားပေါ်မှာ ကျွန်တော့်ဖိနပ်က ဘယ်နေရာကျန်ခဲ့မှန်း မသိဘူး။

ပိုက်ဆံအပိုလည်း ပါမလာလို့ ... ကိုယ့်အိမ်ကိုယ် ခြေထောက်ပလိန်းသက်သက်နဲ့ ပြန်ခဲ့ရပါတယ်။

အဲဒီညနေပေါ့ ...

ကောင်းကင်မှာ တိမ်တွေပုံသဏ္ဍာန်မျိုးစုံ ပေါ်လိုက်ပျက်လိုက် ဖြစ်နေတာကိုကြည့်ပြီး ထူးဝေနဲ့ သံစဉ်တို့ရဲ့ ရှေ့ရေးနိမိတ်ကို လိုက်တွေးကြည့်နေမိသေးတယ်။ ကဗျာတစ်ပုဒ်လည်း ရေးဖြစ်တယ်။

ကဗျာနာမည်က 'တိမ်ရေးရုပ်' တဲ့ ...။



အဲဒါ ...
သိုးလေးတစ်ကောင် ထိုင်နေတာလေ

မဟုတ်ဘူး ... မဟုတ်ဘူး
လူတစ်ယောက် ပုဆစ်တုပ်ထိုင်ရင်း
ဟင်းလင်းပြင်ကို မော်ကြည့်နေတာ

မဟုတ်ဘူး ... မဟုတ်ဘူး
အဲဒါ ...
ဓလေးသည်တော်တစ်ယောက်
လေးညို့တင်နေတာ

ကြည့်ပါလား၊ မြားတစ်စင်းဦးမော့နေပုံ ... ။

အဲဒီအကြောင်းကိုပြောပြီး ရယ်ချင်လို့ ထူးဝေနဲ့ ဓေယျကို လိုက်ရှာပါသေးတယ်။ ဒါပေမယ့် အဲဒီနေ့မှာ မတွေ့ဘူး။

နောက်နေ့ညနေကျမှ ထူးဝေကို အအေးဆိုင်တစ်ဆိုင်မှာ တစ်ခါမှ မမြင်ဘူးတဲ့ အန်ကယ်ကြီးတစ်ယောက်နဲ့ ဘီယာအတူ တွဲသောက်နေတာကို တွေ့ရတယ်။

"ဟာ ... ဟေ့ကောင် ... လာ ..."

ကျွန်တော် ဓဝေဓဝါနဲ့ ဝင်သွားရတယ်။ အန်ကယ်ကြီးက ထူးဝေကို တစ်ခုခု ပြောပြနေပုံရတယ်။ ကျွန်တော် ဝင်လာလို့ သူတို့စကားစ ပြတ်သွားပုံလည်းရတယ်။ ဆက်ပြောကြမယ့်ပုံလည်း ပေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါနဲ့ပဲ ကျွန်တော်လည်း ငြိမ်ငြိမ်သက်သက်ပဲ ဝင်ထိုင်နေလိုက်တယ်။ သူတို့စကားဝိုင်းကို နားထောင်နေလိုက်တယ်။

အန်ကယ်ကြီးက ပြောတယ်။ သူ့မျက်လုံးတွေက ရီဝေနေတယ်။

"အဲဒီတုန်းက နိုင်ငံရေးခေတ်ကိုး သားရယ်၊ အန်ကယ်လည်း နိုင်ငံရေးနဲ့ငြိပြီးတော့ ထောင်ကျသွားတယ် ... အန်ကယ့်ချစ်သူကလည်း ယူကျုံးမရခံစားရင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါတယ် ... "

ဘိုယာ မော့သောက်တယ်၊ မျက်လုံးတွေက ဟိုးအဝေးတစ်နေရာမှာ အတိတ်ရဲ့ တစ်စုံတစ်ရာကို ပြန်မြင်နေရသလို သူကြည့်နေလို့။

စကားဆက်တယ်။

"အန်ကယ်လည်း ထောင်ထဲကနေပြီးတော့ ဘာမှမတတ်နိုင်လိုက်ဘူး ... အန်ကယ့်ချစ်သူဟာ အပြင်မှာ လူတစ်ယောက်ရဲ့ ဖျက်ဆီးမှုကို ခံလိုက်ရတယ်၊ အဲဒီလူရဲ့ အမြှောင်မယားသာသာဘဝမှာ နေရတယ် ... အဲဒီလူကလည်း သူ့ကို မယူပါဘူး ... နောက်တော့ ပစ်သွားတယ် ... အန်ကယ့်ရင်ထဲမှာ မချိလှဘူး ...

"အဲဒီလိုနေသွားရင်းက အန်ကယ်က တစ်နေ့မှာ သတင်းစာတစ်စောင် ဖတ်ရတယ် ... အဲဒီသတင်းစာထဲမှာ အန်ကယ့်ချစ်သူရဲ့ လက်ထပ်ကြော်ငြာပါလာတယ်၊ အန်ကယ့်ရဲ့ သူငယ်ချင်းတစ်ယောက်နဲ့ လက်ထပ်တာပါပဲ ... ဖဆပလ အစိုးရခေတ်မှာပဲ



အလုပ်လုပ်နေတဲ့ လူရိုးလူကောင်းတစ်ယောက်ပါပဲ၊ အဲဒီကြော်ငြာကိုဖတ်ပြီး အန်ကယ် မျက်ရည်ကျတယ် သား ... မျက်ရည်ကျတယ်"

သူ့စကားသံတို့ အက်ကွဲနေတယ်။

"ဝမ်းနည်းလို့တော့ မဟုတ်ဘူး သား ... ဝမ်းသာလို့ ... ဝမ်းသာလို့၊ သြော် ... ငါ့ချစ်သူဘဝလေး ငြိမ်းချမ်းမြင့်မားသွားပြီဆိုပြီး ကြည်နူးဝမ်းသာလွန်းလို့ မျက်ရည်ကျခဲ့ရတယ် ... "

စကားရပ်သွားပြန်တယ်။ ထူးဝေနဲ့ ကျွန်တော် တိတ်ဆိတ်ခံစား၊ ဟိုး ... ခေတ်ပေါင်းများစွာဆီက ရဲရင့်စွာ ပျံသန်းလာတဲ့ အချစ်ဆိုတဲ့အရာရဲ့ တောင်ပံခတ်သံ တဖျပ်ဖျပ်ကို ရင်မှာကြားပြီး နှလုံးသားက သီလာသယောင် ခံစားနေရ ... ။

ဆို့နင့်အက်ကွဲတဲ့ စကားသံတို့က တီးတိုးပျံ့လွင့်နေတယ်။

"ကိုယ့်ချစ်သူ လက်ထပ်တဲ့ကြော်ငြာကိုဖတ်ပြီး ... ဝမ်းသာလို့ ငိုရတဲ့သူဆိုတာ မင်းတို့ ကြားဖူးသလား ... ဒါဟာ ပုံပြင်မဟုတ်ဘူး။ တကယ်ကို ဖြစ်ခဲ့တယ်။ တကယ်ကို ဖြစ် ... ခဲ့ ... တယ် ... ကိုယ့်ချစ်သူကိုတော့ ဒီနေ့ထက်ထိလည်း မမေ့ဘူး ... ပေါင်းရမှ မပေါင်းရမှ မဟုတ်ပါဘူး။ အဓိကက ချစ်သူကို ကိုယ်က ချစ်နေဖို့ပါပဲ ... "

ညအမှောင်သည်းချိန်မှာ ကျွန်တော်တို့ ပြန်ခဲ့ကြတယ်။

"ငါနဲ့လည်း မသိပါဘူး ... တစ်စားပွဲတည်း ဘီယာထိုင်သောက်ရင်း စကားစမြည် ပြောဖြစ်ကြတာ ... သူ့အကြောင်းကြားတာ စိတ်မကောင်းစရာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"အေး … ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ … ဆိုတာ တကယ်မှန်တာပဲ … "

"အင်း … ငယ်ကချစ် အနှစ်တစ်သောင်း မမေ့ကောင်းတဲ့ … "

အဲဒီညက ဘယ်လိုဖြစ်ကြတယ်တော့ မသိဘူး။ လက်ဖက်ရည်ဆိုင်မှာ ဇေယျအလာအထိတောင် မစောင့်ဘူး။ ကိုယ့်အိမ်ကိုယ် ပြန်ခဲ့ကြတယ်။

~ ၃ ~



နောက်နေ့မနက်မှာ ဇေယျက ကျွန်တော့်အိမ်ကို လာခေါ်တယ်။ အင်္ဂလိပ်စာသင်တန်းသွားမယ်တဲ့။

လမ်းမှာ ကျွန်တော်တို့ ပြောကြတဲ့ စကားတွေက ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ ဒါပေမယ့် … လေးနက်တယ်။ ထူးဝေရယ်၊ သံစဉ်ရယ်၊ အချစ်ရယ်၊ ကံကြမ္မာရယ်၊ အဲဒါပါပဲ … ။

နှစ်ယောက်လုံး ပျော်ပျော်ရွှင်ရွှင် စိတ်ရှုပ်ထွေးခဲ့ကြရတာပေါ့။ သင်တန်းနား ရောက်ခါနီး လမ်းထိပ်ကျတော့ …

"ဟာ … ဟော့ကောင် … ဟော့ကောင် … ဟိုမှာ … "

ဇေယျ အထိတ်တလန့် ညွှန်ပြလို့ ကျွန်တော် လိုက်ကြည့်မိတော့ ကျွန်တော်ကိုယ်တိုင်လည်း အထိတ်တလန့် ဖြစ်သွားတယ်။

"ဟ … ထူးဝေနဲ့ သံစဉ် … "

"အေး … ဘာဖြစ်နေတာလဲ မသိဘူး၊ ရန်ဖြစ်နေတာလား မသိဘူး … "

"ရန်ဖြစ်နေပုံတော့ မဟုတ်ဘူးကွ … "

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေနဲ့ သံစဉ် ရပ်နေရာကို အမြန်လျှောက်သွားကြပါတယ်။ ထူးဝေကတော့ သူ့ပုံစံအတိုင်း ပြုံးစိစိ ပြောင်စပ်စပ်ပါပဲ။ သံစဉ်ကလည်း ထူးဝေပြောတဲ့စကားအတိုင်း လှတီးလှတ၊ ပွတီးပွကျလေးပုံပါပဲ။

သူတို့က ကျွန်တော်တို့ကို မမြင်ဘူး။ သံစဉ်က တစ်စုံတစ်ရာကို တောင်းဆိုပြီး ထူးဝေက အားနာပါးနာနဲ့ ငြင်းလွှတ်နေတယ်။

"မရလို့ပါဟာ ... နင် ဘယ်လိုမှ မအောက်မေ့နဲ့ ..."

"အေးလေ ... မရလည်း ပြီးတာပဲ ..."

သံစဉ်ကလည်း ခပ်ပြတ်ပြတ်ပါပဲ။

"နင့်ကိုငါ ညစ်တာမဟုတ်ပါဘူး ... ဆယ်ပြားနဲ့ကတော့ ဘယ်လိုမှ မရလို့ပါ ..."

ပြောပြောဆိုဆို ထူးဝေက သံစဉ် လာပေးပုံရှိတဲ့ ဆယ်ပြားစေ့လေးကို ပြန်ထိုးပေးတယ်။ သံစဉ်ကလည်း ဆတ်ခနဲ ပြန်ယူတယ်။

ကျွန်တော် ရယ်ချင်သွားတယ်။ သံစဉ့်ကို သနားလည်း သနားသွားတယ်။ သူ တစ်မတ်စေ့ကို အသည်းအသန် လိုက်ရှာပုံရတယ်။ အခု ဒီဆယ်ပြားစေ့လည်း ဘယ်ကရလာလဲ မသိဘူး။

အဲဒီဆယ်ပြားစေ့တောင် သူ ကံကောင်းလို့ ရတာဖြစ်မယ်။ ကံဆိုးတာက တစ်မတ်စေ့ မဟုတ်တာဘဲ။

ထူးဝေက အသေအချာ ရှင်းပြပါတယ်။

"ဒီလို သံစဉ်ရယ် ... ငါက ဘဝကူးကောင်းဖို့အတွက်



ဒီမတ်စေ့ကို လိုချင်တာကိုး၊ ဒါ ... ကူးတို့ခပဲ ... ကူးတို့သမားက ငါ့ကို ဘယ်ပို့မယ်မှန်းလည်း မသိဘူး၊ တစ်မတ်ပေးရမယ်ဆိုတာပဲ သိတာ ...

"အမှောင်ကြီးထဲမှာ ဖြစ်ရင်ဖြစ်မယ် ... မြစ်ကိုလည်း ငါ မြင်ချင်မှ မြင်ရမှာ၊ ငါ့လိုပဲ သေပြီးသားလူတွေ မြစ်ဆိပ်မှာ ကူးတို့လှေကို စောင့်နေကြရလိမ့်မယ် ... ကူးတို့သမားကိုလည်း ငါတို့ မြင်ချင်မှ မြင်ရမှာ၊ ဝတ်ရုံနက်ကြီး ဝတ်ထားနိုင်တယ် ... ခေါင်းမှာ ခမောက်ကြီး ဆောင်းထားနိုင်တယ်၊ မျက်နှာကလည်း ပါးစပ်တွေ၊ နှာခေါင်းတွေ ဘာမှမပါဘဲ ပြောင်ကြီးဖြစ်နေနိုင်တယ် ...

"ဘာစကားမှလည်း ပြောမှာမဟုတ်ဘူး ... တို့ လူသေတွေရှေ့မှာ လက်ဝါးဖြန့်လိမ့်မယ်၊ တစ်ယောက်ပြီးတစ်ယောက်က တစ်မတ်စီ ထုတ်ပေးပြီး သူ့လှေပေါ် တက်လိုက်သွားရလိမ့်မယ်၊ လှေဟာ အမှောင်ထဲဝင်ပြီး ပျောက်သွားလိမ့်မယ် ... လှေလှော်သံကိုလည်း ကြားရမှာ မဟုတ်ဘူး ... ဒါပေမယ့် ကူးတို့သမားက ပြန်ရောက်လာလိမ့်မယ် ...

"တစ်ယောက်ပြီးတစ်ယောက်ကို ခေါ်သွားလိမ့်မယ် ... တစ်မတ်တော့ ယူလိမ့်မယ်၊ ငါ့အလှည့်ကျမှ ငါ့ရှေ့လက်ဝါးဖြန့်လို့ ငါက ဆယ်ပြားပဲ ထုတ်ပေးရင် ဘယ်လိုဖြစ်မလဲမသိဘူး ... ငါလည်း မျက်နှာငယ်တာပေါ့ဟယ် ... နင် စဉ်းစားကြည့်ပေါ့ ...

"ဆယ်ပြားတည်းရလို့ ကူးတို့သမားက ငါ့ကို တစ်ဘက်ကမ်း ခေါ်မသွားဘဲ ကုပ်ကဆွဲပြီး နင့်အခန်းထဲ လာထည့်တား

www.burmeseclassic.com

www.burmeseclassic.com



ရှင် ဘယ့်နှယ့်လုပ်မလဲ ... ဒီနေ့ပဲ သေတယ်၊ နောက်နေ့ကျ နင့် အခန်းထဲမှာ ငါ ငုတ်တုတ်ကြီးဆိုရင် ပြဿနာဟ ... နင် မကြောက်တောင် ငါကြောက်တယ် ... "

"တော် ... တော် ... တော် ... ဘာတွေမှန်းလဲ မသိဘူး၊ စိတ်ချ ... ငါ တစ်မတ်ရအောင် ထပ်ရှာဦးမယ် ... ရမှ လာခဲ့မယ်"

ပြောပြီး သံစဉ် လှည့်ထွက်သွားလေရဲ့။ ထူးဝေက နားသယ်စပ်ကို လက်နဲ့ကုပ်ရင်း သံစဉ်သွားတာကို နောက်က ငေးကြည့်ရင်း ကျန်ရစ်ခဲ့တယ်။

"ဟေ့ကောင် ... "

"ဟေ ... အေး ... "

ဘာမှရှင်းပြနေစရာတောင် မလိုတော့ပါဘူး။ ကျွန်တော်တို့သုံးယောက် ဝါးခနဲ ပြိုင်တူရယ်မိကြတယ်။

"ကူးတို့ခတောင် ဈေးဆစ်နေတယ်ဗျ ... ဆယ်ပြားထားပါလားတဲ့ ... "

"သြော် ... မိန်းမကိုးကွ ... "

ပြောပြီး ထပ်ရယ်ဖြစ်ကြပြန်တယ်။

စာသင်ခန်းထဲ ဝင်ခါနီးမှာ ထူးဝေက သူ့ဘာသာ အလိုမကျသလို စကားတစ်ခွန်းကို ခပ်ညည်းညည်းဆိုတယ်။

"ဒီတစ်မတ်စေ့ ဝင်ရှုပ်နေတာနဲ့ပဲ သံစဉ်ကို ခုထက်ထိ ရည်းစားစကားတောင် ကောင်းကောင်းမပြောရသေးဘူး ... "

ကျွန်တော်နဲ့ ဇေယျမှာ ရယ်ရခက်၊ ငိုရခက်နဲ့။

စာသင်ခန်းထဲမှာ ကျွန်တော့်ကဗျာတွေ ရေးထားတဲ့



စလာစာအုပ်ကိုဆွဲယူပြီး ထူးဝေက ကဗျာတစ်ပုဒ်ကို ထောက်ပြတယ်။

"ငါ ... အဲဒီလို ခံစားနေရတယ် ... "

ဇေယျက စာအုပ်ကို ဆွဲယူပြီးကြည့်တယ်။ ကျွန်တော့်ကိုလည်း ပြတယ်။ ကျွန်တော့်ရဲ့ 'ကြယ်စင်' ဆိုတဲ့ကဗျာ။

ပြန့်ကြဲကျလာ၊ ငါ့ကြယ်စင်တွေကောက်ပြီး
ငါ့ကောင်းကင်တော်ဆီ ပို့လွှတ်ပေးခနေစဉ်မှာမပဲ
ဒါကိုပဲ ပျိုးကြဲခြင်း၊လို့ ဆိုပြန်တယ် ...
ငါ့ကောင်းကင်တော်မှာ စမတ်ကျကျ အခင်းတစ်ခင်း
ဖြစ်မလာသေးမီ အထိတော့ ငါ့ကြယ်စင်တွေ
အိမ်ရာအခြေချနိုင်ကြမယ် မထင်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းကအပြန်မှာ ထူးဝေက ကျွန်တော် ထင်မ...
တာတစ်ခုကို ပြောတယ်။

"သန်ဘက်ခါကျရင် ကေခိုင်တို့အိမ်မှာ ကဗျာရွတ်ပွဲ ...
မယ်တဲ့ ... အဲဒါ မင်းကို လာဖိတ်သွားတယ်"

"ဟင် ... ကေခိုင်တို့က အဲဒါတွေ ဝါသနာပါလို့လား..."

"မသိဘူး ... သူ့အစ်ကိုနဲ့ မောင်ကတော့ ကဗျာရေး...
ပြောတာပဲ ..."

"ဪ ... အဲဒီလိုလား ... အေးအေး ... သွားလိုက်..."

"သွားလိုက်မယ် မလုပ်နဲ့ ... ငါလည်း လိုက်ခဲ့မှာ"

"မင်းက ဘာလုပ်မလို့လဲ ..."

"သူ့ဘာသာသူလိုက်တာ ဘာဖြစ်လဲ ... သူ့ဘာသာ...
လုပ်လုပ်ပေါ့၊ သူတင်မဟုတ်ဘူး ငါလည်းလိုက်မယ် ... ဆရာ...
သခင်ကိုယ်တော်ဖေယျကိုယ်တိုင် လိုက်မယ် ... ဟဲ ဟဲ ဟဲ"



"ခွပဲ ..."

ကျွန်တော် ခေါင်းကုတ်မိတယ်။ ဒီကောင်တွေ ပါလာရင်တော့ ကဗျာရွတ်ပွဲက ပျက်မှာပဲ။

"ဘာလဲ ... မင်းက တို့ကို မလိုက်စေချင်ဘူးလား၊ ဟုတ်လား ... အဲလိုလား ..."

"အဲ ... မဟုတ်ပါဘူး၊ အဲလို မဟုတ်ပါဘူး ..."

"ဒါမှမဟုတ် ... မင်းက တို့ကို အနုပညာနားမလည်တဲ့ကောင်တွေလို့ ယူဆလို့လား ... ဟုတ်လား ..."

"အဲ ... အဲလိုမဟုတ်ပါဘူး ..."

"ဟောကောင် ... ဒီမှာဟောကောင်၊ မင်းကိုတောင် တို့က ပြန်သင်ပေးလိုက်ဦးမယ်၊ ထူးဝေ ... ဒီကောင့်ကို သင်ပေးလိုက်စမ်း"

"ဒီမယ် အေလင်းချို ..."

ထူးဝေကလည်း အငြိမ်မနေဘူး။

"မင်း ... မှတ်ထားကွ ... ကဗျာဆိုတာက ..."

"ဒုက္ခပါပဲ ..."

"ကဗျာဆိုတာက ကာဗျဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတာ ... ဘာအဓိပ္ပာယ်လဲဆိုတာ ဘယ်သူမှမသိဘူး ..."

"အေးအေး ... အေးပါကွာ ... လာရင်လည်း လာကြပါတော့ ... လိုက်ရင်လည်း လိုက်ခဲ့ကြပါတော့ ... ဒီလောက်ဆိုရင် ငါ ကြောက်ပါပြီ ..."

"အေး ... ဒီလိုမှပေါ့ကွာ ..."

နှစ်ကောင်သား အဲဒီတော့မှ ဘဝင်ကျသွားတယ်။ ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



က ပေါက်ကရတွေ လျှောက်အော်ကြတယ်။

"ကဗျာရွတ်ပွဲ တို့ဆင်နွှဲမည် ... မူးလဲရုံဖြင့် မသေနိုင် ... ဟဲ ဟဲ ..."

ကဗျာရွတ်ပွဲ လုပ်မယ့်နေ့ကျတော့ ... နှစ်ကောင်လုံး ကျွန်တော့်အိမ်ကို ရောက်မလာကြပါဘူး။ တော်ပါသေးရဲ့ဆိုပြီး ကိုယ့်ဘာသာကိုယ်သွားကာမှ သူတို့က ကြိုရောက်နေတာကို အမိန့်သား တွေ့ရတယ်။

"လာဟေ့ ... မောင်အေလင်းချို ... ထိုင် ..."

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

သူတို့ကတောင် ကိုယ့်ကို နေရာထိုင်ခင်းတွေပေးလို့။ ကဗျာရွတ်ပွဲမှာ သူတို့နဲ့သိတဲ့ ကဗျာဆရာလည်း တစ်ယောက်မှ မပါဘူး။ ဒါပေမယ့် နှစ်ကောင်လုံး ခပ်တည်တည်ပါပဲ။

"ဟော ..."

ထူးဝေက ပျော်ပျော်မြူးမြူး ထအော်တယ်။ သံစဉ်ရယ်၊ မိုးကြည်ကြည်ဝေရယ် ရောက်လာတာကိုး။ အင်းလေ ... ကေခိုင့် အိမ်မှာ လုပ်တာဆိုတော့ သူတို့ လာကြမှာပေါ့။

မိန်းမတို့ဘာဝ တတ်သည့်ပညာ မနေသာဆိုတဲ့အတိုင်း လာစပ်စုကြမှာပေါ့။

"ထင်သားပဲ ..."

ထူးဝေက အောင်မြင်သူတစ်ယောက်လို ရေရွတ်လိုက်တယ်။ ဇေယျကလည်း မနေခဲ့ပါဘူး။

"အေး ... ငါလည်း ထင်သားပဲ"



"ဒါဆိုရင်တော့ ငါ ကဗျာတစ်ပုဒ်လောက် ရွတ်မှဖြစ်မယ်"

ထူးဝေစကားကြောင့် ကျွန်တော် လန့်သွားတဲ့အချိန်မှာ ဇေယျစကားကြောင့် ထပ်လန့်သွားရပြန်တယ်။

"အေး ... ငါလည်း တစ်ပုဒ်ရွတ်မယ်"

"ဟဲ ... ဟေ့ကောင်တွေ ... မင်းတို့ ..."

"ဘာလဲ ... မင်းက မရွတ်စေချင်ဘူးလား"

"မဟုတ်ဘူးလေကွာ ... မင်းတို့က ..."

"ဘာမဟုတ်ရမှာလဲ ... ဟေ့ကောင် ထူးဝေ ... ဒီကောင့်ကို နည်းနည်းပညာပြလိုက်စမ်းပါဦး ..."

"ဒီမယ် အေလင်းချို ... ကဗျာဆိုတာ ကာဗျက ဆင်းသက်လာပြီး ..."

"ဟာ ... လုပ်ပြန်ပြီကွာ"

ကျွန်တော် စိတ်ပျက်လက်ပျက် ခေါင်းကုတ်မိတယ်။ ထူးဝေက ...

"ငါတို့ရဲ့ အနုပညာမှော်ဝင်မှုကို မင်း မချုပ်ချယ်စမ်းပါနဲ့ကွာ ..."

"ဟောဗျာ ... ခက်တော့ ခက်ပါပြီ၊ ရွတ်ရင်လည်း ရွတ်ကြကွာ ... ရွတ်ကြ"

"အေး ... ဒါပေါ့ကွ ... ရွတ်မယ် ..."

"ရွတ်မှာပေါ့ ... မင်းတို့ကျတော့ရွတ်ပြီး ငါတို့ကျတော့ ရွတ်ရဘူးဆိုရင် ဘယ်ဟုတ်မလဲ ငါတို့လည်း ရွတ်မယ် ..."

"မင်းတို့ ရွတ်ကောရွတ်တတ်လို့လား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် အေလင်းချို ... အထက်တန်းကျောင်းမှာတည်းက ငါတို့ရဲ့ဆရာ ဦးကိုကိုအောင်က ငါတို့ကို 'ငရွတ်ကလေး' တွေလို့ ခေါ်ရတာ ... မင်းဘာသိလို့လဲ ... မင်းထက်တောင် ရွှတ်ဟတ်သေး"

"အေး ... ပြီးရောကွာ ... ပြီးရော ..."

သံစဉ်တို့၊ မိုးကြည်ကြည်ဝေတို့ကလည်း လူအုပ်ထဲမှာ ထူးဝေနဲ့ ဇေယျကိုကြည့်ပြီး အံ့သြပုံရပါတယ်။ ဒီကောင်တွေကို ကွက်ကြည့်ကွက်ကြည့်နဲ့ စကားတီးတိုး ပြောကြတယ်။

သူတို့ကတော့ လေ့လာသူ (တစ်နည်း) စပ်စုသူအဖြစ်ပဲ လာပုံရပါတယ်။ ကိုယ်တိုင်ပါဝင်မယ့် အရိပ်အယောင် မတွေ့ရပါဘူး။ ထူးဝေနဲ့ ဇေယျ ဝင်ရွတ်မယ်ဆိုတာကိုလည်း သူတို့ ယောင်လို့တောင် စဉ်းစားမိမှာ မဟုတ်ဘူး။

အဲလိုနဲ့ပဲ ကဗျာရွတ်ပွဲကို စတင်လိုက်ကြပါတယ်။ ဝါရင့်ကဗျာဆရာကြီးတွေက စရွတ်ပါတယ်။ ပြီးတော့ လူငယ်တွေ ... ကဗျာတွေကလည်း ကောင်းကြပါတယ်။ ရှေးကဗျာ၊ ခေတ်စမ်းကဗျာရွတ်သူ အနည်းအကျဉ်းပါဝင်ပြီး အများစုကတော့ မော်ဒန်ကဗျာတွေ ရွတ်ကြပါတယ်။

ခက်တာက ကျွန်တော့်မှာ ကဗျာကို တစ်ဘက်က ခံစားရင်း တစ်ဘက်ကလည်း ဟိုနှစ်ကောင်ကို အရိပ်အခြည်ကြည့်နေရတာ မသက်သာဘူး။ ဇေယျကတော့ အင်မတန် စိတ်ဝင်စားတဲ့ဟန်နဲ့ နားထောင်နေတယ်၊ ထူးဝေကတော့ ကဗျာတစ်ပုဒ် ရွတ်လို့ဆုံးတိုင်းဆုံးတိုင်းမှာ သံစဉ်ကို လှမ်းလှမ်းကြည့်ပြီး 'ခံစားရပါ



တယ်ဗျာ ... ခံစားရပါတယ်' လို့ ရေရွတ်တယ်။

နောက်ကျတော့ ... ကျွန်တော်ရွတ်ရမယ့်အလှည့် ရောက်လာတယ်။

"ကဗျာဆရာ အေလင်းချိုရဲ့ အလှည့်ပါပဲခင်ဗျာ ..."

ကြေညာသံအဆုံးမှာ ကျွန်တော်က မတ်တတ်ထရပ်ရတယ်။ ဇေယျက လိုက်ရပ်မလိုလုပ်တယ်။

"မင်းက ဘာလုပ်မလို့လဲ ... ထိုင်နေလေ ..."

"ငါလည်း ရပ်မယ်လေ ... မင်းက ကဗျာရွတ်တာကို နောက်က ဟာမိုနီလိုက်ပေးမယ် ..."

"တောင်းပန်ပါတယ်ကွာ ... ငြိမ်ငြိမ်နေစမ်းပါ ..."

ကဗျာရွတ်ဖို့ ပြင်ရတယ်၊ ရွေးချယ်တဲ့ကဗျာ သုံးလေးပုဒ်ရှိတယ်။ စိတ်ထဲက ရွေးရင်းရွေးရင်း ...

"ကျွန်တော် 'ဓာတ်ပုံလေး'ဆိုတဲ့ ကဗျာလေးကို ရွတ်ပါမယ် ... တစ်ယောက်သောသူအတွက် ရေးခဲ့တဲ့ ကဗျာလေးပါပဲ"

အားလုံးက ငြိမ်သက်နားထောင်နေကြတယ်။

'ဓာတ်ပုံလေး'

မိုးလုံလေလုံ နလုံးအိမ်ထဲမှာ
တယုတယသိမ်းထားတဲ့ ဓာတ်ပုံလေး
ထုတ်ထုတ်ကြည့်ဖြစ်တယ် ...
တောင့်တတိုင်း ...

www.burmeseclassic.com

www.burmeseclassic.com



တောင်တတိုင်း မြှုံနှစ်၊
မျက်လုံးအိမ်ထဲ မျက်ရည်တွေ
ဓာတ်ပုံလေးက ငါ့ကိုတွေ့ရီငေး၊
ငါကဓာတ်ပုံလေးကို တွေ့ရီငေး
လွမ်းတယ် ... ။

ပြန်ထိုင်ပြီး ခဏကြာမှ စကားသံတွေ တီးတိုးပြန်ထွက်လာတယ်။ နောက်ထပ် တစ်ယောက်ပြီးတစ်ယောက် ရွတ်ကြတယ်။ ကဗျာဆရာအားလုံး ရွတ်ဆိုပြီးသွားတဲ့အဆုံးမှာ ...

"အဲ ... ဟို ... ညီလေးတွေလည်း လုပ်ကြပါဦး ... ကဗျာလေးဘာလေး ရွတ်ပါဦး ..."

ကျွန်တော် လန့်သွားတယ်။ ထူးဝေနဲ့ ဧယျကတော့ သဘောကျသွားတယ်။ နွားငတ်ရေတွင်းထဲ ကျတာမဟုတ်ဘူး။ နွားငတ်တွေ သုံးဗိုင်အောက် ရောက်သွားတာ။

ဒီကောင်တွေကလည်း သူတို့ကိုယ်သူတို့ ကဗျာဆရာယောင်ယောင် ဘာယောင်ယောင် ဝတ်လာတာကိုး။ အကျီအဖြူကော်လံကတုံးနဲ့။ ကချင်လုံချည်နဲ့။ လွယ်အိတ်ကြီးတွေလွယ်ပြီး လက်ကြားမှာ ဆေးပေါ့လိပ်တွေညှပ်လို့။

ချုံကိုမြင်လို့ ယုန်လိုပြင်လာကြတယ်။

"အဟမ်း ... အဟမ်း ..."

ဧယျ ထပါပြီ။



"ကျွန်တော် ကဗျာတစ်ပုဒ် ရွတ်ပါ့မယ် ..."

သံစဉ်တို့၊ ကေခိုင်တို့၊ မိုးကြည်ကြည်ဝေတို့ မျက်လုံးမျက်ဆန်ပြူးလို့ပေါ့။

"ကျွန်တော့်ကဗျာတော့ မဟုတ်ပါဘူး ... ဘယ်သူ့ကဗျာမှန်းလဲမသိပါဘူး၊ ကျွန်တော့်ဘကြီးရဲ့ ဒိုင်ယာရီအဟောင်းစာအုပ်မှာ ကူးမှတ်ထားတာတွေ့လို့ ... ကြိုက်လည်းကြိုက်လို့ အလွတ်ကျက်ထားတဲ့ ကဗျာပါ ... ခု ကျွန်တော် အဲဒီကဗျာလေးကို ရွတ်ပါ့မယ် ..."

အားလုံးက အဟုတ်အောက်မေ့လို့ နားထောင်နေကြပါပြီ။ သူ့ပြောပုံဆိုပေါက်အရ ကဗျာအပေါ်မှာ အတော်တောင် စိတ်ဝင်စားနေကြပါပြီ။ ကျွန်တော်က ထူးဝေကို လက်ကုတ်မေးမိတယ်။

"ဘာကဗျာကို ရွတ်မှာလဲ ..."

"ဘယ်သိမှာလဲ ..."

ဧယျ ... သူ့ကဗျာကို စ,ရွတ်ပါတော့တယ်။ တားမရတဲ့အတူတူ လွှတ်ပေးလိုက်ပြီး မိမှာမဟုတ်တဲ့အတူတူ လိုက်လည်း မဖမ်းတော့ပါဘူး။ အများနည်းတူ နားထောင်နေလိုက်တော့တယ်။

ရွတ်တာကတော့ ဌာန်နဲ့မာန်နဲ့ပါပဲ။

ဆေးတံတစ်အိုး
ဆေးချေးတိုးမှ
လှုံနိုးခံလိုက်ရသည်ကတစ်ကြိမ် ...

www.burmeseclassic.com

www.burmeseclassic.com



ဖောင်တိန်တစ်လက်
အရေးသွက်မှ
နစ်ပျက်သွားသည်ကတစ်ကြိမ် ...

ရည်းစားတစ်ယောက်
ဆယ်နှစ်မြောက်မှ
လင်နောက်လိုက်သွားသည်ကတစ်ကြိမ် ...

သုံးကြိမ်သုံးခါ
ရှိခဲ့တာမို့
ငါ့မှာကိုယ်ကျိုး နည်းလှပြီ ... ။

ကျွန်တော် ဘာပြောရမလဲတောင် မသိတော့ဘူး။ လက်ခုပ်သံတွေ ဘာတွေတောင် ထွက်လာလို့။ ဧယျာက အားလုံးကို ဦးညွတ်နှုတ်ဆက်ပြီး ပြန်ထိုင်သွားတယ်။

ဧယျာရွတ်တဲ့ကဗျာ (ရေးသူအမည်မသိ)ကို သဘောကျကြတယ်။

"ကဲ ... ဒီဘက်က ညီလေးရော ... လုပ်ပါဦး"

ထူးဝေ ပြုံးစိစိနဲ့ ထိုင်ရာက ထပါတယ်။ ကဗျာရွတ်ဖို့အတွက် အိမ်မှာကတည်းက ပြင်ဆင်လာခဲ့ပုံ ရပါတယ်။ သူ့အိတ်ထဲက စာရွက်တစ်ထပ်ထုတ်ပြီး လူတချို့ကို လိုက်ဝေတယ်။

ကျွန်တော် လန့်နေမိတယ်။ ဆေးကြော်ငြာသလို ဘာလိုလိုနဲ့။ ဒီကောင် ဘာလုပ်မလို့လဲ မသိဘူး။



သံစဉ်ကိုလည်း သွားပေးတယ်။ ဟိုကလည်း မယုံသင်္ကာနဲ့ ယူဖတ်နေတယ်။ ကျွန်တော့်ရှေ့က အဖြတ်မှာ သူ မပေးပေမယ့် ကျွန်တော်က တစ်ရွက်ဆွဲလုလိုက်တယ်။

"ဘာတွေလဲ ..."

ဖတ်ပြီး ကျွန်တော် စိတ်ညစ်သွားတယ်။ စာရွက်ထဲမှာ ရေးထားတာက အင်္ဂလိပ်မီးနင်းတွေ။ အသံထွက်လည်း ထည့်ထားတယ်။

I love you very much
အိုင်လပ်ဗ်ယူ ဘဲရီး မတ်ချ်
သင့်ကို ကျွန်ုပ် အလွန်ချစ်သည်။

| | | |
|---|---|---|
| Hurry up | – ဟဲရီးအပ် | – သွက်၊ လက်၊ လျှပ်ရှားသည်။ |
| Rosy Cheek | – ရိုစီချိခ် | – နှင်းဆီရောင်ပါးပြင် |
| I want to kiss | – အိုင်ဝမ့်တူကစ် | – ကျွန်ုပ်နမ်းလိုသည် |
| Preety face | – ပရီးတီးဖေ့စ် | – လှသောမျက်နှာ |
| Lady | – လေဒီ | – အမျိုးသမီး |
| Jolly | – ဂျော်လီ | – ပျော်ရွှင်မှု |
| Sorry | – ဆောရီး | – ဝမ်းနည်းမှု |
| Letters | – လက်တာ(စ်) | – ပေးစာ |
| You see | – ယူဆီး | – သင်သိမြင်သည် |
| Beautiful | – ဗျူတီးဖိုးလ် | – လှပသော |
| How and then | – ဟောင်းအင်န်သန်းန်း | – ဘယ်ပုံဘယ်နည်း |
| Marry | – မဲရီး | – လက်ထပ်သည် |

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အူကြောင်ကြောင် ဖြစ်နေချိန်မှာပဲ ထူးဝေက အမှာစကား ပြောပါတယ်။

"အခု ... ကျွန်တော်ရွတ်မယ့်ကဗျာကတော့ မောင်မာနနှင့် မသီခါဆိုတဲ့ ရွှေကြိုးကုမ္ပဏီထုတ် စာအုပ်ဟောင်းတစ်အုပ်ထဲက ကူးယူထားတဲ့ကဗျာ ဖြစ်ပါတယ် ... အင်္ဂလိပ်စာလုံးတွေ ညှပ်ရေးထားတဲ့ လူပျိုလှည့်တေးထပ်တစ်ပုဒ် ဖြစ်ပါတယ် ... ဟဲ ဟဲ ကျွန်တော့်သူငယ်ချင်း အေလင်းချိုလိုပဲ တစ်ယောက်သောသူကို ရည်ရွယ်ပါတယ် ... ဟဲ ဟဲ ..."

အားလုံးက မျက်လုံးပြူးနဲ့ ဝိုင်းကြည့်နေကြတယ်။ ထူးဝေကတော့ အကြောက်အလန့်မရှိပါဘူး။

"အဟမ်း ... အဟမ်း ..."

ချောင်းရှင်းပြီးတော့ သူ့ကဗျာကို စ,ရွတ်ပါတော့တယ်။

I love you very much
စွဲမှိုချယ်မှန်တယ်
Hurry up ကြံရွယ်တယ်
စံစပယ်ပန်း
Rosy Cheek နိုင်ပန်းကြူကို
I want to kiss ဖိုဖေမှန်း
Pretty face မေ့အသားဝါကို
နေ့မကွာစိတ်တမ်း
Lady ကိုဖေရည်မှန်းပါလို့



နေခြည်သန်းအခါ
မပျော်ပြီ Jolly ကင်းတာမို့
Sorry ခြင်းဖြစ်ရတဲ့သာ
Letters က ရက်များကြာလျှင်
ကော်ဂြားမှာ You see တော့
Beautiful လေးမျက်ရှင်
တွေ့လျှက်ထင်မြင်
Now and then ပုလဲမျှင်ကို
Marry ရှင်စမ်းပါဘိလေး ...

ကဗျာအဆုံးမှာ အားလုံးဟာ ခဏတော့ငြိမ်လို့။ နောက်မှ ဝါးခနဲ ပွဲကျကုန်ကြတယ်။ ထူးဝေကတော့ ပြုံးစိပြုံးစိနဲ့ပဲ ပြန်ထိုင်နေလေရဲ့။

သဲစဥ်ကတော့ မျက်နှာကြီး မှန်ကုပ်ကုပ်ဖြစ်နေတယ်။ ကေနိုင်နဲ့ မိုးကြည်ကြည်ဝေက ရယ်ချင်ပက်ကျိ ဖြစ်နေသလိုပဲ။ အဲဒီအချိန်မှာပဲ ကျွန်တော်မြင်လိုက်တာ တစ်ခုရှိတယ်။

ထူးဝေက သဲစဥ်ကို လှမ်းရယ်ပြတယ်။ သဲစဥ်က မျက်စောင်းထိုးပြီး မျက်နှာလွှဲသွားတယ်။ ခဏကြာတော့ သဲစဥ်တို့ ပြန်ကြတယ်။ ကဗျာရွတ်ပွဲလည်း ပြီးသွားပါပြီ။

တဖွဲဖွဲ ပြန်ကြတယ်။ ကျွန်တော်တို့လည်း ပြန်လာကြတယ်။

လမ်းမှာ ထူးဝေကပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခုမှပဲ သံစဉ်ကို လူကြားသူကြားထဲမှာ လူသိသူသိ ရည်းစားစကား ပြောရတော့တယ် … လူမြင်သူမြင် တွဲဖို့ပဲ ကျန်တော့တယ် … "

"အောင်မယ် … သူ့အတွေးနဲ့သူတော့ ဟုတ်နေတာပဲ"

ဧယျုက အဲဒီလိုဝင်ငေါ့လို့ သုံးယောက်လုံး ရယ်ကြရသေးတယ်။

~ ၃ ~



အဲဒီနောက်ပိုင်းနေ့တွေမှာ သံစဉ်ဟာ တစ်မတ်စေ့ကို ကျောင်းကျောင်းပြေး လိုက်ရှာပါတော့တယ်။ သူနဲ့ ထူးဝေရဲ့ တစ်မတ်စေ့ပြဿနာကိုလည်း တစ်ဆင့်စကား တစ်ဆင့်နားနဲ့ သိသူတွေက သိကုန်ကြပြီ။ ကြည့်သူတွေကလည်း ကြည့်ကုန်ကြပြီ။

အဲဒီလိုဖြစ်လေလေ ကျွန်တော်တို့ရဲ့ မိသံစဉ်က ဒေါဖောင်းလေလေပါပဲ။ ရယ်စရာတစ်ခုကလည်း ကျွန်တော်တို့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသေးတယ်။ Joke (ပြက်လုံး)တစ်ခုလို့ ဆိုကြပါစို့။ အဆင့်မြင့်ပါတယ်။ ဝတ်ကောင်းစားကောင်းတွေ ဝတ်လာတယ်။ ကုမ္ပဏီပေါ်က ဆင်းလာပြီး ကိုယ်ပိုင်ကားကလေးမောင်းလို့ … အဲဒီ Joke ဟာ ကျွန်တော်တို့ဆီကို ရောက်လာတယ်။

ဦးမောင်မောင်တဲ့ … ။

ထူးဝေရယ်၊ ဧယျုရယ်၊ ကျွန်တော်ရယ် ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကလေးကို စုံစမ်းပြီး လိုက်လာခဲ့တာယ်။ ထူးဝေနဲ့ တည့်တည့်တွေ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်နာမည်က ဦးမောင်မောင်လို့ခေါ်တယ် ..."

"ဟုတ်ကဲ့ အန်ကယ် ... ကျွန်တော့်နာမည် ထူးဝေပါ"

"အေး ... မောင်ထူးဝေဆီပဲ အန်ကယ်လာတာ ..."

"ဟုတ်ကဲ့ ... ကိစ္စလေးမသိရဘူးလား အန်ကယ်"

"ဒီလိုကွ ... သံစဉ်က အန်ကယ့်တူမကွ ..."

"အဲ ... ဟုတ်ကဲ့"

ထူးဝေတော့ မသိဘူး။ ကျွန်တော်နဲ့ ဇေယျ နည်းနည်း လန့်သွားတယ်။

"အန်ကယ်က ... အန်ကယ့်တူမကို အရမ်းချစ်တယ် ... ငယ်ငယ်ကတည်းက မျက်နှာအညိုမခံဘူး ..."

"ဟုတ်ကဲ့ ..."

"အခု သူ အတော်စိတ်ဆင်းရဲနေတယ် ... သူ့ကိုမေးလို့တော့ မရဘူး၊ ဒါပေမယ့် အန်ကယ့်ဘာသာ လေ့လာကြည့်ရင်း တစေ့တစောင်း သိရတာက မောင်ထူးဝေကို သူက ပိုက်ဆံတစ်မတ် ပေးရမယ်လို့ သိရတယ် ... အဲဒါ ဟုတ်သလား ..."

"ဟုတ်ပါတယ် အန်ကယ် ... မပေးရင်လည်း ကိစ္စမရှိပါဘူး၊ သူက အတင်းပေးချင်တာပါ ..."

စကားဝိုင်း ခဏရပ်သွားတယ်။ အန်ကယ်ဦးမောင်မောင်က ဆေးတံကို နှစ်ချက်သုံးချက် ရှိုက်လိုက်ပြီးမှ ...

"ဘာကြောင့် ဒီတစ်မတ်စေ့ အပေးအယူ လုပ်ရတယ်ဆိုတာကိုတော့ အန်ကယ် မစပ်စုတော့ပါဘူး ... အန်ကယ်က စီးပွားရေးသမား၊ အလုပ်ကို အလုပ်အတိုင်း သဘောထားနဲ့သူဆို



တော့ အန်ကယ် ပြတ်ပြတ်ပဲ မေးမယ် ... အလုပ်သဘောအရ တာပဲ၊ မောင်ထူးဝေလည်း အတတ်နိုင်ဆုံး အန်ကယ့်ကို ပြတ်တ်သားသား အကြောင်းပြန်စေချင်တယ် ..."

"ဟုတ်ကဲ့ ..."

"ဒီလိုကွာ ..."

"ဟုတ်ကဲ့ ..."

"ငါ့တူမဆီကရမယ့် မတ်စေ့နဲ့ မင်းက တစ်ခုခုလုပ်စရာ း ရှိလို့လား ..."

"ဟုတ်ကဲ့ ... ရှိပါတယ်"

"အရေးကြီးလား ..."

"ဟုတ်ကဲ့ ... ကြီးပါတယ်"

သေပေးရမယ့်ကိစ္စပဲ အရေးမကြီးဘဲ နေပါ့မလား ... ။ န်တော် အဲလိုစဉ်းစားနေမိချိန်မှာပဲ အန်ကယ်ဦးမောင်မောင် တ်ရဲ့စကားက ဩဇာသံပါပါနဲ့ ပြတ်ပြတ်သားသား ထွက်ပေါ် ာပါတယ်။

"ကဲ ... အဲဒီတော့ မောင်ထူးဝေ ..."

"ဟုတ်ကဲ့ ..."

"အန်ကယ် ပြတ်ပြတ်ပဲပြောမယ်"

"ဟုတ်ကဲ့ ..."

"ငါ့တူမဆီက တစ်မတ်စေ့ကို မင်း မယူနဲ့တော့ ... ည်း ရှာမပေးအားဘူး ... အဲဒီတော့ကာ ..."

"ဟုတ်ကဲ့ အန်ကယ်ပြောပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဒီတစ်မတ်စေ့ မယူတဲ့အတွက် မင်းကို ကူညီစရာ ရှိတာ ငါ ပြန်ကူညီပေးမယ် ... ဒီတစ်မတ်စေ့ကိုရင်းပြီး မင်းလုပ်ရမယ့်အလုပ်ကို ငါ လုပ်ပေးမယ် ..."

"ဗျာ ..."

"ဒီတစ်မတ်စေ့ရရင် မင်းလုပ်ရမယ့်အလုပ်ကို မင်းမလုပ်နဲ့တော့ ... သူဆီက တစ်မတ်စေ့လည်း မယူနဲ့တော့ ... မင်းလုပ်ရမယ့်အလုပ်ကို ငါ ဝင်လုပ်ပေးမယ် ... ကြားလား"

"အဲ ... ဟုတ် ... ဟုတ်ကဲ့ ... ကြားပါတယ်"

"ရှင်းတယ်မဟုတ်လား ..."

"ဟုတ် ... ဟုတ်ကဲ့ ... ရှင်းပါတယ် ..."

"အိုကေ ..."

ခဏအကြာမှာတော့ ကျွန်တော်တို့ရဲ့ Joke ဟာ ကားကလေးကို ကိုယ်တိုင်မောင်းပြီး ဆိဒိုးနားဟိုတယ်မှာ ကျွန်တော်တို့ကို ညစာလိုက်ကျွေးပါတယ်။

အပြန်မှာ ထူးဝေ လုပ်ရမည့်အလုပ်ကို သူလုပ်ပေးမယ့်အကြောင်း၊ စိတ်ချပါဆိုတဲ့အကြောင်း အထပ်ထပ် ပြောသွားသေးတယ်။

ကိုယ့်ရပ်ကွက်ထိပ် လမ်းဘေးအုတ်ခုံမှာထိုင်ပြီးမှ ထူးဝေရယ်၊ ဇေယျာရယ်၊ ကျွန်တော်ရယ် ...

ရယ်လိုက်ရတာ ... အဲဒီတုန်းကတော့ ရယ်လိုက်ရတာ။

—— ၃ ——



ပျစ်ပျစ်နှစ်နှစ် ဆဲရေးပလိုက်ဖို့
တံခါးအဖွင့်မှာ
အဲဒီမိုးစက်တွေက
ရွာလို့ကောင်းတုန်းပဲ

'(မနော်ဟရီ) ၏
(မီးပြတိုက်အလွန်) ကဗျာစုမှ ...'

www.burmeseclassic.com



မျက်ရည်စိုလဲ့သော မျက်ဝန်းလေးများသည်
လှပသည်ဟု အဆိုရှိ၏။
ယခု ...
ကေမိုင့်မျက်လုံးလေးတွေ လှနေသည်။

"ကျွန်မ သိတာပေါ့ ...
အရမ်းသိတာပေါ့ ...
သိလွန်းလို့တောင် မသိတော့သလို
ဝေဝေဝါးဝါး ခံစားနေရသေးတယ် ...
မသိတော့ရင်လည်း တစ်မျိုးကောင်းမယ် ...
ဒါပေမယ့် ...
သိနေတယ် ...
ဒီအဖြစ်ကို မေ့မရနိုင်တာကတော့ သေချာတယ် ... "

BURMESE CLASSIC .com

## သိခြင်းနှင့်မသိခြင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ...

ငွေတစ်မတ် မရှိသူအား သီစေအပ်ပါသည်။

ကျွန်ုပ်အတွက် လိုအပ်သောငွေတစ်မတ်သည် ကျွန်ုပ် ဘဝ ကူးကောင်းရန်အတွက် ဖြည့်ဆွမ်းပေးနိုင်သည့် ငွေတစ်မတ်သာ ဖြစ်ပါသည်။ အရေးကြီးသော ငွေတစ်မတ်စေ့ ဖြစ်ပါသည်။

ထို့ကြောင့် ...

(၁) ဘုရားကျောင်းကန်ပိုက်ဆံ
(၂) ဘုန်းကြီးကျောင်းသိမ်ဝင်ပိုက်ဆံ
(၃) နတ်စင်အလှူငွေပိုက်ဆံ
(၄) နိုးဝှက်လုယူထားသောပိုက်ဆံ

စသည်တို့ မဖြစ်စေရပါ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါစုံ၍ လှပကြော့ရှင်း "အပြစ်ကင်း"သော မတ်စေ့ကိုသာ ကျွန်ုပ် လက်ခံမည်ဖြစ်ကြောင်း ယခင်တတည်းက ပန်ကြားပြီး ဖြစ်ပါသည်။

ပုံ

ထူးဝေ

(ဘဝခြားလည်း ချစ်နေဦးမည့်သူ)

"ကောင်စုတ် ... ကောင်ပဲ့ ..."

သံစဉ်က အမှန်တော့ ဒီစကားလုံးထက်မက ဆဲချင်ေ တာပါ။ ဒါပေမယ့် သူလည်း မဆဲတတ်ဘူးလေ။ ဒီထက်လည်း ပိုမရင့်သီးနိုင်ဘူး။ ကလေးသာသာ အရွယ်တုန်းကလို ပက်ခနဲ ပ ခနဲ ပြောလိုက်ဖို့ဆိုတာကလည်း ဒီအရွယ်မှာ မကောင်းတော့ မဟုတ်လား။

သံစဉ်မှ မဟုတ်ပါဘူး။ ထူးဝေတို့ ပြောတာတွေကို န တောင်ရတာ သူတို့ပို့လိုက်တဲ့ စာတွေကို ဖတ်ရတာ ကေခိုင်တော ရင်ထဲမှာ ကလိကလိနဲ့။

"အမှန်တော့ ... အဲဒီတုန်းက တို့ကံဆိုးတာပဲ"

"အဲဒီတစ်မတ်က လက်ထဲရောက်ပြီးမှပဲ ... အေလ ချိုဆိုတဲ့ကောင် ဝင်ရှုပ်တာ ..."

သံစဉ်နဲ့ မိုးကြည်ကြည်ဝေ ... အဲဒီလို ဗျစ်တောက်ဗ တောက်ပြောနေကြတုန်း ကေခိုင်လည်း တစ်ခုဝင်ပြောလိုက်တယ ရိုးရိုးတန်းတန်း ထွက်သွားတဲ့စကားပါကွာ။ ဒါပေမယ့် ...



အင်း ... ဟုတ်လည်းဟုတ်တာပေါ့။ မိသံစဉ်ခမျာ ဖြစ် သွားတာ ဆွေ့ဆွေ့ကိုခုန်လို့။

"သံစဉ် ..."

"ဟင် ..."

"ဒီအကြောင်းတွေကိုလေ သိလား ..."

"အင်း ..."

"နင်နဲ့ထူးဝေ ရပြီးတဲ့အခါကျရင် ..."

"အမ် ... ဘာ ..."

"ပြန်ပြန်ပြောပြီး သူ့ကျောကုန်းကြီးကို ထုစမ်းပါဟာ"

"အောင်မာ ... အောင်မာ ... ဘာကိစ္စထုရမှာလဲ ... ဘာကိစ္စ ပြောရမှာလဲ၊ နေပါဦး ... ဘာကိစ္စ ညားရမှာလဲ"

သံစဉ်မှာ ဖြစ်သွားလိုက်တာ။ ယိုင်ရမလို ထရမလို မျက်လုံးပြူးနဲ့ ဖြေရှင်းလိုက်ရတာ တံတွေးတောင် သီးမတတ်။ မိုးကြည်ကြည်ဝေကတော့ တခစ်ခစ်ရယ်တယ်။

"အေးဟာ ... နော် ... အဲဒီအခါကျရင် ပျော်စရာကြီး"

"လာပြန်ပြီတစ်ယောက် ... နင်တို့ပဲ ပျော်၊ နင်တို့ပဲ ပျော်၊ နင်တို့ပဲ ယူလိုက်ပါလား ..."

"ငါတို့ယူရအောင် ... သူက ငါတို့ကို ကြိုက်တာမှ မဟုတ်တာ ..."

သံစဉ်က ... ကေခိုင့်ကိုရော ကြည်ကြည်ဝေ့ကိုရော ခါးတောက်ရပ်ပြီး ရန်တွေ့မလိုကြည့်တယ်။

"ကောင်မတွေနော် ..."

www.burmeseclassic.com

www.burmeseclassic.com



ကေခိုင်တို့ကလည်း အလျှော့မပေးပါဘူး။

"ဘာလဲ ..."

"နင်တို့ကို ငါသိပ်တောင် မယုံတော့ဘူး"

"ဘာဖြစ်လို့ ..."

"နင်တို့က ငါ့ဆီမှာ ထူးဝေက ထည့်ထားတဲ့ သူလျှိုတွေလားတောင် မသိဘူး ..."

"ဟာ ... ဟ ..."

ကြည်ကြည်ဝေက ကေခိုင့်ပခုံးကို သူ့ပခုံးနဲ့ လာတိုက်ပြီး မျက်စပစ်ပြတယ်။

"ဟဲ့ ... ကေခိုင် ..."

"ဝေ့ ..."

"အဲလိုဆိုလည်း ကောင်းတာပေါ့ဟာ ... နော့"

"အေး ... ကောင်းတာပေါ့ဟ၊ ဂျိမ်းစ်ဘွန်းရုပ်ရှင်ကားနာမည်ကိုပြောပြီး ထူးဝေကို မေးစရာရှိတာ ဖေးရဦးမှာပဲ ..."

"အေးလေနော် ... ကိုယ့်ကိုချစ်တဲ့ သူလျှိုဆိုတာ The Spy Who Love Me ဘယ်သူ့ကို ပြောတာလဲ ... နင်နဲ့ငါနဲ့ကြားမှာ ထူးဝေ ပြတ်သားဖို့တော့လိုပြီ"

"ဒါပေါ့ဟ ..."

သံစဉ်က နှုတ်ခမ်းလေးကိုက်ပြီး ကေခိုင်တို့ကိုမျက်စောင်းထိုးတယ်၊

"ကောင်မတွေ ဖြစ်နေလိုက်တာ ..."

"ဖြစ်မှာပဲ ... ဖြစ်မှာပဲ ..."



"ဒီထူးဝေ အစုတ်ပလုတ်ကိုများ"

ဒီထက်ပိုပြီးတော့လည်း သူ ဘာမှမပြောတတ်ဘူး။ သံစဉ်ကိုကြည့်ပြီး တစ်ခါတစ်ခါတော့လည်း ကေခိုင် သနားရင်း ရယ်ချင်ပါတယ်။

အဲဒါ အင်္ဂလိပ်စာသင်တန်းကျောင်းမှာ ကေခိုင်တို့ ပြောဆိုငြင်းခုံနေကြတာပါ။ စာသင်ချိန်စောသေးလို့ ဘယ်သူမှ မရောက်ကြသေးဘူးလေ။

ခုနက ထူးဝေတို့ရဲ့ သဝဏ်လွှာကတော့ သံစဉ်ခုံထဲမှာ လာထည့်ထားတာ။

တဖြည်းဖြည်းနဲ့တော့ စာသင်ခန်းထဲကို တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြပြီ။ ဇေယျ ဝင်လာတယ်။ သူ့နောက်က အေလင်းချို ဝင်လာတယ်။

ဇေယျနဲ့ အေလင်းချိုက အပေါက်ဝကို ခြံရံပြီး ထူးဝေ ဝင်အလာမှာ ကိုယ်ရံတော်တွေလို ဘေးကလိုက်လာတယ်။ ထူးဝေ ရဲ့ လုံခြုံရေးကို စိုးရိမ်ရလို့ ကာကွယ်ပေးနေတဲ့သဘော။

"ဟွန်း ..."

ကြည့်ဖြစ်အောင်ကြည့်ပြီး မြင်ဖြစ်အောင် မြင်သွားတဲ့ သံစဉ်က နှာခေါင်းရှုံ့တယ်။ အဲဒါကိုပဲ ထူးဝေက သိသာအောင် တမင်တည်ထားတဲ့မျက်နှာနဲ့ပဲ လှမ်းကြည့်တယ်။

ပြီး ... ခေါင်းဆတ်ဆတ်ညိတ်တယ်။ ဘာမှလည်း မပြောဘူး။ သူကိုယ်ရံတော်နှစ်ယောက်နဲ့အတူ သူတို့ခုံတန်းမှာ ဝင်ထိုင်တယ်။ ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ကေခိုင်တို့ဘက်ကို ယောင်လို့တောင် လှည့်မကြည့်ကြဘူး။ ထူးဝေက ဟိုဟာသည်ဟာ လိုတယ်ဆိုရင် ကျန်တဲ့နှစ်ကောင်က ပျာပျာသလဲ ယူပေးကြတယ်။ ထူးဝေ စီးကရက်သောက်မယ်ဆိုရင် တစ်ယောက်က ပါးစပ်မှာ စီးကရက်တပ်ပေးပြီး တစ်ယောက်က မီးညှိပေးတယ်။

ကေခိုင်တို့ကို ဘာမှလုပ်တာတော့ မဟုတ်ဘူးပေါ့ကွာ။ ကေခိုင်တို့ မြင်သာမယ့်နေရာမှာ သူတို့ဘာသာသူတို့ လုပ်နေကြတာ။ လုပ်ပြနေကြတာ။

မြင်နေရတော့လည်း ကေခိုင်တို့ ဒေါသထွက်တာပေါ့။

ဟိုလေ ... သိတယ်မဟုတ်လား။ ဘာရယ်တော့ မဟုတ်ဘူး။ အမြင်ကတ် ခံပြင်းတာမျိုး။ ဘာကြောင့်တွေမှန်းကို မသိဘူး။

မိုးကြည်ကြည်ဝေက သွားပြီး အစလုပ်တယ်။ ဓေယျကို လှမ်းပြောတယ်လေ။

"ဟဲ့ ... ဓေယျ ..."

ဟိုကောင်က ကောင်းကောင်းမထူးဘူး။

"ဟဲ့ ... မိုးကြည်ကြည်ဝေ ..."

မိုးကြည်ကြည်ဝေက ဆက်ပြောမယ့်စကားတောင် ဘယ်ရောက်သွားမှန်း မသိဘူး။ နှုတ်အသွားတယ်။ ပြီးတော့မှ ...

"ငါက အကောင်းပြောမလို့ ..."

"အေးလေ ... ပြောပါ။ ငါလည်း အကောင်းနားထောင်မလို့ပါ ..."



"ငါ ... နင်တို့ကို ပုံပြင်တိုတိုလေးတစ်ပုဒ် ပြောပြမလို့"

"ရယ်ရလား ..."

"ရယ်ချင်ရင်လည်း ရယ်လို့ရတဲ့ပုံပြင်မျိုးပေါ့ဟာ ... သင်ခန်းစာယူစရာလည်း ပါတာပေါ့ ..."

ဓေယျက ထူးဝေနားကိုကပ်ပြီး ကြည်ကြည်ဝေ့စကားကို ပြန်ပြောပြတဲ့ပုံမျိုးလုပ်တယ်။ နှုတ်ခမ်းလှုပ်ပြီး တတွတ်တွတ် သွားပြောနေတာပေါ့။ ထူးဝေက မျက်နှာတည်ကြီးနဲ့ပဲ။ ဓေယျစကားကို ခေါင်းညိတ်ပြတယ်။

အဲဒီတော့မှ ...

"အင်း ... ပြောပါဦး ... နင့်ပုံပြင်ကို ..."

ကြည်ကြည်ဝေက "သောက်မြင်ကိုကတ်တယ်" လို့ တီးတိုးညည်းပြီး ...

"ဒီလိုဟ ... တစ်ခါတုန်းက အင်မတန်လှပတဲ့ မျောက်မလေးတစ်ကောင်ကို ပြောင်ချော်ချော် မျောက်တစ်ကောင်က အဖေအမေဆီမှာ လာတောင်းတယ် ... အဲဒီမှာ မျောက်အဖေကြီးနဲ့ မျောက်အမေကြီးက ငြင်းလွှတ်လိုက်တယ်တဲ့ ..."

"ဘယ်လိုငြင်းလွှတ်လိုက်တာလဲ ..."

"ဪ ... ဒီလိုပါ ..."

"အင်း ... ဆိုစမ်းပါဦး"

"ငါတို့သမီး မျောက်ချောမျောက်လှကလေးကို မင်းလို ပြောင်ချော်မျောက်နဲ့တော့ မပေးစားဘူးဟေ့ ... ဟိုကိုသာ အမြီး

www.burmeseclassic.com

www.burmeseclassic.com



တပ်ပြီး ပေးစားရင်ပေးစားလိုက်မယ် ... မင်းနဲ့တော့ မပေးစားဘူးတဲ့ ...”

“ဩော် ... အဲလိုလား ... ခွေးကို အမြီးဖြတ်ပြီး ပေးစားသလိုမျိုးပေါ့ ... လူကို အမြီးတပ်ပြီး ပေးစားမှာမဟုတ်လား ... ဆက်ပါဦး ... ပုံပြင်ကို ...”

“မဆက်တော့ဘူး ... ပြီးပြီ ... ပုံပြင်က ဒါပဲ”

“ဩော် ...”

အေလင်းချိုက တစ်ခုခုဝင်ပြောမလိုလုပ်တယ်။ ဒါပေမယ့် မပြောလိုက်ရဘူး။ စာသင်ဖို့ ဆရာဝင်လာတယ်လေ။

သဘောကျလိုက်တာ။ သောက်ကောင်တွေ ခံသွားရတယ်။ လက်မနှစ်ချောင်းကို လက်သည်းချင်းတီးပြီး မိုးကြည်ကြည်ဝေကို အားပေးလိုက်တယ်။

သိစဉ်လည်း ပြုံးလုံ့လုံ့ ဖြစ်နေတယ်။

“အရသာရှိလိုက်တာ ...”

“အေး ... ဟုတ်ပ”

မိုးကြည်ကြည်ဝေရဲ့ စကားကို တီးတိုးထောက်ခံပြီး ဆရာမမြင်အောင် ရယ်ကြရတယ်။ အပြန်လမ်းမှာလည်း အောင်ပွဲရလာသူတွေလို ဝမ်းမြောက်ဝမ်းသာ ဖြစ်လို့ပေါ့။

ဒါပေမယ့်ကွာ ... ဟိုကောင်တွေကလည်း လူညံ့တွေမှ မဟုတ်တာ။ နောက်နေ့ကျတော့ ကေခိုင်တို့ကို ပြန်နှိပ်ကွပ်ပါလေရော။



သင်တန်းခန်းမထဲမှာ သူတို့က အရင်ကြိုရောက်နေကြတယ်လေ။

ထူးဝေက ကျန်တဲ့နှစ်ယောက်ကို အရေးဆိုတယ်။ ကျန်တဲ့နှစ်ယောက်က ဖျောင်းဖျပြောဆိုနေကြတယ်။

“ဘယ်မှာလဲဗျ ... ခင်ဗျားတို့ပြောတဲ့ မျောက်မလေး ... မလာသေးပါလား ...”

“ရောက်လာပါပြီ ... ရောက်လာပါပြီ ... မကြာခင် တွေ့ရတော့မှာပါ ...”

“တကယ်ရော ... မျောက်ချောမျောက်လှလေး ဟုတ်ရဲ့လား ...”

“အို ... ချောမှချော လှမှလှ ...”

“အင်း ... ကြည့်ကြသေးတာပေါ့လေ ... ခင်ဗျားတို့ ပေးစားမယ်ဆိုလို့သာ ယူရမှာ ... ကျုပ်က အိမ်ထောင်ပြုချင်စိတ် ရှိတာမဟုတ်ဘူး ...”

ကေခိုင်တို့ သုံးယောက်လုံး အဲဒီတုန်းက အခန်းထဲက ပြန်ထွက်သွားခဲ့ရင် စိတ်တိုစရာတွေ ဒီလောက်ကြားရမှာ မဟုတ်ဘူး။ ဒါပေမယ့် ဘာအကြောင်းပြချက်မှ မရှိပါဘဲနဲ့ ပြန်လည်းမထွက်ချင်ကြဘူး။

ကိုယ့်ခုံမှာ ကိုယ်ဝင်ထိုင်နေလိုက်ကြတယ်။ အဲဒီတော့ သူတို့ကို မြင်နေကြားနေရတယ်။ အမှန်တော့ ကိုယ်တို့အပြစ်ပါ။

စိတ်တိုရတော့တာပေါ့ကွာ ...။

“အေးလေ ... လူပျိုဘဝကို စွန့်လွှတ်ရဦးတော့မှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



အဲလို ညည်းပြောပြောရင်း ထူးဝေက လမ်းထလျှောက်တယ်။ သံစဉ်မြင်အောင် လျှောက်ပြတာပါ။ ပထမတော့ အမှတ်တမဲ့ ဖြစ်နေသေးတယ်။ နောက်တော့ သတိထားမိလိုက်တယ်။ သံစဉ့်ကိုယ်စား ကေနိုင်တောင် အသည်းယားလိုက်တာ။

ထူးဝေလေ ...

နောက်မှ အမြီးကြီးတပ်လို့။

မိုးကြည်ကြည်ဝေကို လှည့်ကြည့်မိတယ်။ ကြည်ကြည်ဝေကလည်း နားသယ်စကို ဆံပင်တွေသပ်တင်ရင်း အူတူတူကလေး ဖြစ်လို့။

သူပဲ လူကို အမြီးတပ် ပေးစားမယ်ဆိုတာကိုး။ အခု ဟို ကတပ်လာပြီလေ။ ကဲ ... ဘယ်လိုလုပ်မလဲ။ ကိုယ်တို့ရဲ့ မျောက်မဖလေးနဲ့ ပေးစားတော့မှာလား။

ပေးစားတာ မပေးစားတာ အပထား။ ခုလောလောဆယ်တောင် သံစဉ်မှာ လူစင်စစ်က မျောက်ကလေး ဖြစ်နေရပြီ။ မိသံစဉ် မျက်နှာလေးကို ရဲလို့။

ထူးဝေက ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာက ဟိုနှစ်ကောင်ကို လှည့်ပြောတယ်။

"အမှန်တော့ မိန်းမ မယူချင်သေးဘူး ... ဒါပေမယ့် ခင်ဗျားတို့ ပြောပြီးဆိုပြီး ဖြစ်နေပြီဆိုတော့လည်း ယူရတော့မှာပေါ့ ... မျက်စိစုံမှိတ်ပြီး တစ် ... နှစ် ... သုံး ... လို့အော်ပြီး ယူရတော့မှာပေါ့ ..."

အေလင်းချိုက ဝင်ထောက်တယ်။



"မျက်စိစုံမှိတ်ပြီး ယူတာကတော့ ဟုတ်ပါပြီ ... ဘာလို့ တစ် ... နှစ် ... သုံး ... အော်ရမှာလဲ ..."

"ဩော် ... ဒါက ဒီလိုပါ"

"အင်း ... ရှင်းစမ်းပါဦး ..."

"မိန်းမယူရင် အဲဒီအချက်သုံးချက် ဖြစ်လိမ့်မယ်ဗျ ... တစ်ဆိုတဲ့အတိုင်း တစ်လိမ့်မယ် ..."

"ဘာလဲ ... ဘယ်လိုတစ်မှာလဲ ..."

သံစဉ်ကို မသိမသာ လှမ်းကြည့်မိတယ်။ သူလည်း နားတော့စွင့်နေတယ်။ မျက်ခုံးအတွန့်ချိုးပြီး နဖူးကြောက ရှုံ့နေပြီ။

"ဩော် ... တစ်ဆိုတာဗျာ၊ ကိုယ် အခန်းထဲဝင်ပြီဆို သူက အခန်းထဲက ထွက်လာလိမ့်မယ် ... ကိုယ်က အခန်းထဲက ထွက်မယ်ဆိုရင် သူက အခန်းထဲဝင်လာလိမ့်မယ် ... အဲဒီလိုနဲ့ တစ်တစ်နေရလိမ့်မယ် ..."

ဖေယျက ...

"ဩော် ... ဩော် ... မှတ်လောက်သားလောက်ပါပေတယ်ဗျာ ... ဒါနဲ့ 'နှစ်'ကရော ..."

"မိန်းမက ကိုယ့်ကို နှစ်လိမ့်မယ်ဗျ ... ဥပမာ ကိုယ်က ကိုယ့်မိန်းမကို အလိုလိုက်ချင်လို့ ဗန်ကောက်သွားမလား ... ပါဂျရီ ယမလားဆိုရင် ... သူက ကိုယ့်ကို ဗန်ကောက်မှာ ပါဂျရီသွားယ်ဖို့ ပြောလိမ့်မယ် ... ကိုယ့်ကို နှစ်လိမ့်မယ် ... ကိုယ့်မှာ နှစ်ပါလေရော"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ ထူးဝေက ရေထဲနစ်သူတစ်ယောက် လို ယက်ကန်ယက်ကန် လုပ်ပြတယ်။

အေလင်းချိုက သံဝေဂရတဲ့မျက်နှာနဲ့ ...

"ကျွတ် ... ကျွတ် ... ကျွတ် ... ဖြစ်မှဖြစ်ရလေ၊ ဒါနဲ့ 'သုံး'ကရော ... "

"သုံး ... ဆိုတဲ့အတိုင်း သူက ကိုယ့်ကို အသုံးချလိမ့်မ သုံးလိမ့်မယ် ... အဆိုတောင်ရှိတယ် မဟုတ်လား ... "

"လုပ်ပါဦး ... ဘာများလဲ"

"ယောကျ်ားများသည် မိန်းမလိုချင်၍ မင်္ဂလာဆောင်ကြ သည်၊ မိန်းမများသည် မင်္ဂလာဆောင်ချင်၍ ယောကျ်ားယူကြသည် ဆိုတာလေ ... "

"ဩော် ... ကြားဖူးတယ် ကြားဖူးတယ် ... "

"အင်း ... အဲလိုပေါ့ဗျာ၊ ကိုယ်က သူ့ကို လိုချင်လို့ မင်္ဂလာ ဆောင်တာ ... သူကတော့ မင်္ဂလာဆောင်ချင်လို့ ကိုယ့်ကိုယူတာ အဲဒီမှာကတည်းက ကိုယ့်ကို အသုံးချနေပါရောလား ... "

"ဟုတ်ပါ့ဗျာ ... ဟုတ်ပါ"

တခြားကျောင်းသားကျောင်းသူတွေကလည်း ဘာမှဝင် မပြောကြဘူး၊ ရယ်နေကြတယ်။ ကေဒိုင်ကတော့ ဒီအတိုင်း နား ထောင်မနေနိုင်ဘူး။

"ကြည်ကြည်ဝေ ... "

"ဟေ ... "

"ငါတို့ ဒီအတိုင်း ငြိမ်ခံနေလို့တော့ မဖြစ်ဘူးထင်တယ်"



"အင်း ... မခံချင်ပေမယ့်လည်း ခံရတော့မှာပဲ ... "

"အောင်မာ ... ဘာဖြစ်လို့လဲ"

"ဆရာရောက်နေပြီဟဲ့ ... "

သံစဉ်ကလည်း ဝင်ပြောတယ်။

"ထားထား ... ဒီကောင်တွေကို ဂရုစိုက်မနေနဲ့တော့ ... အိပ်ရေးပျက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေ့ခင်း သံစဉ့်အိမ်မှာ ကေနိုင်တို့ ဆုံဖြစ်ကြတယ်။ သံစဉ်က သူ့အိပ်ရာထဲမှာလှဲပြီး Rick Nelson ရဲ့ I can't stop loving you သီချင်းကို နားထောင်နေတယ်။ စိတ်အေးလက်အေးပါပဲ။

ကေနိုင်တို့လည်း ဟိုပြောသည်ပြောနဲ့ပဲ စိတ်ကြည်သာနေကြတဲ့အချိန်ပေါ့။

"ဟဲ့ ... အားတဲ့နေ့ကျရင် မန္တလေးသိန်းဇော် ဓာတ်ပွဲသွားကြည့်ရအောင် ..."

"တော်ပါဟာ ..."

"သူကလည်း ဓာတ်စင်ပေါ်မှာ ကဗျာရွတ်တယ်ဟာ ... ထူးဝေနဲ့ ရင်းနှီးတယ်၊ ထူးဝေ ရှာမွေထားတဲ့ ကဗျာကြီးကို ရွတ်ပြနေပါဦးမယ် ..."

ရယ်ဖြစ်ကြတယ်။

"အေးလေ ... နင့်ခေါင်းထဲမှာ ထူးဝေက အမြဲတမ်း



ရောက်နေတာပဲ"

"အောင်မာ ... မိန်းမတွေနော် ... မိန်းမတွေ"

"အေး ... ဟုတ်ပါတယ်၊ တို့က မိန်းမတွေပါ ... ထူးဝေကသာ ယောကျ်ားကြီးပါ ..."

"ထူးဝေသာလျှင် ယောကျ်ားစင်စစ် ကေနိဖြစ်ပါတယ်"

"နင်တို့က ဘယ်လိုလုပ်သိလဲ ..."

ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားတယ်။ အဲဒီတော့လည်း သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြပါတယ်။

"သံစဉ် ..."

"ဟင် ..."

ကြည်ကြည်ဝေက ...

"ငါ အကောင်းပြောမလို့ ..."

သံစဉ်က ကက်ဆက်ကသီချင်းကို ခပ်တိုးတိုး လိုက်ညည်းရင်း ...

"ဘာပြောမလို့လဲ ..."

"နင့်ဘဝမှာ ပျော်စရာတွေ ရင်ပဲဖြစ်ဖြစ် ... ဝမ်းနည်းစရာတွေ ရင်ပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကို ရင်ဖွင့်ပြောပြချင်စိတ်ရှိဘူးလား ..."

သံစဉ်က မျက်လုံးကလေး ကလယ်ကလယ်လုပ်ပြီး ခဏတွေးစားတယ်။

"အင်း ... ရှိတာပေါ့ဟ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင်တော့ သေချာပါပြီ ..."

"ဘာ ... သေချာတာလဲ"

"နင် ရည်းစားလိုချင်နေပြီ ..."

"ဟင် ... ငါက အကောင်းပြောမယ်ဆိုလို့ ..."

အိပ်ရာပေါ်က လူးလဲထလာတယ်။

ကြည်ကြည်ဝေက ရယ်ပြီး ဆက်ပြောတယ်။

"ထူးဝေကို နင် ဘာလို့ လက်မခံချင်ရတာလဲ ..."

ကေနိုင်က ဖြတ်မေးလိုက်တယ်။

"ထူးဝေမှာ ငြင်းစရာ ဘာအချက်ရှိလို့လဲ ..."

သံစဉ် ... တွေကွေဝေဝေ ဖြစ်သွားတယ်။ နှုတ်ခမ်းပါး ကလေးတွေ လှုပ်လှုပ်ရွရွနဲ့ ပြန်ဖြေဖို့တော့ စကားလုံးရှာပါတယ်။

ဒါပေမယ့် ... တော်တော်နဲ့ ဘာသံမှ ထွက်မလာဘူး ... နောက်မှ ...

"အင်း ... ဘယ်လိုပြောရမလဲတောင် မသိပါဘူး"

တကယ်ပါပဲ။ ထူးဝေကို ငြင်းရမယ့်အကြွက်လည်း သိ မရှိဘူး။ ထူးဝေတို့က အချမ်းသာကြီး မဟုတ်ပေမယ့် မဆင်းရဲ ဘူး။ သံစဉ်တို့လောက်တော့လည်း ပိုက်ဆံမရှိဘူးပေါ့လေ။

ထူးဝေမိဘတွေက ဖိနပ်လုပ်ငန်း လုပ်တယ်။ ထူးဝေ ကလည်း မိဘလုပ်ငန်းတွေကို ပေါ့ပေါ့ပါးပါးပဲ ဝင်ဦးစီးတယ်။

ပေါ့ပေါ့ပါးပါးဆိုတဲ့စကားက တမင်ခံထားတာလေ။ သူ ကိုယ်တိုင် ဘာမှဝင်မလုပ်ဘူး။ နိုင်းတတ်ဖို့၊ စီစဉ်ညွှန်ကြားတတ် ဖို့ပဲ လိုတယ်လို့ ပြောတယ်။ သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲ။



ထူးဝေမှာ ဆိုင်ကယ်အစုတ်ကြီး တစ်စင်းရှိတယ်။ သူတို့ရဲ့ ဖိနပ်စက်ရုံတွေကို အဲဒီဆိုင်ကယ်အစုတ်ကြီးနဲ့ တဘုံးဘုံးလျှောက်သွားပြီး လိုအပ်တာတွေ စီစဉ်ညွှန်ကြားနေတတ်တယ်။

တကယ့်ကို ပေါ့ပေါ့ပါးပါးပဲ။ ဆိုင်ကယ်ကြီး 'လေး'တာက လွဲရင်ပေါ့လေ။

ဖဲ၊ အရက်၊ မိန်းမ ဘာတစ်ခုမှ သူက လိုက်စားတာလည်း မရှိဘူး။ ရည်းစားလည်း တစ်ခါမှ မထားဖူးဘူး။ သဘောလည်း ကောင်းတယ်။ မျက်နှာကလည်း အမြဲတမ်း ချိုနေတာပဲ။

သားချင်းအနေနဲ့ အစ်ကိုကြီးတစ်ယောက်ရှိတယ်။ ခု ... နိုင်ငံခြား ရောက်နေတယ်။

ထူးဝေက ... သံစဉ့်ကို ရည်းစားစာ ပေးတယ်ဆိုတော့ ကေနိုင် အံ့သြမိတာတော့ အမှန်ပဲ။ သဘောတူတယ် မဟုတ်ပေမယ့် မတူဘူးလည်း မဟုတ်ပါဘူး။ သံစဉ်အနေနဲ့ ပြန်ကြိုက်မယ်ဆိုရင် ကြိုက်လို့ရတယ်လို့ မြင်မိတယ်။

အဟဲ ... ။

"လာပါကွာ ... အဲဒါတွေ မပြောချင်ဘူး၊ လာကြ ... အရိုင်းအခွေ သွားငှားကြရအောင် ..."

နည်းနည်းပါးပါး မျက်နှာလေး ဆံပင်လေးကို ပြင်ဆင်ပြီး သုံးယောက်သား လမ်းပေါ်ထွက်ခဲ့ကြပြန်တယ်။ သံစဉ် ငှားလေ့ရှိတဲ့ ဗီဒီယိုခွေအငှားဆိုင်က မြို့ထဲမှာ။ အဲဒီလိုနဲ့ လမ်းလျှောက်သွားကြရင်း ...

"ဟယ် ... ဦးသောင်းထွန်းကြီးတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမြောင်းစပ်မှာ (အန္တရာယ်ကို မလွှယ်နိုင်လို့) ရှုံ့ရှုံ့ထိုင်ပေါက်နေတဲ့ ဦးလေးကြီးတစ်ယောက်ကို ကြည့်ပြီး မိသံစဉ်က လွှတ်ခနဲ ရေရွတ်လိုက်တာပါ။ သူ့ကိုကြည့်ရတာ ပျော်သွားပုံလည်း ရတယ်။

"ဘယ်ကလဲ ..."

"ငါတို့အိမ်နဲ့ အသိပါ၊ မတွေ့တာတောင် ကြာပြီ ... လူပျိုကြီး ... အရမ်းရယ်ရတဲ့ ဦးလေးကြီး ... ခဏဟာ ..."

အဲဒီလူကြီး ရှုံ့ရှုံ့ထိုင်ပေါက်နေတဲ့နောက်မှာ ကေနိုင်တို့သုံးယောက် ရပ်စောင့်နေရသေးတယ်။

သံစဉ် ပြောတဲ့အတိုင်း ဦးလေးကြီးကလည်း အန္တရာယ်ကို ဘယ်လောက်ကြာကြာ လွှယ်ခဲ့ရတယ်မသိဘူး။ ပြီး ... မပြီးနိုင်ဘူး။

"ငါ ... ဆီးထုပ်ဝယ်လိုက်ဦးမယ် ..."

မိသံစဉ်က ကားလမ်းတစ်ဘက်မှာ ဆီးထုပ်သွားဝယ်တယ်။ ကေနိုင်နဲ့ ကြည်ကြည်ဝေပဲ ဦးသောင်းထွန်းဆိုတဲ့ ဦးလေးကြီးကို သံစဉ့်ကိုယ်စား ရပ်စောင့်နေရတယ်။

"သံစဉ်ကဟာ ... ပြီးမှသွားဝယ်တာ မဟုတ်ဘူး"

"အေးလေ ... ဒီမှာက ..."

အဲလိုပြောနေကြတုန်းမှာပဲ ဦးသောင်းထွန်းဆိုတဲ့ လူပျိုဦးလေးကြီးက အန္တရာယ်ကို လွှယ်စရာမရှိတော့ဘဲ ထလာပါတယ်။ ခပ်တည်တည်နဲ့ နောက်ဘက်ကို ပြန်အလှည့် ...

"အဲ ..."



သူ့ကိုရပ်ကြည့်နေတဲ့ ကေနိုင်တို့နှစ်ယောက်ကိုတွေ့တော့ ရှိုးတိုးရှန့်တန့် ဖြစ်သွားတယ်။

"ဘာ ... ဘာကြည့်နေတာလဲ ..."

ဟုတ်တာပေါ့။ သူ့ အနေရခက်မှာပေါ့။

ကြည်ကြည်ဝေက ...

"မဟုတ်ပါဘူး ... ဦးလေးကြီးကို ကြည့်တာမဟုတ်ပါဘူး"

ဦးလေးကြီးက ပိုပြီး ရှိုးတိုးရှန့်တန့် ဖြစ်သွားတယ်။

"ဒါဖြင့် ... ဘာ ... ဘာကို ကြည့်နေတာလဲ ..."

"ဩော် ... ခက်တော့တာပဲ၊ ဘာကိုမှကြည့်တာမဟုတ်ပါဘူး ... ဟဲ့ ... သံစဉ် ... ဒီမှာ ..."

သံစဉ့်ကို လှည့်ခေါ်တယ်။

"လာပြီလာပြီ ... ဦးလေးဦးသောင်းထွန်းကြီးနေကောင်းတယ် မဟုတ်လား ..."

"ဩော် ... အေး ... သံစဉ်ပဲ၊ ကောင်းပါတယ် ... နင့်အဖေရော နေကောင်းလား ..."

"ကောင်းတယ် ... ကောင်းတယ် ..."

သံစဉ်နဲ့ လူပျိုကြီး ဦးသောင်းထွန်း ခဏစကားရပ်ပြောကြတယ်။

"ကဲ ... သွားသွား ... နင်လည်း သွားစရာရှိတာ သွားတော့ ... ငါလည်း သွားတော့မယ်"

"အင်း ... အင်း ... ဦးလေးကြီးရဲ့ တူတော်မောင်ကိုအုန်းရွှေကြီးရော နေကောင်းလား ..."

www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

ဦးသောင်းထွန်းမျက်နှာက တစ်မျိုးဖြစ်သွားတယ်။

"အဲဒီအကောင် အခြေအနေ မဟန်ဘူးဟ ..."

"ဟင် ... ဘာဖြစ်နေလို့လဲ"

"သူ့ကောင်မလေး နိုင်ငံခြားသွားတာကို လိုက်သွားမယ် တကဲကဲဖြစ်နေတယ် ..."

"သြော် ..."

သံစဉ်က ဗိုလ်အောင်ဒင် ရယ်နည်းအတိုင်း ရယ်လိုက်တယ်။ ပြီး ...

"ကိုအုန်းရွှေကြီးက အကြောထနေတယ်ပေါ့လေ ..."

"အဲလိုတော့ မဟုတ်ဘူးဟ ..."

လူပျိုကြီးဦးသောင်းထွန်းက မျက်မှောင်ကြုတ်ပြီး အလေးအနက်ခေါင်းခါတယ်။

"သူ ... အချစ်ဆိုလား ... ဘာလား ... အဲဒါ ဖြစ်နေတာ"

ပြောပြီး ... ဦးသောင်းထွန်းက လှည့်ထွက်သွားပါတော့တယ်။ သံစဉ်လည်း ကေခိုင်တို့နဲ့အတူ ကိုယ့်လမ်းကိုယ် ဆက်လျှောက်လိုက်တယ်။

ကြည်ကြည်ဝေက ...

"သံစဉ် ..."

"ဟင် ..."

"နင် ကြားတယ်မဟုတ်လား ..."

"ဘာကိုလဲ ..."



"ထူးဝေလည်း နင့်ကို အဲဒီလို ဖြစ်နေတာနေမယ်"

ကေခိုင်ကလည်း ဝင်ပြောလိုက်တယ်။

"ဟုတ်တယ် ... ထူးဝေကလည်း အကြောထတာ မဟုတ်ဘူး ..."

"ဒါပေါ့ ... ထူးဝေက နင့်ကို အချစ်ဆိုလား ဘာလား ... အဲဒါ ဖြစ်နေတာ ..."

သံစဉ် စိတ်ကောက်ချင်သလို ဖြစ်သွားတယ်။

"အဲဒါဆိုရင် အကြောထချင်တာက ငါပေါ့ ... ဟုတ်လား"

"အဲဒီလိုတော့ မဆိုလိုပါဘူး ..."

"အတိအကျတော့ မပြောနိုင်ဘူးပေါ့ဟာ ..."

"တော်တော့ ... တော်တော့ ... သောက်ကောင်မတွေ"

နောက်ဆုံးကျတော့လည်း စကားစက အဲဒီလိုနဲ့ပဲ နိဂုံးချုပ် ... ချုပ်သွားရတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရက်တွေထဲမှာ ရာသီဥတုက ပူလာပြီ။ ဆောင်းကနေ နွေကို ကူးတော့မယ်။ မထင်မှတ်တဲ့ အဖြစ်အပျက်တွေဟာ မထင်မှတ်တဲ့အချိန်မှာ ဖြစ်ပျက်လာတတ်တယ်ဆိုတဲ့ စကားအတိုင်းပဲ။ တစ်နေ့မှာ ...

အအေးဆိုင်မှာ သံစဉ်နဲ့အတူ ကေခိုင်ရယ်၊ မိုးကြည်ကြည်ဝေရယ် ထိုင်နေကြတုန်း ...

"ဟယ် ... ဟိုမှာ ..."

ဆိုင်ထဲကို ထူးဝေ ဝင်လာပါတယ်။ ကေခိုင်တို့ရဲ့ ဝိုင်းကိုမှ တည့်တည့်လျှောက်လာပါတယ်။ လက်ထဲမှာလည်း ဘာတွေကိုင်လာလဲ မသိဘူး။

"တို့ဆီကို လာနေတာဟ ..."

သံစဉ်ကို လှည့်ကြည့်မိတယ်။ သံစဉ်လည်း ဘာမှန်းသိပုံမရဘူး။ နဝေတိမ်တောင်ကလေး ဖြစ်နေတယ်။

ထူးဝေက စားပွဲမှာ လာရပ်တယ်။



"ထိုင်ပြီနော် ..."

ထိုင်မယ်နော်လို့ ပြောတာလည်း မဟုတ်ဘူး။ ခွင့်တောင်းတာလည်း မဟုတ်ဘူး။ သူ့ဘာသာသူ အသိပေးပြီး ဝင်ထိုင်တဲ့သဘောပါပဲ။

ကေခိုင်တို့က သူ့ကိုခပ်တည်တည်နဲ့ ကြည့်နေလိုက်ကြတယ်။ သူကလည်း အလျှော့မပေးပါဘူး။ ကေခိုင်တို့သုံးယောက်လုံးကို ခပ်တည်တည်နဲ့ ပြန်ကြည့်တယ်။

အထူးသဖြင့် သံစဉ်ကိုပေါ့။

"သံစဉ် ..."

သံစဉ်က မထူးဘူး။ ဘာလဲဆိုတဲ့အကြည့်နဲ့ ပြန်ကြည့်တယ်။

"ငါ ... နင့်ကို လက်ဆောင်လာပေးတာပါ ... Summer Present ပေါ့။ နွေရာသီလက်ဆောင်လို့ ဆိုပါစို့ ..."

သံစဉ်ကလည်း ဘာမှပြန်မပြောဘူး။ ပြန်ပြောဖို့လည်း အချိန်က မရလိုက်ဘူး ထင်ပါရဲ့ကွာ။ ထူးဝေက သူ့ဘာသာ တစ်ဆက်တည်း လျှောက်ပြောနေတာကိုး။

"ဒီမှာ ... နင့်အတွက်ဖိနပ် ..."

ဖိနပ်လှလှလေးတစ်ရံ ပြတယ်။ အတော်လှပါတယ်။ သံစဉ်လည်း မကြည့်ဘဲ မနေနိုင်ဘူး။ ကြည့်မိတယ်။ သူစီးနေကျ ဖိနပ်အရွယ်အစားအတိုင်း ကွက်တိမို့လို့ အံ့သြချင်သလိုတောင် ဖြစ်သွားသေး။

"ဒါက နောက်တစ်ခု ..."

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်ကို တစ်ခုတင်တယ်။ ပက်ကင်ထုပ်ထားတဲ့ ပစ္စည်းတစ်ခုပါပဲ။ ပေ့ါပေ့ါပါးပါး ရှိတယ်။ ဘာရယ်လို့တော့ မပြောတတ်ဘူး။

"ဒီပစ္စည်းတွေဟာ နင့်အတွက် ငါ့ရဲ့ နွေရာသီလက်ဆောင်ပေ့ါ ... ယူသွားနော်"

သံစဉ်က ခေါင်းငုံ့နေတယ်။ သံစဉ်များ တစ်ခုခု ပြန်ပြောလေမလားလို့ သူ စောင့်နေသေးတယ်။ ဒါပေမယ့် ... သံစဉ်က ဘာမှပြန်မပြောတော့ နောက်ဆုံးမှာ ထိုင်ရာကထတယ်။

"ကဲ ... ငါ သွားမယ်၊ ကျေးဇူးပါပဲ ..."

ဆိုင်ထဲကနေ ခြေလှမ်းကျဲကျဲနဲ့ ပြန်ထွက်သွားတယ် ... သူ ခပ်ဝေးဝေးရောက်တော့မှ ...

"ဟဲ့ သံစဉ် ... ခေါင်းလေးဘာလေး ပြန်မော့ပါဦး ... ဘာတွေ ဗီလင်တက်နေတာလဲ ..."

သံစဉ်က မျက်စောင်းနဲ့အတူ ခေါင်းပြန်မော့လာတယ်။ တစ်ခုခုကို အတွေးလွန်နေတာကနေ လန့်နိုးသွားသလိုပဲ။

"ဒီကောင် ... ဘာကောင်မှန်း မသိဘူး"

"အေး ... အဲဒါ ပြောရဦးမယ် ..."

"ဘာလဲ ..."

"ထူးဝေက ... သူ့ကိုယ်သူ ဂီတပညာရှင်လို့ ပြောပြောနေတယ် ... Musician တဲ့ ..."

"ဘာဖြစ်လို့ ..."

"သံစဉ့်ကို ပိုင်ဆိုင်သူတဲ့လေ ..."



"ဘာ ... တောက် ... ဟင်း ... ဟိုဒင်းလေ ... ငါ ... ဘယ်လိုဆဲရမှန်းကို မသိတော့ဘူး ... ဒီသောက်ကောင်ဟာ ..."

ကြည်ကြည်ဝေကတော့ ပါဆယ်ထုပ်ကြီးကို စိတ်ဝင်စားနေတယ်။ ကောက်ကိုင်ကြည့်ပြီး ...

"ဘာလဲမသိဘူးဟ ..."

ကေနိုင်ကလည်း ဆွဲယူကိုင်ကြည့်လိုက်တယ်။

"စုဘူးကြီးလား မသိဘူး ..."

ကြည်ကြည်ဝေ ငြင်းတယ်။

"ငါကတော့ အရုပ်တစ်ခုခုဖြစ်မယ်လို့ ထင်တယ် ..."

ကေနိုင်တို့ အဲလိုပြောနေကြတာကိုကြားတော့ သံစဉ်က သူ့ရဲ့သက်ဆိုင်ရာ ပါဆယ်ထုပ်ကြီးကို မထိရဲ မတို့ရဲနဲ့ ကြည့်ရုံကြည့်နေတယ်။

"သံစဉ် ..."

"ဘာလဲ ..."

"ဒီအထုပ်ကြီးက ဘာကြီးဖြစ်မယ်လို့ထင်လဲ ..."

"ဘယ်သိမလဲ ..."

"မှန်းပြောကြည့်စမ်း ..."

သံစဉ်က အထုပ်ကို ယူကိုင်ပြီး လက်ထဲမှာ ချိန်ဆကြည့်တယ်။ နားနားကပ်ပြီးတော့လည်း လှုပ်ကြည့်တယ်။ ဘာသံမှ မကြားဘူး။

"အင်း ... ငါ့အထင်တော့"

"အင်း ... ပြောပါဦး ..."

www.burmeseclassic.com

www.burmeseclassic.com



"ပစ်တိုင်းထောင်ကြီးလား မသိဘူးဟ … ပစ်တိုင်းထောင် ရုပ် ခပ်သေးသေးပေါ့ … "

"ပြောနေ ကြာတယ်ဟာ … ဖွင့်ကြည့်လိုက်စမ်းပါ"

ကေနိုင်က အဲဒီလို ခပ်သွက်သွက်ဝင်ပြောလိုက်ချိန်မှာပဲ ကြည်ကြည်ဝေကလည်း ကေနိုင့်စကားအတိုင်း ခပ်မြန်မြန် ဆွဲဖြေလိုက်တယ်။ ထွက်လာတဲ့ပစ္စည်းက …

"ဟင် … "

"ဟယ်တော့ … "

"ဘာကြီးလဲ … "

ပစ္စည်းကို သေသေချာချာကြည့်ပြီး ဇဝေဇဝါ ဖြစ်သွားကြရတယ်။

"ဟဲ့ … ရေဘူးကြီးဟ … "

"အေးဟ … သောက်ရေဘူးကြီး … "

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ သံစဉ်က နှုတ်ခမ်းကြီး စူသွားပြီး ကေနိုင်တို့ကတော့ ရယ်မိတာပေါ့။

သံစဉ်က ကေနိုင်တို့ရယ်ကြတာကို ဘယ်နှစ်လိုမလဲကွာ။

"နင်တို့က ဘာရယ်ကြတာလဲ … "

"ဩော် … သဘောကျလို့ပါ … "

"ဘာ … သဘောကျတာလဲ … "

"Summer Present နွေရာသီလက်ဆောင်ဆိုတာကို … သဘောကျတာပါ … ရေဘူးနဲ့ဖိနပ်ဆိုတာ ဟုတ်တာပေါ့ဟ … သင့်တော်တာပေါ့ … "



"အေးလေ … သံစဉ်ကလည်း ရေဘူးနဲ့ဖိနပ်မပါ နွေအခါ မှသိဆိုတာ မကြားဖူးဘူးလား … "

"ကျေးဇူးပြုပြီး ငါ့ကို လာမပြောကြပါနဲ့တော့ဟယ် … ကြားဖူးကြောင်း ဝန်ခံပါတယ် … တော်ပါတော့၊ ထူးဝေက ရူးတာတစ်မျိုး … နင်တို့ကလည်း ရယ်ဖို့ပဲ စဉ်းစားနေတာက တစ်မျိုးနဲ့ ငါ့ စိတ်ညစ်ပါတယ် … "

ကေနိုင်တို့လည်း သံစဉ်ကို ဘာမှပြောမနေတော့ဘူး။ တခစ်ခစ် ရယ်နေလိုက်ကြတယ်။

သံစဉ်က သူ့ဆံပင်တွေကို လက်နဲ့ဖွရင်း သက်ပြင်းကြီး တစ်ချက်ချတယ်။ အဲဒါမျိုး မြင်ရလေ ကေနိုင်တို့ကလည်း ပိုရယ်ချင်လေပဲ။

"တွေ့လား … ဖိနပ်ကလည်း နင်နဲ့ကွက်တိတော်တယ်၊ ဟဲ ဟဲ … "

ကေနိုင်က ဝင်ပြောလိုက်တယ်။

"သူက ဖိနပ်လုပ်တဲ့သူကိုး … ဖိနပ်ရုံထောင်ထားတာကိုး … သံစဉ့်ခြေထောက်ကို တစ်ချက်ကြည့်တာနဲ့ ဘယ်ဆိုက်၊ ဘယ်နံပါတ်လောက်ဆိုတာ တန်းသိမှာပေါ့ … "

"နေပါဦး … နေပါဦး … "

မိသံစဉ်က ဘာပြောချင်လဲ မသိဘူး။

"ငါက … အခု ဘာလုပ်ရမှာလဲ"

"ဘာကိုဘာလုပ်ရမှာလဲ … နင် ဘာလုပ်ချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက သူ့ဖိနပ်ကြီးစီး သူ့ရေဘူးကြီးလွယ်ပြီး ... နွေခေါင်ခေါင်ကြီးမှာ လျှောက်သွားရမှာလား ..."

"အေးပေါ့ဟ ... တရုတ်သိုင်းကားထဲက မိန်းမအရက်မူးသိုင်းသမားလို ထူးဝေတို့အိမ်ရှေ့မှာ ကျွမ်းတွေဘာတွေ သွားထိုးပြလိုက်ပေါ့ ..."

"အေး ... လုံအောင်တော့ ဝတ်သွားပေါ့ဟာ၊ နို့မို့ ကျွမ်းထိုးလိုက်တိုင်း လှုပ်စီးတွေလက်နေမယ် ..."

"ဟာကွာ ... တော်ပြီ တော်ပြီ ... ငိုချင်လာပြီ၊ သောက်ကောင် ထူးဝေက တရားခံပဲ ..."

အအေးဆိုင်က ထပြန်လာကြတယ်။ သံစဉ်က သူ့လက်ဆောင်တွေကို သူမကိုင်ဘူး။

ကြည်ကြည်ဝေက ဖိနပ်ကိုကိုင်ပြီး ကေနိုင်က ရေဘူးကြီးကို သယ်ခဲ့ရတယ်ကွာ။

လမ်းမှာ ... ကြည်ကြည်ဝေက ...

လေးနက်တဲ့စကားတစ်ခွန်းကို ပြောတယ်။

"ဟဲ့ ... သံစဉ် ..."

"ဘာလဲ ..."

"ထူးဝေက ... နင့်ကို ရည်းစားစကား ပြောတာထင်တယ်ဟ ..."

"ဘာဖြစ်လို့ ..."

သံစဉ်တင် မကပါဘူး။ ကေနိုင်ပါ နားရှက်ထောင်သွားရတယ်။



ကြည်ကြည်ဝေက ဆက်ပြောတယ်။ သူ့စကားက စဉ်းစားစရာပဲ။

"နင့်ဘဝမှာ နွေရာသီလို အခြေအနေမျိုးကို ဖြတ်သန်းရတဲ့ အခါတိုင်း ... သူဟာ နင့်ဘေးနားမှာ ဖိနပ်လိုလည်း ရှိနေမယ်၊ ရေဘူးလိုလည်း ရှိနေမယ်ဆိုတဲ့သဘော ဖြစ်နိုင်တယ် ... အဲဒီလို ပြောချင်ပုံရတယ် ..."

"အယ် ..."

"အလာကြီးပါလား ..."

"အေး ... အဲဒီလို ဖြစ်နိုင်တယ်၊ နွေရာသီလို ပူလောင်မှုတွေနဲ့ ကြုံရတိုင်းမှာ သံစဉ်ဟာ သူ့ကို ဖိနပ်လိုလည်း တက်စီးသွားလို့ရတယ် ... ရေဘူးလိုလည်း မော့သောက်ပစ်လို့ရတယ် ... လို့ ဆိုချင်တာပဲဖြစ်မယ် ... သံစဉ့်ဘဝအတွက် သူ့ဘဝကို ပေးထားပါတယ်ဆိုတဲ့သဘော ... သံစဉ့်ဘေးနားမှာ သူ အမြဲရှိနေမှာပါဆိုတဲ့သဘော ... အဲဒီလို ရည်ရွယ်တာ ဖြစ်လိမ့်မယ် ... ငါ အဲဒီလို ခံစားရတယ်"

ကေနိုင်ကလည်း ဒီအတိုင်း ဘယ်နေပါ့မလဲ။ ပစ်ထောက်ခံလိုက်တာပေါ့။

"အေး ... ဟုတ်မယ်ဟ၊ ထူးဝေက ခပ်ညံ့ညံ့မှ မဟုတ်ဘဲ၊ ဒီလက်ဆောင်ကို သူက အဓိပ္ပာယ်ရှိရှိ ပေးသွားတာကိုး"

သံစဉ့်ကြည့်ရတာ ရယ်ရခက်၊ ငိုရခက်ဖြစ်နေပုံပဲ၊ ဘာမှ မပြောဘူး။ သူ့ခြံရှေ့အရောက်မှာ 'သွားပြီဟေ့' ဆိုပြီး သူ့ခြံထဲကို လှစ်ခနဲ ဝင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ရာသီလက်ဆောင်တွေကို တစ်ခုမှ ယူမသွားဘူး။ ကေခိုင်တို့နှစ်ယောက်မှာသာ ရေဘူးကို တစ်ယောက်သယ်ပြီး ဖိနပ်ကို တစ်ယောက်ကိုင်လို့။

ဒါပေမယ့် ... ကိစ္စမရှိပါဘူး။ ခြံဝပန်းပင်တွေကြားမှာ ကုန်းကုန်းကွကွ အလုပ်ရှုပ်နေတဲ့ ဒေါ်ဖြူကို ...

"ဒေါ်ဖြူ ..."

"ဟေ ..."

"ရော့ ... ဒီမှာ ဒါတွေယူသွား ..."

"ဘာလုပ်ရမှာလဲ ..."

"ရေဘူးကို သံစဉ့်အိပ်ရာခေါင်းရင်းမှာ ချိတ်ထားလိုက် ... ဖိနပ်ကို သံစဉ့်အိပ်ရာခြေရင်းမှာ ချထားလိုက် ... ဟုတ်ပြီနော်"

"အေးအေး ..."

ကေခိုင်တို့ ကိုယ့်လမ်းကိုယ် ဆွက်လျှောက်လာခဲ့ကြတယ်။

"အဲဒီခုတင်မှာအိပ်ရင် မိသံစဉ် ဘယ်လိုဖြစ်မယ်ထင်လဲ"

"ဒါတော့ မီးလည်း ဘယ်သိမလဲ ... ဟဲ ဟဲ ..."

နှစ်ယောက်သား အိပ်မက်လှလှ မက်ပါစေဆိုတဲ့ သီချင်းကို ညည်းပြီး လျှောက်လာကြတယ်။ မြောင်းစပ်မှာ ရှူးရှူးပေါက်နေတဲ့ လူကြီးတစ်ယောက်ကို တွေ့တော့ ဦးသောင်းထွန်းများလားလို့ သေသေချာချာ ကြည့်ဖြစ်သေးတယ်။

မဟုတ်ပါဘူး။

မဟုတ်လည်း ပြီးတာပဲပေါ့ကွာ။



နောက်နှစ်ရက်လောက်အကြာ ကေခိုင်နဲ့သံစဉ် မြို့ထဲမှာ ဈေးဝယ်ကြသည်။ တို့ဟူးသုပ်ကို လမ်းဘေးအထမ်းသမားတစ်ယောက်ဆီမှာ ဝယ်စားကြသည်။ သံစဉ်က အဲဒီလို စားရတာကို ပျော်လို့တဲ့လေ။

အသိနဲ့ တိုးပါလေရော။

အင်္ဂလိပ်စာသင်တန်းမှာ မျက်မှန်းတန်းမိနေတဲ့ ကောင်လေးတစ်ယောက်ပါ။ တင်အေးခိုင်တဲ့။

"အစ်မတို့သတင်းကို ကြားပါတယ် ..."

လန့်သွားရတယ်။ ပြန်မေးလိုက်တယ်။

"ဘာသတင်းလဲ ..."

"ထူးဝေနဲ့ တစ်မတ်စေ့သတင်းလေ ..."

"ဪ ..."

ကေခိုင် သံစဉ့်ကို ခိုးကြည့်ဖြစ်တယ်။ သံစဉ့်မျက်နှာလေး အောက်သိုးသိုးနဲ့။

"အေးခိုင်က ... မမတို့နဲ့ စကားပြောချင်တာ ကြာပြီ ... တစ်မတ်စေ့က အေးခိုင်အသိတစ်ယောက်ဆီမှာ ရှိတယ် ... အများကြီး ..."

"ဘာ ..."

"ဟယ် ... ဟုတ်လား ..."

တို့ဟူးသုပ်ကို ခပ်စားဖို့တောင် မေ့သွားတယ်။ တင်အေးခိုင်နားကို ကပ်လိုက်ကြတယ်။

"ဟုတ်တယ် ... အေးခိုင်တို့လမ်းထဲက အဘွားကြီးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဆီမှာ တစ်မတ်စေ့တွေ အများကြီး သိမ်းထားတယ် ... အဘွားကြီးက ဦးနောက်သိပ်မကောင်းဘူး၊ တရားထိုင်ပြီး ကြောင်သွားတာ ... သူ့ဆီက ချော့မော့တောင်းလိုက်ပေါ့ ... "

"အင်း အင်း ... အဲဒါက ဟုတ်ပါပြီ၊ အဘွားကြီးဆီကို သွားတော့ အေးနိုင်က လိုက်ခဲ့မှာလား ... "

"လိုက်ခဲ့ဆိုရင်လည်း လိုက်ခဲ့ပေးမယ်လေ ... "

"ဟာ ... ကျေးဇူးပဲ ... ဟုတ်ပြီ ... ဒါဆိုရင် ... "

သံစဉ်ရယ်၊ ကေနိုင်ရယ်၊ တင်အေးနိုင်ရယ် တို့ဟာ ပန်းကန်လေးတွေ ကိုယ်စီကိုင်ပြီး မတ်တတ်ရပ် ခေါင်းချင်းဆိုင် တိုင်ပင်နေမိကြတယ်။

"အေး ... ဟုတ်ပြီ၊ ဒါဖြင့် အဲဒီလိုလုပ်မယ် ... "

"အိုကေ ... အိုကေ ... "

ဆုံးဖြတ်ချက်ချအပြီးမှာ တို့ဟူးသုပ်လည်း ကုန်ကြပါပြီ။ ဆိုင်ရှင် တို့ဟူးသုပ်သည်ဘက် လှည့်ကြည့်လိုက်တော့ တို့ဟူးသည် မရှိတော့ဘူး။ ဆိုင်းထမ်းလည်း မရှိတော့ဘူး။

"ဟယ် ... "

"တို့ဟူးသည် ဘယ်ရောက်သွားလဲ ... "

ဘေးက တီဗွီ၊ စီဒီယိုရောင်းတဲ့ ဆိုင်ထဲက လူတစ်ယောက် ထွက်လာတယ်။

"တို့ဟူးသည် မရှိတော့ဘူး ... ရဲလိုက်ဖမ်းလို့ ပြေးပြီ"

"ဟင် ... ကျွန်မတို့ကိုလည်း ဘာမှ အသိပေးမသွားပါ လား ... "



"ခင်ဗျားတို့က စားနေတာ ပြီးမှမပြီးတော့ဘဲ ... အချင်းချင်း တွတ်ထိုးနေတာကိုး ... ရဲလာတော့ သူ့ခမျာ ထပြေးသွားရတာပေါ့ ... "

ကေနိုင်တို့လည်း လက်ထဲကပန်းကန်တွေကို ကိုယ်စီငုံ့ကြည့်ပြီး ...

"ဒါတွေက ဘယ်လိုလုပ်ရမှာလဲ ... "

"မသိဘူးလေ ... အိမ်ယူရင် ယူသွားကြပေါ့ ... "

အဲဒီလူက သူ့ဆိုင်ထဲသူ ပြန်ဝင်သွားတယ်။ ထူးဝေအတွက် (ဘဝကူးလက်ဆောင်အဖြစ်) တစ်မတ်စေ့တစ်စေ့ ပြန်ပေးဖို့ကိစ္စမှာ ...

အောင်မြင်မှာလား ...

မအောင်မြင်ဘူးလား။

ရှေ့လျှောက် ဘယ်လိုဆက်ဖြစ်မယ်တော့ မသိပါဘူး။ အခုတော့ ကေနိုင်တို့မှာ ပန်းကန်တစ်ယောက်တစ်ချပ်ကိုင်ပြီး အူကြောင်ကြောင်ကြီး ဖြစ်လို့။

မိုးကြည်ကြည်ဝေသာပါရင် ပိုရယ်ကြမှာ။ ဒါပေမယ့် ... အဲဒီရက်ပိုင်းအတွင်းမှာ ကြည်ကြည်ဝေက ပြင်ဦးလွင်တက်သွားတယ်တဲ့။

ထူးဝေကို မကောင်းကြံစည်နေမိလို့လား မသိဘူးကွာ။ ကတ်သီးကတ်သတ်တွေ လျှောက်ကြုံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာ ...

သံစဉ်ရယ်၊ ကေနိုင်ရယ် မင်္ဂလာဆောင်တစ်ခုက ပြန်အလာမှာ သံစဉ့်ဘကြီး ဦးမောင်မောင်နဲ့ သွားတိုးတယ်။ အန်ကယ်ဦးမောင်မောင်က ကားပါမလာဘူး။ အခြွေအရံတွေလည်း မပါဘူး တစ်ယောက်တည်း။ ကြွပ်ကြွပ်အိတ်ကြီး တစ်လုံးနဲ့ ...။

"ဘဘ ..."

"အေး ... သမီး၊ ဘယ်က ပြန်လာတာလဲ"

"ဘဘကရော ကားလည်းပါမလာဘူး၊ ဘယ်က ပြန်လာတာလဲ ... မုန်းစမ်း"

သံစဉ်က ဦးမောင်မောင်လက်ထဲက ကြွပ်ကြွပ်အိတ်ကြီးကို ဆွဲယူပြီးကြည့်တယ်။ အိတ်ထဲမှာ အသားသွပ်ပေါင်မုန့်တွေ။

"ဟာ ... ပေါင်မုန့်တွေ အများကြီးပါလား ... ဘဘ ဘာလုပ်ဖို့လဲ ..."

"အဲဒါက ... အဲဒါက ..."



ဦးမောင်မောင် စကားဆက်ရခက်နေသေးတယ်။ ပြီးမှ

"ဝယ်လာတာ ..."

"ဘာလုပ်ဖို့လဲ ..."

ဦးမောင်မောင် ခေါင်းကုတ်ပြန်ပါတယ်။ လမ်းလယ်ခေါင်မှာပဲ ရပ်ရှင်းပြတယ်။

"ဒီလိုဟ ... မနေ့က ငါ့မိတ်ဆွေတစ်ယောက်နဲ့ ငါ အဲဒီဆိုင်မှာပဲ ဒီပေါင်မုန့်တွေ ဝင်ဝယ်ကြတယ် ... ငါကတော့ ငါ့အတွက်တစ်လုံးပေါ့၊ ငါ့မိတ်ဆွေကတော့ အများကြီးဝယ်တယ် ... ခုလိုအိတ်လိုက်ဝယ်တယ် ...

"အများကြီးပါလား ... လို့ ငါကပြောတော့ အိမ်အတွက်တဲ့၊ ငါပါ သူတို့အိမ် လိုက်သွားရတာကိုး ... အိမ်ရောက်တော့ သူရယ်၊ သူ့မိန်းမရယ်၊ သူ့သားလေး၊ သူ့သမီးလေးတွေရယ် ပျော်ပျော်ပါးပါး ပေါင်မုန့်ဝိုင်းစားနေကြတာကိုကြည့်ပြီး ... ငါ့ရင်ထဲမှာတစ်မျိုးကြီးပဲ ... ကြည်နူးသလိုလို လွမ်းသလိုလိုကြီး ...

"အဲဒါနဲ့ ငါလည်း အားကျမခံ ဒီနေ့ ပေါင်မုန့်တွေတစ်ထုပ်ကြီး ဝင်ဝယ်လာတာ ... စားမယ့်လူက မရှိဘူးဖြစ်နေတယ် ... ငါလည်း မကုန်ဘူး၊ ဘယ်သူ့ကျွေးရမယ်မှန်းလည်း မသိဘူး ..."

"ဪ ... ဪ ... ဒီလိုလား ..."

"မပူနဲ့ ... မပူနဲ့ ... သမီးတို့ ဝင်စားပေးမယ်"

သံစဉ်နဲ့ ကေနိုင် ကြွပ်ကြွပ်အိတ်ထဲက ပေါင်မုန့်တွေကို အလုအယက် နှိုက်လိုက်ကြတယ်။

"စားစား ... စားကြ ... အဲ ... နေဦး ... ဟိုကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ်လုံးလောက် ချန်ထားလိုက်ဦး …"

"ဘယ်ကောင်လေးလဲ …"

"ဟိုမှာ လာနေတယ် … ဟိုဟာလေ … ဘယ်သူ … အဲ ထူးဝေ … ထူးဝေ …"

"အဲ …"

"ဗုဒ္ဓေါ …"

ဦးမောင်မောင် ညွှန်ပြရာဘက် လှမ်းကြည့်တော့ … လျှောက်လာသူဟာ အမှန်တကယ် ထူးဝေ ဖြစ်နေပြီး ထူးဝေကလည်း အမှန်တကယ်ကို လျှောက်လာနေပါတယ်။

သံစဉ်နဲ့ ကေခိုင်လည်း အကြည့်ချင်း ဆုံမိကြတယ်။ ထူးဝေနဲ့ အန်ကယ်ဦးမောင်မောင်နဲ့က ဘယ်လိုသိနေကြတာလဲ။ ဒါ … မကောင်းတဲ့ အလားအလာပဲ။

"ဪ … အန်ကယ်ပါလား …"

"အေး … မောင်ထူးဝေ … ပေါင်မုန့်စားပါဦးကွ …"

"နေနေ … အန်ကယ် …"

"စားပါကွ … ယူပါ …"

ဦးမောင်မောင်က အတင်းကျွေးလို့ ထူးဝေ ယူစားတယ်။ သံစဉ်က ကေခိုင့်ကို လက်ကုတ်ပြီး …

"ကေခိုင် … နင် … နင့်ဘာသာ ပြန်လိုက်တော့ဟာနော်၊ ငါ ဘဘကို ပြောစရာရှိသေးလို့ …"

"အေး အေး …"

သံစဉ်က သူ့ဘကြီးကို လက်ဆွဲခေါ်ပြီး ထွက်သွားပါတယ်။



ဦးမောင်မောင်က ကေခိုင်နဲ့ ထူးဝေကို လက်ပြနှုတ်ဆက်ရင်း ကန့်လန့်ကန့်လန့် ပါသွားပါတယ်။ ထူးဝေနဲ့ ဦးမောင်မောင်ကို မိသံစဉ်က ခွဲပစ်ချင်လို့ပါ။

ကေခိုင်နဲ့ ထူးဝေ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြတယ်။

"နင်ကတော့ … ငါ့ကို အဲလိုအတင်း လက်ဆွဲမခေါ်နဲ့နော် …"

အဲဒါ … ကေခိုင်က ထူးဝေကိုပြောတာ မဟုတ်ပါဘူး။ ထူးဝေက ကေခိုင့်ကို ပြောတာပါ။ ရေရေလည်လည် မမိုက်ပါဘူးကွာ။

"နင်က ဘယ်သွားမှာလဲ …"

"နင်ကရော …"

နှစ်ယောက်သား ဆက်သွားရမယ့်လမ်းက တူနေတယ်။ အဲဒါနဲ့ပဲ အတူတူလျှောက်ခဲ့ကြပါရော။

လမ်းမှာ … (ဦးမောင်မောင်နှင့် သူ၏ပေါင်မုန့်များ) အကြောင်းကို ရှင်းပြရသေးတယ်။

"သူက မိသားစုဘဝကို လိုချင်နေတာ … သူ့မှာ မိန်းမရှိခဲ့ဖူးတယ်၊ ကလေးမီးဖွားရင်း မိန်းမရော၊ ကလေးရော ဆုံးသွားတယ် … နောက်ထပ်အိမ်ထောင်မပြုတော့ဘူး … ဒါပေမယ့် ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်းနေတဲ့ မိသားစုကို တွေ့မြင်ရင် အရမ်းအားကျတယ် … သူ့မှာ ဆိုက်ကိုဖြစ်နေတယ် …"

"ဪ … ဪ …"

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေမျက်နှာကြည့်ရတာ တကယ် စိတ်မကောင်းဖြစ်သွားတဲ့ပုံပဲ။

"အေးလေ … လောကကြီးထဲမှာ တို့ သေသေချာချာ မသိနိုင်သေးတဲ့ အရာတွေက အများကြီး ရှိနေသေးတာပဲ … "

သူက အတည်ပြန်ပြောတယ်။ ကေနိုင်လည်း ရှုတည်တည်နဲ့ပဲ ခေါင်းညိတ်ပြလိုက်တယ်။

"အဲဒါ Love ဟာ … အချစ်ပဲ၊ အဖိုနဲ့အမ အိမ်ထောင်ပြုကြရင် Sex ပဲလို့ မြင်တဲ့လူတွေ မှားတယ် … လုံးထွေးပစ်လို့မရဘူး"

လှည့်ကြည့်မိတယ်။ ထူးဝေက တကယ်ကို အတည်ပြောနေတာပါ။ ကေနိုင်လည်း ပြန်မပြောတတ်လို့ ခေါင်းချည်းညိတ်ပြနေလိုက်တယ်။

"အန်ကယ်ဦးမောင်မောင်ကို ငါ နားလည်တယ် … သူက မိသားစုနဲ့အတူ Living together ရပ်တည်ချင်တာ … "

"Living together ဆိုတာက … ယောကျာ်းနဲ့မိန်း လက်မထပ်ဘဲ အတူနေတာကို ပြောတာမဟုတ်လား … အခု အန်ကယ်ဦးမောင်မောင်အဖြစ်နဲ့ ဘာဆိုင်လို့လဲ … "

"ဟ … ဆိုင်တယ်ဟ၊ Living together အကြောင်း နင်အတော်လေ့လာဖူးလို့လား … "

"နည်းနည်းပါးပါးတော့ ဖတ်ဖူးတာပေါ့၊ မြန်မာလို လစ်ဗင်းတူဂဲသားလို့ ရေးလိုက်ရင် ငါ ကြောင်နေတယ် … လစ်ဗင်းတူရစ်ပဲသားလို့ ဖတ်ပြီး အဓိပ္ပာယ်နားမလည်နိုင်အောင် ဖြစ်နေသေးတယ် … "



ထူးဝေက ရယ်တယ်။

"Living together ရဲ့ အဓိပ္ပာယ်က (အတူတကွ ရှင်သန်ခြင်း)ဆိုတဲ့သဘောကို ပြောတာဟ … ကိုယ်နဲ့ ကိုယ့်ချစ်သူ နှစ်ယောက်က တစ်ယောက်တည်းအဖြစ် ရှင်သန်ရတယ် … ကိုယ်ရယ်၊ ကိုယ့်ဇနီးမယားရယ်၊ ကိုယ့်သားသမီးတွေအားလုံးဟာလည်း အတူတကွ ရှင်သန်မှုနဲ့အတူ လောကကို ဖြတ်သန်းရတယ်။ အဲဒါမျိုးကို ပြောတာလို့ ငါ အဓိပ္ပာယ်ပေါက်တယ် … "

"ဩော် … ဩော် … "

သူပြောမှပဲ လစ်ဗင်းတူရစ်ပဲသားရဲ့ အဓိပ္ပာယ်က မဆန့်မပြဲ ကျယ်ဝန်းသွားတယ်။ ကေနိုင်တောင် ထူးဝေကို လေးစားသလို ဖြစ်သွားသေးတယ်။

ထူးဝေကလည်း ဆက်ရှင်းပြတယ်။ ခေါင်းတညိတ်ညိတ်နားထောင်ရင်း တိုက်ကြိုတိုက်ကြားလမ်းတွေကနေ လျှောက်ပြန်လာခဲ့ကြတယ်။

"Love နဲ့ Sex ကို ခွဲပြတာကတော့ သီအိုဒိုရှိုက်ဆိုတဲ့ စိတ်ပညာရှင်ပဲ … သူ့စာအုပ်ထဲမှာက ဘယ်လိုရေးထားလဲဆိုတော့ … အဲ … "

လက်ဟန်ခြေဟန်နဲ့ ရှင်းပြပြောဆိုနေတုန်း ထူးဝေ လက်ရော စကားပါ ရပ်သွားတယ်။ သူ ရှင်းပြနေတဲ့ လက်ပေါ်ကို တစ်ခုံတစ်ခု ကျလာလို့ပါ။ တိုက်ပေါ်က ကျလာတာ။

"အဲ … "

"ဟယ် … "

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေ ကြောင်သလို ကေခိုင်လည်း အန်းသွားတယ်။ ထူးဝေလက်ပေါ်က အရာကို ထူးဝေနဲ့အတူ မျက်လုံးကို ပြူးထွက်အောင်တော့ ကြည့်ဖြစ်လိုက်တယ်။

"ဆပ်စပင်ဒါကြီး ... "

ဟုတ်ပါရဲ့။ ထူးဝေရဲ့လက်ပေါ် ရောက်နေတာက မိန်းမအတွင်းခံဘောင်းဘီအနီကြီး။

"ဟင် ... တိုက် ... တိုက်ပေါ်က ကျလာတာ ... "

"အင်း ... ဟုတ်တယ် ... အင်း ... "

ထူးဝေ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်။ အဲဒီ ဆပ်စပင်ဒါကြီးကို ကြည့်လိုက်၊ တိုက်ပေါ်မော့ကြည့်လိုက်၊ ကေခိုင့်ကိုလည်းကြည့်လိုက်နဲ့ နောက်ဆုံးကျမှ ...

"အင့် ... "

အဲဒါကြီး ကေခိုင်ကို လာပေးတယ်။

"အောင်မာ ... ငါက ဘာလုပ်ရမှာလဲ"

"နင် ... နင်က မိန်းမပဲဟ ... "

"အိုး ... ငါက ဘာလို့ဝတ်ရမှာလဲ ... သွား ... လွှင့်ပစ်လိုက် ... "

အဲဒီတော့မှ ထူးဝေကလွှတ်ပစ်လိုက်တယ်။ ပြီး ... ကေခိုင့်ဘေးကနေ ကုပ်ချောင်းချောင်း ဆက်လိုက်လာတယ်။ ဘာစကားမှတော့ မပြောတော့ဘူး။

လစ်ဗင်းတူရှစ်ပဲသားတွေ ကိုးပဲသားတွေလည်း ဘယ်ရောက်သွားလဲမသိဘူး။ Love နဲ့ Sex လည်း ထွက်ပြေးသွားပြီ။



ကေခိုင်လည်း မျက်နှာပူလိုက်တာ မပြောပါနဲ့တော့။

ထူးဝေလည်း အဲဒီလိုပဲ နေမှာပေါ့။ အိမ်ရောက်မှ တွေးပြီး ရယ်မိတာတစ်ခုရှိသေးတယ်။ ကေခိုင့်ကိုပေးတာ မဟုတ်ဘဲ သံစဉ့်အတွက် ယူသွားစမ်းပါဆိုရင် ...

ဟာဟ ... ပွဲကြီးပွဲကောင်းပဲနော်။

www.burmeseclassic.com

www.burmeseclassic.com



နှင် ... နောက်တစ်ကြိမ်ပြုံးဖြစ်ဖို့
ငါ ...
စွမ်းဆောင်လို့ ပေးချင်ပါတယ်
ဒါပေမယ့် ...

'(မနော်ဟာရီ) ၏
(မိုးပြတိုက်အလွန်) ကဗျာစုမှ ...'



လူသူကင်းမဲ့သော လမ်းပေါ်တွင်
တစ်ယောက်တည်း လျှောက်ရင်း
မြေပေါ်မှ ကျောက်ခဲကလေးကို
ခြေထောက်နှင့် လှိမ့်ကန်ခဲ့ဖူးသည်။
လမ်းဘေးအုတ်ခုံမှ ဂစ်တာသံသဲ့သဲ့ကြားရသောအခါ
မည်သည့်သီချင်းများလဲ ... ဟု
မသိမသာ နားစွင့်မိဆဲ ... ။
ပန်းကလေးတစ်ပွင့်ကို
အမျိုးအမည်မတပ်ဘဲ ချစ်ချင်ခဲ့သည်။
ဂျာကင်အိတ်ထဲ လက်နှိုက်ရင်း
တစ်စုံတစ်ယောက်အကြောင်း စဉ်းစားရသည်မှာ
ကိုယ့်တစ်ယောက်တည်းမှာရှိသည့်
အမှုအကျင့်မှ ဟုတ်ပါရဲ့လား။
ညဦးနက်သန်းခေါင်မှ
အိမ်ပြန်လာကြသော တေလေတစ်သိုက်၏
ဝါးခနဲ ရယ်လိုက်သံကို ကြားလိုက်ရသည်။
မအိပ်ချင်သေး ... ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်လျှင်အိပ်မက်က လှမည်လား။
ညကလှသည်။
လရောင်ကလှသည်။
မကြားချင်ဟု
ကိုယ်က ငြင်းဆန်၍မရနိုင်လောက်အောင်
နှာရိသံချောင်းခေါက်သံက လွင့်ပျံလာသည်။
သူအလွန်ဆုံး ခေါက်နိုင်လျှင် ဆယ်နှစ်ချက်ပဲဟုဆိုကာ
မြူလို့ရောင်း
ကိုယ်နားထောင်ခဲ့သည်။
"ဒုက္ခနဲ့ တစ်ခါကြုံတိုင်း ချစ်သူလက်ကလေး
တစ်ခါကိုင်ချင်သည်" တဲ့ ... ။
အိုမာခယမ်က ပြောသည်။
ကိုယ့်ဘက်ကလည်း ပြန်ပြောမည်လေ။
"ချစ်မိသူဆိုတာ လောကမှာ စစ်အရှုံးဆုံးလူပါ ..."

# ပန်းလက်ဖွဲ့တို့ရဲ့ပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



"သံစဉ် ..."

"ဟင် ..."

"ညာဘက်တန်းမှာ ထိုင်နေတဲ့လူကိုကြည့်စမ်း ..."

ကြည်ကြည်ဝေစကားကြောင့် လှမ်းကြည့်လိုက်မိတယ်။

"ဟွန့် ..."

နှာခေါင်းလည်း ရှုံ့လိုက်မိတယ်။

"သူ့ကို မြင်ဖူးလား ..."

"မြင်ဖူးသလိုလိုပဲ ... ထူးဝေမှ ဟုတ်ရဲ့လားလို့ ..."

ကြည်ကြည်ဝေက ရယ်နေတယ်။

"သူက ဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲ မသိဘူး"

"တစ်ယောက်တည်းဟဲ့ ..."

"အင်း ..."

"တို့ကိုမမြင်ဘူး ..."

"အင်း ..."

www.burmeseclassic.com

www.burmeseclassic.com



၃၆ ဘတ်(စ်)ကားပေါ်မှာပါ။ နှင်းဖြူဖြူအောင်တို့အိမ်သွားမယ်ဆိုပြီး ထွက်လာတုန်း ဘတ်(စ်)ကားပေါ်မှာ ထူးဝေကို တွေ့တာ။ ညာဘက်တန်းမှာ ခန့်ခန့်ကြီးထိုင်လို့ပါပဲ။

ကိုယ်တို့ကို သူ မမြင်တာတော့ ကံကောင်းလေရဲ့။ မြင်ရင် ဘယ်လိုဖြစ်မလဲ မသိဘူး။

"သဲစဉ် ... "

"ဘာလဲ ... "

"သေသေချာချာကြည့်တော့လည်း နင့်ဘဲက ချောသားဟ ... "

ဘာမှပြန်ပြောမနေဘူး။ မျက်စောင်းပဲ ထိုးပစ်လိုက်တယ်။ သူတို့ပြောမှ မဟုတ်ပါဘူး။ ထူးဝေချောတာ ကိုယ်လည်း သိသားပဲ။

"လှမ်းခေါ်လိုက်ရမလား ... "

"အောင်မာ ... ဘာလို့ခေါ်ရမှာလဲ ... "

ကြည်ကြည်ဝေက ကျိတ်ရယ်တယ်။

ထူးဝေကတော့ ကိုယ်တို့ကို လုံးလုံးမမြင်ပါဘူး။ သူ့အတွေးနဲ့သူ ထိုင်နေတယ်။ ထူးခြားတာက သူ့ပေါင်ပေါ်မှာ ဆွဲခြင်းတွေ၊ ထမင်းဘူးတွေနဲ့ ... ။

"အဲဒါ သူ့ပစ္စည်းတွေတော့ မဟုတ်နိုင်လောက်ဘူး ... အေးလူ့ပစ္စည်းတွေ ယူပေးထားတာ ဖြစ်မယ် ... မတ်တတ်ရပ်နေသူဆီက ... "

အဲလို ပြောနေဆိုနေကြတုန်းမှာပဲ 'ရှေ့မှတ်တိုင်ပါတယ်'



လို့ အော်လိုက်တဲ့ လူတစ်ယောက်က ထူးဝေဆီကနေ လွယ်အိတ်လာယူတယ်။

"ကျေးဇူးပဲ ညီလေး ... "

နောက် အမျိုးသမီးတစ်ယောက်ကလည်း ခြင်းတောင်းလာယူတယ်။

"ရပြီ မောင်လေး ... ဆင်းတော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... "

မှတ်တိုင်မှာရပ်တယ်။ ကားဆက်ထွက်တယ်။

"မှတ်တိုင်ပါသေးလား ... "

"ပါတယ် ... ပါတယ် ... "

အဲဒီလိုအော်လိုက်တဲ့လူက ထူးဝေဆီ လျှောက်လာတယ်။ ထူးဝေက သူ့ပေါင်ပေါ်က ထမင်းဘူးကို ပေးလိုက်တယ်။ ကားဆက်ထွက်လာပြန်တယ်။

"ဆင်းမယ် ... ဆင်းမယ် ... "

အဲဒီလိုအော်လိုက်တဲ့ မိန်းမတစ်ယောက်က ထူးဝေဆီက ပလင်ပလိပ်ပြားတွေ လာပြန်ယူတယ်။ ထူးဝေရဲ့ ခြေထောက်ရှေ့မှာ ချထားတာ။

"ကျေးဇူးပဲနော် ... "

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... "

ကားဆက်ထွက်လာတယ်။

"ရှေ့မှတ်တိုင်ပါသေးလား ... "

"ပါတယ် ... ပါတယ် ... ပါတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ အော်လိုက်တာကတော့ ထူးဝေကိုယ်တိုင်ပါပဲ။ တစ်ကားလုံးကို လှည့်ပတ်ကြည့်တယ်။ မဆင်းခင်မှာ တစ်ယောက်ယောက်ကို ရှာတာနေမှာပေါ့။ ခုံမှာ ထိုင်နေရာကနေပြီးထတော့

"ပေးပေး ... ညီလေး ..."

"ဒီမှာ ... ဒီမှာ ... သား ... အမေ ဒီမှာ"

"အစ်ကို ... အဲဒါ ကျွန်တော့်ပစ္စည်း ..."

နည်းတာမဟုတ်ဘူး။ ထူးဝေ ယူထားပေးတဲ့ပစ္စည်းတွေ ထူးဝေက ဆင်းသွားတယ်။ ထူးဝေဆီက ပစ္စည်းအပ်ခဲ့တဲ့လူတွေက ထူးဝေရဲ့နံကို လုထိုင်ကြတယ်။

"သိစဉ် ..."

"ဟင် ... ဘာလဲ ..."

"ထူးဝေက စိတ်ကောင်းတော့ ရှိသားဟ ..."

"အင်း ..."

"တစ်ခု နာသွားတယ် ..."

မိုးကြည်ကြည်ဝေ လှည့်ကြည့်လိုက်တော့ သူ့မျက်နှာက မချိုမချဉ်။

"ဘာနာတာလဲ ..."

"ဒီလိုမှန်းသာ အစောကြီးကသိရင် ထူးဝေရေ ... ခဏယူထားလိုက်ပါဆိုပြီး ..."

"တော်တော်တော် ... နင် ဘာဆက်ပြောမယ်ဆိုတာ ငါသိတယ် ..."

"ဆက်တော့ ပြောပါရစေဟယ် ..."



"မပြောနဲ့ ..."

သိသားပဲ၊ သူ ဆက်ပြောမယ့်စကားကို ...။ ထူးဝေရေ ဒီငါ့သူငယ်ချင်းလေးကို ခဏယူထားပါဆိုပြီး ကျုပ်ကို ပေးသွားမှာ။

ဟိုကလည်း ယူထားမှာပေါ့။ အမေ့ခံပြီးတော့တောင် ယူထားနိုင်တယ်။ တော်ပါပြီ၊ မပြောချင်ပါဘူး။

နှင်းဖြူဖြူအောင်တို့အိမ်မှာ အချိန်အတော်ကြာအောင် စကားထိုင်ပြောကြတယ်။ ညနေစောင်းမှ ဘတ်(စ်)ကားနဲ့ပဲ ပြန်လာခဲ့ကြတယ်။

ကံကောင်းချင်တော့ ထိုင်ခုံရတယ်။ ကားကလည်း လူနည်းနည်းကျပ်တယ်။ ဒီတစ်ခါတော့ ကိုယ်ကအရင်စမြင်တာပဲ။ မိုးကြည်ကြည်ဝေကို လက်ကုတ်ပြီး မေးငေါ့ပြလိုက်တယ်။

"ဟိုမှာ ... ဟိုမှာ ..."

"ဟယ်တော့ ..."

ထူးဝေပါပဲ။ ဘယ်ကပြန်လာပြန်တယ် မသိဘူး။ လက်ထဲမှာ အုန်းခြစ်ကြီးနဲ့၊ ကားပေါ်မှာ ဟိုလူ့ထိုး၊ ဒီလူ့ထိုးပေါ့။

"ဟေ့ဟေ့ ... ခင်ဗျားဟာကြီးက ..."

"ကျုပ်ခြေသလုံးကို စူးတယ်ဗျ ..."

"ကျွန်တော့်ခြေထောက်ပေါ်မှာ ဝိနေပြီ ..."

အသံတွေက ညံနေတာပဲ။

"စပယ်ယာရေ ... ကြည့်ပြောဦးလေဗျာ ..."

"ပြောအားတောင် မရှိတော့ပါဘူးဗျာ ... တက်လာကတည်းက ကျွန်တော့်တင်ပါးကိုထိုးပြီး တက်လာတာ ..."

www.burmeseclassic.com

www.burmeseclassic.com



မိုးကြည်ကြည်ဝေကေ လက်တို့တယ်။

"ဟဲ့ ... သံစဉ် ... ယူထားပေးလိုက်ပါ ..."

"နင်ယူလိုက်ပါလား ..."

"မဟုတ်ဘူးလေ ... နင်ယူထားဖို့က ပိုသင့်တော်တယ်၊ အုန်းခြစ်မဟုတ်လား ..."

"ဘာဆိုင်လို့လဲ ..."

"အုံးခနဲ့နေအောင် ချစ်တဲ့သဘောပေါ့ဟယ် ..."

"... ... ..."

ဆဲပစ်လိုက်တယ်။

ဒါပေမယ့် ... အဲဒီဆဲသံတောင် မဆုံးလိုက်ပါဘူး။ အသံပြကြီးက နားထဲဝင်လာတယ်။

"ဟာ ... သံစဉ် ... နင် ငါ့ကို မမြင်ဘူးလား ..."

အနားကို ရောက်လာပါတယ်။ ကိုယ့်ကိုလည်း သူ့ရဲ့ ပြောမနာဆိုမနာ ရင်းနှီးတဲ့လူတစ်ယောက်လို အတင်းဆက်ဆံပါတယ်။

နည်းနည်းပြန်ငေါက်ပေးလိုက်တယ်။

"မြင်သားပဲ ... နင့်အုန်းခြစ်ကြီးက တစ်ကားလုံး ညဲနေတဲ့ဟာ ..."

"အေးအေး ... အဲဒါကြီး နင်ယူထားစမ်းပါ ... အတော်ပဲ ကျေးဇူးပဲ ..."

ငြင်းဖို့တောင် အချိန်မရလိုက်ဘူး။ သူ့အုန်းခြစ်ကြီးကို လာထိုးပေးလို့ အငိုက်မိပြီး ယူထားလိုက်ရတယ်။

လက်ထဲမှာ အဆင်ပြေအောင် လှည့်ပတ်ကိုင်ရင်း အောင့်



သက်သက် ဖြစ်နေမိတယ်။

"ကြောင်တစ်ကောင်ကို မွေ့သလို မွေ့ထားစမ်းပါဟာ ... မော်ဒန်ကြောင်လို့ သဘောထားစမ်းပါ ..."

မော့ကြည့်ပြီး မျက်စောင်းထိုးလိုက်မိတော့ သူက တဟဲဟဲရယ်တယ်။

"နင် ... ဒါကြီး ဘာလုပ်မလို့လဲ ..."

"အုန်းသီးခြစ်မလို့ ..."

"ဒါတော့ နင်ပြောမှလား ..."

"ငါလည်း အဲဒါ စဉ်းစားနေတာ ... အုန်းခြစ်က တခြားဘာလုပ်လို့ ရသေးလို့လဲ ..."

"မဟုတ်ပါဘူး ... ငါမေးနေတာက ဘယ်အိမ်မှာ အလှူရှိလို့လဲ ..."

"သြော် ... အဲလိုလား ရှိတယ်ဟ ... ဆရာဦးထူးဝေတို့အိမ်မှာ အလှူရှိတယ် ... ဘုန်းကြီးဆွမ်းကပ်မလို့၊ ဆရာဦးထူးဝေကို နင် သိတယ်မဟုတ်လား ... ဟိုရုပ်ချောချော၊ သဘောကောင်းကောင်းလူလေ ... ကောင်မလေးတွေကြိုက်တာ ဝိုင်းဝိုင်းလည်နေပါရော့လား ... ဟဲ ဟဲ ..."

"မသိဘူး .... ကြားတောင် မကြားဖူးဘူး ... သြော် ... ဟိုလမ်းထိပ်က မြူနီစပယ်အဖွဲ့ခေါင်းဆောင်လား ... မနက်ကတောင် ဂေါ်ပြားတစ်လက်နဲ့ လိုက်ကျုံးနေတာ တွေ့သေးတယ်"

"ဒါနဲ့ စကားမစပ် ... နင်နဲ့သူ ယူကြတော့မယ်ဆို ..."

"ဘာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ဒီမှတ်တိုင်မှာ ဆင်းလိုက်တော့မယ်၊ အဲဒီအုန်းခြစ်ကြီးကို ဆရာဦးထူးဝေအိမ် နင်ပဲ ယူသွားချည်တော့ ... နောင် နင်နေရမယ့်အိမ်ပဲဟာ ... ဝင်ပေးလိုက်နော် ... ငါ သွားပြီ"

ပြောပြောဆိုဆို ကားပေါ်က ဆင်းသွားတယ်။ လိုက်ဆင်းပြီး ကုတ်ဖွဲ့ချင်လိုက်တာ မပြောပါနဲ့တော့။ ဒါပေမယ့် လူကြားထဲမှာဆိုတော့ မကောင်းတတ်လို့ ငြိမ်နေလိုက်တယ်။

ကြည်ကြည်ဝေကတော့ ဘေးကနေ တခွီခွီနဲ့။

အုန်းခြစ်ကြီးကို ငုံ့ကြည့်ပြီးမေးတယ်။

"ဒါကြီး ... နင် ဘယ်နှယ့်လုပ်မှာလဲ ... "

"မသိဘူးလေ ... "

"သူ့အိမ်ကို နင် ဝင်ပေးရမှာလား ... "

"အဲ ... အင် ... အဲ ... "

"ဒါမှမဟုတ် ဘယ်ယူသွားမှာတုန်း ... အေးလေ၊ နင် နေရမယ့်အိမ်ပဲဟာ သွားလိုက်ပေါ့၊ ခုလောက်ဆို ဆရာထူးဝေလည်း ရောက်နေရောပေါ့။ ကဲ ကဲ ... စပယ်ယာ မှတ်တိုင်ပါတယ်"

ဆင်းရပါတော့တယ်။ အုန်းခြစ်ကြီးပိုက်လို့။

"ကဲ ... သွား သွား ... ထူးဝေတို့အိမ်သွားဖို့က ဒီလမ်း အကောင်းဆုံးပဲ ... "

မကောင်းတတ်လို့ သူ့အိမ်က လူကြီးတွေကို အားနာလို့သာ သွားပေးရမှာ။ ကျွဲမြီးတော့ အတော်တိုစရာကောင်းတဲ့ ကိစ္စပဲ။

ဧယျူနဲ့တိုးတယ်။

"ဩော် ... သံစဉ် ... ထူးဝေတို့အလှူအတွက်လား ...



ကိုယ်တိုင်လာလုပ်ပေးတယ်ပေါ့လေ၊ ကောင်းတယ် ကောင်းတယ်၊ အဲဒါပေါ့ မောင်တစ်ပိုင်း မယ်တစ်ဝက်ဆိုတာ ... အဲလေ ... မောင် တစ်ထမ်း မယ်တစ်ရွက်ဆိုတာ ... "

"သေနာကောင် ဧယျူ ... နင့်ပါးစပ်ပိတ်ထားစမ်း ... ရော့ ... ဒါကြီးယူသွားစမ်း၊ နင့်ကောင်ပြောတဲ့ မော်ဒန်ကြောင်ဆိုတာ ... "

ဧယျူကို ပစ်ပေါက်မယ်လုပ်လို့ ဧယျူ လန့်ဖျပ်သွားချိန်မှာပဲ ထူးဝေတို့အမေက ...

"ဟယ် ... သမီးတို့ အိမ်ထဲဝင်လေ ... ဧယျူ သမီးတို့ကို အထဲခေါ်လေ၊ ပေးပေး အုန်းခြစ်ကြီး အဒေါ်ကိုပေး ... "

"ဟုတ် ... ဟုတ် ... "

"ဩော် ... သံစဉ်တို့က ကြိုရောက်နေကြတာကိုး ... ဟဲ ဟဲ ဟဲ ... ဟဲ ဟဲ ... အမေ ... ဒါ သားပြောပြောနေတဲ့ သံစဉ်ဆိုတာပေါ့ ... ဟဲ ဟဲ ဟဲ"

နောက်ကျောဘက်ကနေ ဝင်လာတဲ့ ထူးဝေရဲ့ အသံပြဲကြီးကို ကြားလိုက်ရတဲ့အချိန်မှာ ...

ကိုယ့်ကိုယ်ကိုပဲ ကျိတ်ဆဲမိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ရက်တွေထဲမှာ တစ်မတ်စေ့ကိစ္စကို ထူးဝေနဲ့ ဘယ်လိုရှင်းရမလဲဆိုတာ ခေါင်းပေါက်ထွက်မတတ် စဉ်းစားနေရတယ်။ ညညဆိုရင်လည်း လူးရလွန့်ရနဲ့။ အိပ်ရာထဲမှာ အိပ်လည်းမပျော်ပါဘူး။

ထူးဝေရဲ့ ပြောင်စပ်စပ်မျက်နှာကို မခံချင်စရာကောင်းအောင် မြင်ယောင်နေမိတယ်။ တစ်မတ်စေ့ကို ရအောင်တော့ ရှာမှဖြစ်မယ်။ နို့မို့ဆိုရင် ရာဇဝင်ရိုင်းတယ်။

အဲဒီကိစ္စကို ကေခိုင်သိတော့ ရယ်လိုက်တာ အတောမသတ်ပဲ။

"နင် ... ခံရပြန်ပြီထင်တယ်၊ ဒီအုန်းခြစ်ကြီးကိုပိုက်ပြီး ထူးဝေတို့အိမ်ကို ဝင်သွားမိတာ သင်္ကေတဝါဒ Symbolism ဆိုတာကြီးကို Performance (ပါဖောင်းမန့်စ် )လုပ်ပြရာရောက်တယ်"

"ဘာလဲ ... ငါ နားမလည်ဘူး"

"Performance ဆိုတာ ဖော်ကျူးမှု အနုပညာကိုပြောတာ"



"သင်္ကေတဝါဒဆိုတာကရော ..."

"သင်္ကေတဝါဒဆိုတာက သင်္ကေတပြပြီး ကိုယ်ပြောချင်တဲ့ အဓိပ္ပာယ်ဆီရောက်အောင် ပြောပြတာ ... ဒီလိုဟာ ထူးဝေတို့အိမ်ကို နင်က အုန်းခြစ်ကြီးကိုင်ပြီး ဝင်သွားတဲ့ကိစ္စဆိုပါတော့ ... အုန်းသီးကိုခြစ်မယ်ဆိုတဲ့သဘောပေါ့ ... ထူးဝေရဲ့ ငယ်နာမည်က အုန်းသီးဟ ... အဲဒီတော့"

"ဘာ ... ဘာပြောတယ် ..."

"ဟုတ်တယ် ... ထူးဝေရဲ့ ငယ်နာမည်က အုန်းသီး"

လက်ထဲမှာ သောက်မလို့ကိုင်လာတဲ့ သောက်ရေသန့်ဘူးကို လိမ်ပစ်လိုက်မိတယ်။ လမ်းဘေးအမှိုက်ပုံမှာ အုန်းသီးခြောက်ကြီးတစ်လုံး တွေ့တာနဲ့ ပြေးကန်ပစ်လိုက်တယ်။ လက်ထဲက သောက်ရေသန့်ဘူးနဲ့လည်း ပစ်ပေါက်ပစ်လိုက်တယ်။

"မှတ်ထား ... အဲဒါပဲ ..."

ဘာမဆိုင် ညာမဆိုင် ကေခိုင့်ကိုလည်း မကြည့်ရှိတ် ရှိတ်ပစ်လိုက်တယ်။ ကေခိုင်က ...

"ငါ နင့်ကို အကြံတစ်ခုပေးမယ် ... နည်းနည်းတော့ အပင်ပန်းခံရလိမ့်မယ် ... ထူးဝေကို နိုင်သွားနိုင်တယ် ..."

သူ ... အဲလိုပြောလာတော့ စိတ်ဝင်စားတာပေါ့။

"ဘာ ... ဘာလဲ ... ဘယ်လိုလုပ်ရမှာလဲ ..."

"ငါလည်း စာအုပ်တစ်အုပ်ဖတ်ရင်း အကြံရတာ ... နင့်ကို ထူးဝေက အပြစ်တစ်ခုခု လုပ်မိပါစေ။ အဲဒါကို နင်က ရုံးကိုင်တရားစွဲ လိုက် ... ပြီးရင် သူ့ကို ဒဏ်ငွေတစ်မတ်တပ်ပြီး ရှေ့နေနဲ့ တောင်း

www.burmeseclassic.com

www.burmeseclassic.com



နိုင်း ... အဲဒါဆို နင် သူ့ကို တစ်မတ်ပေးစရာ မလိုတော့ဘူး ... ကျေရော"

"ဟယ် ... အဲဒါကြီးက ကြီးကျယ်လွန်းပါတယ်ဟာ"

"မကြီးကျယ်အောင်လို့ ရပ်ကွက်ရုံးလောက်မှာပဲ လုပ်လိုက်ပေါ့ဟာ ... "

စိတ်ထဲက ပျော်သလိုလိုတော့ ခံစားရတယ်။ စဉ်းစားကြည့်ရင် မဆိုးဘူး။

ဒါပေမယ့် ... စဉ်းစားရဦးမယ်။ ဘာလုပ်ရမလဲ။ ဘယ်လိုလုပ်မလဲ။ ဘယ်လို 'ခွင်'ဆင်မလဲ။

အဲလိုစဉ်းစားနေရင်းမှာပဲ ဗိဒ်ိယိုအခွေဆိုင်ရှေ့မှာ စက်ဘီးရပ်ပြီး စကားပြောနေတဲ့ ထူးဝေကို တွေ့ရတယ်။

"ဟဲ့ ... ဟိုမှာ ... ဟိုမှာ ... "

"အေး ... တွေ့ပါတယ် ... "

"အခုကို အကောင်အထည်ဖော်နိုင်ရင် ကောင်းမယ်ထင်တယ် ... "

"အေး ... ငါလည်း စဉ်းစားနေတယ် ... "

"ဟဲ ... လမ်းထိပ်မှာလည်း ဦးခင်အောင်ကြီး ရပ်နေတယ် ... သူ့ရှေ့မှာ ထူးဝေကြောင့် ကိုယ် ထိခိုက်နာကျင်ရသလိုဖြစ်အောင် လုပ်လိုက် ... "

ဦးခင်အောင်ဆိုတာက လမ်းလူကြီးပါ။ သဘောလည်းကောင်းပါတယ်။ လူငယ်တွေကို ဒီ့အတိုင်းတောင် အမြင်မတော်ရင် ဆူဆဲနေကျ။



ထူးဝေလည်း စက်ဘီးကလေးနင်းပြီး ဆက်ထွက်လာတယ်။

"ဟဲ့ ... သူ့ကြောင့် နင် စက်ဘီးတိုက်မိသလို လုပ်လိုက်၊ ပြီး ... ဒဏ်ငွေတစ်မတ်တောင်းလိုက် ... "

"ဟင် ... အဲ ... "

စဉ်းစားချိန်တောင် သိပ်မရလိုက်ဘူး။ ထူးဝေ စက်ဘီးကနီးလာပြီ။

"သွား ... သွား ... "

ကေခိုင်ကလည်း တွန်းထုတ်တယ်။ ကိုယ်လည်း ထူးဝေရဲ့ စက်ဘီးရှေ့နား လျှောက်သွားတယ်။ ထူးဝေက သူ့အတွေးနဲ့သူ နင်းလာတာ။ ပြုံးခနဲ ...

သူ့ရှေ့ရောက်မှ ကိုယ့်ကိုမြင်တယ်။ ကိုယ်ကလည်း မသိချင်ယောင်ဆောင်ပြီး သူ့စက်ဘီးဆီ တည့်တည့်တိုးသွားလိုက်တယ်။

ဘေးကနေ ကေခိုင်ကလည်း ငယ်သံပါအောင် ဝင်အော်ပေးတယ်။

"ဟဲ့ ဟဲ့ ... စက်ဘီး ... စက်ဘီး ... "

"အို ... "

"အား ... "

ထူးဝေက စက်ဘီးကို ဘေးဘက်ဆွဲချတယ်။ မြောင်းနဲ့ကပ်ပြီး သူ့စက်ဘီး ဝုန်းခနဲလဲတယ်။ ကိုယ့်ကိုတော့ ပွတ်ရုံတင် ပွတ်သွားတာပေါ့။ ဒါပေမယ့် ... ကိုယ်ကလည်း 'အား'ခနဲ လဲကျပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အလဲမှာ ဦးခင်အောင်ကြီး မြင်သလားလို့လည်း မသိမသာ နိုးကြည့်ရသေးတယ်။ မြင်ပါလေရဲ့။ ပြူးပြူးကြီးကိုမြင်ပြီး ဆိုက်ဆိုက်ကြီးကို ရောက်လာပါတော့တယ်။

"အား ... ကျွတ် ... ကျွတ် ... "

"သံစဉ် ... သံစဉ် ... ဘာဖြစ်သွားသေးလဲ ... "

ကေခိုင်က ဘေးကလာထူတယ်။ သူကိုတွဲပြီး ထတယ်။ ဦးခင်အောင်ကြီးကလည်း ဘေးကလာကြည့်တယ်။ ကိုယ့်ကို တစ်လှည့်၊ ဘေးမှာ စက်ဘီးခွေလဲနေတဲ့ ထူးဝေကိုတစ်လှည့် ကြည့်တယ်။

ကိုယ်က မူပြမလို့ ကြံရုံရှိသေးတယ်။ ဦးခင်အောင်ကြီးက ကိုယ့်ကို သေသေချာချာတောင် မကြည့်ဘဲ ထူးဝေကို သွားထူပေးကယ်။

"အာ ... လာလာလာ ... "

ဦးခင်အောင်ကြီးက ထူးဝေကို တွဲထူရင်းမေးတယ်။

ထူးဝေက ရှုံ့မဲ့နေတဲ့မျက်နှာနဲ့ ...

"ဒါ ... ဒါ ... ကျွန်တော့်ကို လူမှုရေးလုပ်ကြတာပဲ"

ဦးခင်အောင်ကြီး မျက်လုံးပြူးသွားတယ်။

"ဟေ ... ဘာဖြစ်လို့လဲ ... "

ထူးဝေက သူ့ပေါင်ကြားကို လက်ကလေးနဲ့ ဖိထားတယ်။

"ကျွန်တော့်ယောက်ျားဘဝတော့ ဆုံးပြီထင်ပါရဲ့ဗျာ"

"ဟေ ... "

"အဲ ... "



ဦးခင်အောင်တင် ဘယ်ဟုတ်မလဲ၊ ကိုယ်ရော၊ ကေခိုင်ရော ... မျက်လုံးပြူးသွားရတာပေါ့။

"ဘယ်လိုဖြစ်တယ် ... မင်း ဘာဖြစ်သွားတယ်"

ထူးဝေက စောစောကပုံစံအတိုင်း တကျွတ်ကျွတ် ညည်းသွားရင်း ...

"ကျွန်တော့်ယောက်ျားဘဝတော့ ဆုံးပြီထင်ပါရဲ့ဗျာ ... သူတို့တမင်လုပ်ကြတာပါ ... "

ဦးခင်အောင်က ကိုယ်နဲ့ ကေခိုင်ကို မသင်္ကာတဲ့မျက်လုံးတွေနဲ့ လှမ်းကြည့်တယ်။

ထူးဝေကို လှည့်မေးတယ်။

"တမင်လုပ်တာ ... ဟုတ်လား ... "

"ဟုတ်ပါတယ် အကြံအစည်ရှိရှိနဲ့ကို သူတို့တမင်လုပ်ကြတာပါ ... "

ဦးခင်အောင်က ကိုယ်တို့နှစ်ယောက်ရှေ့ မားမားရပ်ပြီး

"မင်းတို့က ဘာကိစ္စ သူ့ကို ယောက်ျားဘဝဆုံးရှုံးအောင် လုပ်ကြတာလဲ ... "

"အဲ ... "

"မဟုတ်ဘူး ... မဟုတ်ဘူး ... "

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... လုပ်လောက်တဲ့ အကြောင်းတွေ သူတို့မှာရှိပါတယ် ... "

"အို ... မဟုတ်ဘူး ... ဘာလို့လုပ်ရမှာလဲ ... "

ဦးခင်အောင်ကတော့ သုံးယောက်လုံးကို အကဲခတ်သလို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတော့တာပဲ။

"သူ ... သူ သက်သက်ညာတာ၊ ဘာမှသိပ်ဖြစ်တာမှ မဟုတ်ဘဲ ..."

ဦးခင်အောင်ရဲ့ခေါင်းက ထူးဝေဘက် ပြန်လှည့်သွားတယ်။

"အေး ... ဟုတ်သားပဲ၊ မင်းတကယ်ရော ဟုတ်ရဲ့လား"

"တကယ်ပေါ့ ဦးလေးရယ် ... ကျွန်တော့်ယောက်ျားဘဝတော့ ဆုံးပြီထင်ပါတယ် ..."

"မှန်းစမ်း ... ပြစမ်း"

"အဲ ..."

ထူးဝေရဲ့မျက်လုံးက ပြခနဲဖြစ်သွားတယ်။

"မပြနဲ့ ... မပြနဲ့ ..."

ကိုယ်တို့လည်း ဒရောသောပါ၊ အော်တားရတာပေါ့။ ဦးခင်အောင်ကြီးမှာလည်း ခေါင်းကုတ်ပြီး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတယ်။

ထူးဝေကို တွဲထားရင်းကနေ ...

"မင်းက အခု ဘယ်ပြန်မှာလဲ ..."

"အိမ် ..."

"စက်ဘီးနင်းလို့ ရဦးမလား ..."

"အာ ... ဘယ်ရတော့မလဲ ... ကျွတ်ကျွတ်"

ဦးခင်အောင်က စက်ဘီးကို ဆွဲထူတယ်။ ကိုယ့်ဘက်ကို လှည့်လာတယ်။



"သံစဉ် ... နင် စက်ဘီးနင်းတတ်တယ်မဟုတ်လား"

"ဟုတ် ... ဟုတ် ..."

ကိုယ်ကလည်း ညာဖို့မေ့သွားတယ်။ စကားပြန်ပြင်မလို့ စိတ်အကူးတုန်းမှာပဲ ...

"အဲဒါဆိုရင် ဒီစက်ဘီးကို နင်နင်း ... သူ့ကို တင်ခေါ်သွားပြီး သူ့အိမ်ပြန်လိုက်ပို့ပေးလိုက် ..."

"အယ် ..."

ကေနိုင်ကို လှမ်းကြည့်တော့ ကေနိုင်ကလည်း မျက်လုံးကလေး ကလယ်ကလယ်ဖြစ်နေရုံကလွဲပြီး ဘာမှမတတ်နိုင်ဘူး။

"အား ... ကျွတ် ... ကျွတ် ... ကျွတ် ..."

"ကဲ ... ဟေ့ကောင်လေး ... မင်း စက်ဘီးနဲ့ပဲ မင်းကို ဒီကောင်မလေးက အိမ်ပြန်ပို့ပေးလိမ့်မယ်၊ ကြားလား ..."

"ဟုတ် ... ဟုတ် ... ဟုတ်ကဲ့၊ ဦး ... သင့်သလို စီစဉ်ပါ"

"ကဲ ... ကောင်မလေး ... သူ့ကို တင်ခေါ်သွားလိုက်"

"ဟုတ် ... ဟုတ် ..."

နေနှင့်ဦးပေါ့ အကယ်ဒမီ ထူးဝေရယ်။

သူ့စက်ဘီးကို ကိုယ်ကနင်းပြီး သူ့ကို တင်ခေါ်လာရတယ်။ သူကတော့ နောက်က ကယ်ရီယာမှာ ခြေတွဲလောင်းချလို့။

လမ်းအကွေ့မှာ ကြည်ကြည်ဝေအလာနဲ့ တိုးတယ် ...။ ကြည်ကြည်ဝေက ပါးစပ်အဟောင်းသားနဲ့ ဖြစ်သွားတယ်။

"ဟဲ့ ..."

"ကြည်ကြည်ဝေ နေကောင်းတယ် မဟုတ်လား ..."

www.burmeseclassic.com

www.burmeseclassic.com



အာပြဲကြီးနဲ့ ထူးဝေက အော်နှုတ်ဆက်လိုက်သေးတယ်။ ကိုယ်ကတော့ မျက်နှာရှုပုပ်ပြီး စက်ဘီးကိုသာ ဖိနင်းနေလိုက်တယ်။

ခုနက ယောက်ျားဘဝ ဆုံးပြီထင်တယ် ... ဆိုပြီး ညည်းနေတဲ့ကောင်က ခုတော့လည်း တစ်ယောက်တည်းနဲ့ကိုညံလို့။

"ဟာ ... ကိုသန်းဇော်ကြီး ... ကျွန်တော်မှာထားတဲ့ သရဖူမဂ္ဂဇင်း မမေ့နေနဲ့နော် ..."

စာအုပ်အငှားဆိုင်ထဲကလူလည်း ကိုယ်တို့ကိုကြည့်ပြီး အင်း ... အင်း ... ဆိုပြီး ခေါင်းညိတ်တယ်။

"အင်း ... ဟိုကောင်ဗလ ချွေးကိုဘာကိစ္စ သွားစ,နေရတာလဲ၊ သွား ... အိမ်ပြန်စမ်း ..."

"ဟာ ... ဦးထူးဝေကြီးက စိတ်ဘီးစီးတာတောင် ဒရိုင်ဘာနဲ့ဟေ့ ... ဟေဟေး"

စက်ဘီးကို အတော်စိတ်ရှည်ရှည်ထားပြီး နင်းနေရတယ်။

"ဟာ ... ဆရာ"

ဆရာဦးကိုကိုအောင်နဲ့ တိုးတယ်။ ကိုယ်က ခေါင်းငုံ့ပြီး မသိချင်ယောင်ဆောင်ပေမယ့် သူက နောက်ကနေပြီး ခုနစ်ပေါက်သံနဲ့ အော်ခေါ်လိုက်တာကိုး။ ဆရာဦးကိုကိုအောင်က မြင်သွားတယ်။

"ဟာ ... မင်းတို့ ..."

ပထမတော့ ဆရာ ကြောင်သွားတယ်။ စကားဆက်မပြောတော့ဘဲ သဘောပေါက်သွားဟန်နဲ့ ပြုံးတယ်။



"သွားပြီ ဆရာ ..."

"အေး ... အေး ... အေး ..."

အေလင်းချိုတို့အိမ်ဘက်ကလည်း ဖြတ်ရတယ်။

"မထွေး ... ခေါက်မုန့်ကုန်ပြီလားဗျ ..."

"ကိုမျိုးဆွေသန်း ... ကျွန်တော် နက်ဖြန်ကျရင် စက်ဘီးလာလေထိုးဦးမယ် ..."

ဒါများ ပြောနေစရာကိစ္စမှ မဟုတ်ဘဲ။

"ဟော့ ... တင်ကိုကို ... ဒီတစ်ခါ ဆံပင်သွားညှပ်ရင် ငါ့ကိုခေါ်နော် ..."

အဲဒီ တင်ကိုကိုဆိုတဲ့ သူကလည်း ထူးဝေထက်စာရင် ကိုယ့်ကိုပဲ ပြုံးပြုံးကြည့်ပြီး "အင်း ... အင်း ..." တဲ့။

သည်းမခံနိုင်တော့လို့ ကိုယ် လှည့်ပြောရတယ်။

"နင် ... လူတကာကို အော်နှုတ်ဆက်မနေနဲ့ ..."

သူက ဘာအပြစ်မှမရှိတဲ့မျက်နှာနဲ့ ...

"ဟ ... ဘာဖြစ်လို့လဲ ..."

"ဘာမှဖြစ်ဖြစ် ... မဖြစ်ဖြစ် မလုပ်နဲ့ ..."

"မဟုတ်ဘူးလေဟာ ... လူမှုရေးဆိုတာက ရှိသေးတယ်"

"မရှိနဲ့ဟာ ..."

"အေးလေ ... ဒါဖြင့်လည်း ပြီးတာပါပဲ၊ ငါ နင့်ကို အလိုလိုက်ပါ့မယ် ..."

"အောင်မာ ..."

ထူးဝေက ဘယ်သူ့ကိုမှ အော်မခေါ်တော့ဘူး။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခက မပြီးသေးဘူး။ စက်ဘီးဖြတ်သွားတဲ့ လမ်းတစ်လျှောက် လူတိုင်း ကိုယ်တို့ကို ရယ်ကျဲကျဲနဲ့ ကြည့်ကြတယ်။

မသင်္ကာလို့ လှည့်ကြည့်တော့ သူတောင်းစားက မျက်နှာ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်နဲ့ အားလုံးကို လိုက်ရယ်ပြနေတာကိုး။ အဲဒါနဲ့ ...

"နင် ... ဘာလုပ်တာလဲ"

"ဘာလုပ်လို့လဲ ... "

"နင့်မျက်နှာက အပိုးကိုမကျိုးဘူး ... "

"ပြုံးတာပါဟ ... "

"မပြုံးနဲ့ ... တည်တည်နေ ... "

"မဟုတ်ဘူးလေဟာ ... လူမှုရေးဆိုတာ ရှိသေးတယ်ဟ"

"လာပြန်ပြီလား ဒီလူမှုရေး ... "

"အေး ... အေး ... နင့်သဘောပါပဲ ... "

ငြိမ်သွားတယ်။ ပါးစပ်ရယ် မျက်နှာရယ်က ငြိမ်တာပါ။ စက်ဘီးက ရမ်းလာတာကို သတိထားမိတယ်။ ရှေ့တည့်တည့်မှာ အေလင်းချိုကို တွေ့တယ်။

ပထမ ... မျက်လုံးပြူးပြီး အင်မတန်အံ့သြဟန်ကို လုပ်ပြတယ်။

ဒုတိယ ... မျက်လုံးကိုပွတ်ပြီး သေသေချာချာ ထပ်ကြည့်ဟန်ကို လုပ်ပြတယ်။

တတိယ ... သဘောကျပြီး ခေါင်းတဆတ်ဆတ်ညိတ်တဲ့



အမူအရာကိုပြတယ်။ လက်မထောင်ပြတယ်။ ကိုယ့်ကောင်ကကို စက်ဘီးနောက်ကနေ အရင်ထောင်ပြလိုက်လို့ နေမှာပေါ့။

မျက်နှာတင်းတင်းနဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့က ဖြတ်တယ်။ လက်ဖက်ရည်ဆိုင်ထဲက လူတွေအားလုံးက ဝိုင်းကြည့်နေကြတယ်။ သူတို့မျက်နှာက ပြုံးစိစိ ဖြစ်နေတဲ့အပြင် စက်ဘီးနောက်ပိုင်းကလည်း ခါယမ်းလာတဲ့အတွက်ကြောင့် လှည့်ကြည့်လိုက်တယ်။

လက်ဖက်ရည်ဆိုင်ကဖွင့်တဲ့ ကက်ဆက်တီးလုံးအတိုင်း ကိုယ်တော်ချောက လက်နဲ့ပခုံးကို လှုပ်ယမ်းပြီး က,လိုက်လာတာကိုး။

"နင် ... အဲဒါ ဘာလုပ်တာလဲ ... က,နေတာလား"

"လူမှုရေးအရပါဟာ ... "

ဒေါသက ထိန်းမရတော့ဘူး။

"ဘာ ... လူမှုရေးလဲ ... "

"ဒီလိုလေဟာ ... လူမှုရေးဆိုတာက ... အင် ... "

"အာ ... "

"ဝုန်း ... "

သူ့ကို လှည့်ပြောနေရတာနဲ့ စက်ဘီးက မြောင်းထဲပြုတ်ကျသွားတယ်။ ကိုယ့်လုံချည်အောက်ပိုင်း ရွှံ့တွေပေကျံကုန်ပြီ။ စိတ်တိုတိုနဲ့ ပြန်အထမှာ ဘသားချောက ...

"အာ ... ကျွတ်ကျွတ် ... ငါ့ယောက်ျားဘဝတော့ အပ် ဆုံးရှုံးပြန်ပြီ ထင်ပါတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"သေလိုက် ..."

သူ့စက်ဘီးကို ပစ်ထားလိုက်ပြီး ကိုယ် ထွက်လာခဲ့တယ်။ စိတ်ထဲမှာ နာသာခံခက်ကြီး။

ဟွန်း ... တွေ့မယ် ... တွေ့မယ်။

~ ၆ ~



နောက်ရက်မှာ ကေခိုင်နဲ့ မိုးကြည်ကြည်ဝေကို စည်းရုံးပြီး တင်အေးခိုင်ပြောတဲ့ အဘွားကြီးဆီကို သွားတယ်။

"ဟဲ့ တင်အေးခိုင် ... နင့်အဘွားကြီးက ပေးပါ့မလားဟဲ့"

"မသိဘူးလေ ... တောင်းကြည့်ရမှာပဲ၊ ဦးနှောက်သိပ်မကောင်းဘူးဆိုတော့ ကြည့်ကြက်ကိုင်တွယ်ရမှာပဲ ..."

အဘွားအိုရဲ့ အိမ်ရှေ့မှာ ခဏယောင်လည်ယောင်လည် ဖြစ်ကြပါတယ်။ နောက်မှ အဘွားကြီးရဲ့မြေး၊ တင်အေးခိုင်ရဲ့ သူငယ်ချင်း ကောင်လေးကခေါ်လို့ အိမ်ထဲဝင်ခွင့်ရတယ်။

"ဟဲ့ ... မျိုးဝင်းအောင် ... နင့်အဘွားဆီက တစ်မတ်လောက် တောင်းပေးပါ"

"ဟာ ... ကိုယ့်ဟာကိုယ် တောင်းကြည့်ပါလား"

"ရပ့ါမလား ..."

"မဖြစ်နိုင်ရုံတမည် လွယ်ပါတယ် ... တောင်းကြည့်ပေါ့၊ သွား ... သွား"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက အိမ်ရှေ့ခန်းမှာ ကွမ်းအစ်တစ်လုံးနဲ့ ဆောင့်ကြောင့်ကြီး ထိုင်နေပါတယ်။ ကျိုက္ကဆံဘီစကစ်တစ်ထုပ်ကိုလည်း ဘေးမှာ ချထားတယ်။

"အဘွား ..."

"အင်း ..."

သွားတွေလည်း မရှိတော့ဘူး။ အာလုပ်သံနဲ့ထူးတာ။ ဒါပေမယ့် လှုပ်ပန်းတော့ ကျန်းမာဟန်ရှိပါတယ်။ တင်အေးခိုင်က

"အဘွား ... ဘာလုပ်နေတာလဲ ..."

"ထိုင်နေတာ ..."

"မထဘူးလား ..."

"ထလိုက်ရင် ထိုင်လို့မရတော့ဘူး ..."

အင်း ... ရှင်းသွားတာပဲ။ ကိုယ်တို့သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရပြန်တယ်။ တင်အေးခိုင်ကတော့ လိုရင်းအချက်ဆီကို စကားလမ်းကြောင်းတင်တယ်။

"အဘွားမှာ ... ပိုက်ဆံတစ်မတ်တွေ အများကြီးရှိတယ်မဟုတ်လား၊ အဘွား စုထားတာလေ ..."

"နင်တို့ကိုရော အဲဒီဆာဒူးကြီးက ဘာပြောသေးလဲ"

"ဘယ်ဆာဒူးကြီးလဲ အဘွားရဲ့ ..."

ရှုပ်ကုန်ပါပြီ။ ဒါပေမယ့် ကြည်ကြည်ဝေက အခွင့်အရေးကို အမိအရ ဝင်ယူတယ်။

"ဟို ... ဆာဒူးကြီးလေ ..."

အဘွားအိုက ဘုရားစင်အောက်က ဆာဒူးကြီးတစ်ပါးရဲ့



ဓာတ်ပုံကို လက်ညှိုးထိုးပြတယ်။

"အဲဒါ ... အဘွားတရားယူနေကျ ဆာဒူးကြီး မဟုတ်လားဟင် အဘွား ..."

"အင်း ..."

"သြော် ... သူကလား ... ပြောတာပေါ့ အဘွားရဲ့"

အဘွားအိုက ကွမ်းသီးကို ကွမ်းညှပ်နဲ့ ညှပ်နေရာကနေ မော့ကြည့်တယ်။

"ဘာပြောလဲ ..."

ကြည်ကြည်ဝေက ...

"သမီးတို့ကို အကြွေတစ်မတ်လောက် ပေးလိုက်တဲ့"

"ဘာပြောတယ် ... သူက ပေးလိုက် ဟုတ်လား ..."

"ဟုတ်ကဲ့ ... အဲလိုပြောတယ် ..."

အဘွားအိုက သူညှပ်ထားပြီးသား ကွမ်းသီးစတွေကို ဆုံလေးထဲ ထည့်တယ်။ တော်တော်နဲ့ စကားမပြန်ဘူး။ ကိုယ်တို့အားလုံး သူ့ကို စောင့်ကြည့်နေလိုက်ကြတယ်။ သူ့အလုပ်တွေ ပြီးတော့မှ အဘွားက ...

"ဘာလို့ပေးရမှာလဲ ... သူက ဘာမို့လဲ ..."

"ဟောတော့ ..."

အားလုံး တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း ဆုံမိကြတယ်။ ဘယ်လိုဖြစ်ရတာပါလိမ့်။

ဒါပေမယ့် အဘွားအိုက သူ့ဘာသာသူ ဆက်ရှင်းပြပါတယ် ...။

www.burmeseclassic.com

www.burmeseclassic.com



“ဒီဆာဒူးကြီးက ကောင်းတဲ့ဆာဒူးကြီး မဟုတ်ဘူး”

“ရှမ် … သူက ဘာဖြစ်လို့လဲ”

“ငါက သူ့ကို ယုံကြည်လို့ သူ့ရှေ့မှာ မနက်တိုင်း တရားထိုင်တယ် … တစ်နေ့မှာ သူက ဘာလုပ်ပြတယ်ထင်လဲ … ”

အားလုံးသံပြိုင် ပြန်မေးလိုက်ကြတယ်။

“ဘာလုပ်ပြလို့လဲ … ”

“မျက်စိမှိတ်ပြတယ်ဟေ့ … မျက်စိမှိတ်ပြတယ် … ”

“ဟောတော့ … ”

“နောက်ရက်ကျတော့ ဘာဆက်ပြောတယ် အောက်မေ့လဲ … ”

သံပြိုင်မေးကြပြန်တယ်။

“ဘာဆက်ပြောလို့လဲ … ”

“ပြောတယ်လေ … မိန်းကလေးရယ် ကိုယ့်ရှေ့မှာ တရားလာထိုင်ရင် နှုတ်ခမ်းနီလေး ဆိုးလာစမ်းပါတဲ့ … ဒါ သူပြောစရာလား … ”

“ဟင် … ”

“အယ် … ”

“ခွီ … ခစ်ခစ် … ”

“အားပါးပါး … အဟဲ … ”

လေးယောက်လုံး ရယ်ချင်တာကို ထိန်းရင်းနဲ့ပဲ ထိန်းမရလို့ ရယ်ဖြစ်ကြတယ်။ အဘွားအိုက သူ့ကိုရယ်တာ မဟုတ်တဲ့အတိုင်း ခပ်တည်တည်ပဲ။ ရယ်သံတွေဆုံးတော့မှ …



“နင်တို့ကို မတ်စေ့တစ်စေ့ ပေးရမယ် … ဟုတ်လား”

“ဟုတ်ကဲ့ … ”

ဝမ်းသာအားရ သံပြိုင်ဖြေလိုက်ကြတာပါပဲ။

ဒီဆာဒူးက ပေးခိုင်းတာ ဟုတ်လား … ”

“အဲ … ”

ဘာပြန်ဖြေရမှန်း မသိဘူး။

“ဒီဆာဒူးကို ပြန်ပြောလိုက် … ”

“ဟုတ် … ဘာပြောရမှာလဲ … ”

“တစ်မတ်ဆိုတဲ့ ပိုက်ဆံကို နည်းတယ်အောက်မေ့လို့လားလို့ … ”

“အမ် … ”

“ကိုယ့်ဘာသာကိုယ်ပဲ တစ်မတ်ရအောင် ရှာကြည့်စမ်းပါဦး … လို့”

“ဟုတ် … ”

“ဘာလို့ပေးရမှာလဲ … မပေးနိုင်ဘူးလို့ … ”

“ဟုတ် … ”

“ဂိန် … ”

နောက်ဆုံးကျတော့လည်း အဲဒီလိုနဲ့ပဲ လှည့်ပြန်လာခဲ့ကြရတယ်။ ကြည်ကြည်ဝေက မအောင်မြင်လိုက်တဲ့ သူ့ရဲ့နည်းဗျူဟာအတွက် စိတ်တသပ်သပ် ဖြစ်နေတယ်။

“ငါကလည်း … သူကိုးကွယ်တဲ့ ဆာဒူးကြီးဆိုတော့ ဟိုက ပေးခိုင်းတယ်ဆိုရင် သူ ပေးမှာပဲထင်ပြီး ပြောလိုက်တာ … ”

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အခုတော့ သူ့ကို အီစီကလီလုပ်တဲ့ ဆာဒူးလို့ သူ အထင်အမြင်တွေ ဝင်နေတာကိုး ... ဘာတတ်နိုင်တော့မှာလဲ ..."

"အဲဒီမတ်စေ့တွေက သူ့ခေါင်းအုံးလေးအောက်မှာကို ရှိတာပဲ ..."

"တင်အေးခိုင်ကတော့ နောက်တစ်ခါ ထပ်ကြိုးစားကြည့်ကြမယ်လို့ ပြောတာပဲ ... ဒီကောင်မလေးကတော့ ငါတို့ကို ကူညီချင်စိတ် ရှိပါတယ် ..."

"အေးလေ ... ကြုံတဲ့အခါ နောက်ထပ်ကြိုးစားကြည့်ကြသေးတာပေါ့ ..."

စိတ်ပျက်လက်ပျက်နဲ့ အိမ်ပြန်ခဲ့ကြတယ်။



နောက်တစ်ရက်နှစ်ရက်မှာ ဘာကိုမှ လုပ်လို့မရဘူး။ တစ်မတ်စေ့ဆီပဲ အာရုံရောက်နေလို့ ကျောင်းစာထဲ မနည်းပြန်အာရုံသွင်းရတယ်။

The wedding is public business. That is the point of it The couple are not merely marrying one another. They are joining the enterprise of the human race. They are, at least in past. submitting themselves to the larger logics of life. to the survival of community. to life itself. They enter into a contract with processes deeper they can know. At the moment of their building. they should subsume their egos into that larger business within which their small lyricisms becomes tiny and exhibitionistic. The ceremony dignifies the couple precisely to the degree that they lose themselves therein. The mystery of what they do is more interesting than they can ever be.

www.burmeseclassic.com

www.burmeseclassic.com



ဟိုနှစ်ကောင် ရောက်လာကြတယ်။

"ဆရာပေးထားတဲ့ အိမ်စာတွေ ပြီးပြီလား ..."

"စောစောကပဲ လုပ်ပြီးသွားတယ်၊ အဲဒီမှာလေ ... စားပွဲပေါ်မှာ ..."

ကြည်ကြည်ဝေက စားပွဲပေါ်က စာအုပ်ကို ကောက်ယူပြီး ကြည့်တယ်။ ကေခိုင့်ဘက်လှည့်ပြီး ...

"မိကေခိုင် ..."

"ဘာလဲ ..."

"နားထောင် ... နားထောင် ... ငါ ဖတ်ပြမယ်"

"အေး ... နားထောင်နေတယ် ..."

"လက်ထပ်ထိမ်းမြားခြင်းသည် အများနှင့်သက်ဆိုင်သော ကိစ္စတစ်ရပ်ဖြစ်၏။ အရေးပါသော အချက်တစ်ချက်လည်း ဖြစ်သည်။ ထိုနှစ်ဦးသားသည် တစ်ယောက်နှင့်တစ်ယောက် ပေါင်းဖက်ရန် သက်သက်မျှသာ လက်ထပ်ကြခြင်းမဟုတ်။ လူသားမျိုးနွယ်စုတစ်ခုလုံး၏ အကျိုးစီးပွားအတွက် ပါဝင်ဖော်ကျူးကြခြင်းပင် ဖြစ်သည်။ သူတို့သည် လူသားမျိုးနွယ်၏ ဘဝဆိုင်ရာ ကျယ်ပြန့်သော အကြောင်းအကျိုးတရား နယ်ပယ်ထဲသို့ ကိုယ့်ကိုယ်ကို ထည့်လိုက်ကြခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်း တည်တံ့ရေးအတွက် သူတို့ကိုယ်သူတို့ ပါဝင်ဆောင်ရွက်စေခြင်းဖြစ်သည်။ လူ့ဘဝတစ်ခုလုံးအတွက်လည်း ဖြစ်၏။ သူတို့ကိုယ်တိုင် မသိနိုင်သော အခြေအနေများတွင်ပင်လျှင် လုပ်ငန်းစဉ်အလိုက် ပါဝင်ဆောင်ရွက်ရန် ပဋိဉာဉ်ပြုခဲ့ကြသည်။ သူတို့၏ ကိုယ်ကျိုးတရားကို သူတို့၏လုပ်ရပ်များထက် ပိုမိုကျယ်ပြန့်ကြီးမားသော လုပ်ရပ်ကြီးထဲသို့ အကျုံးဝင်အောင် မြှုပ်နှံကြရသည်။ သူတို့၏ ယာယီဖြစ်တည်မှုမျှသာ ဖြစ်လာသော အလင်္ကာမြောက်မှု၊ စူးရဲလင်းလက်မှုတို့သည် ငယ်ရွယ်သွဲ့ပျောင်းသော ဟန်ပြအဖြစ်သာ ရှိနေကြ၏။ သူတို့၏ မင်္ဂလာလက်ထပ်ပွဲ၌ ရှိသော ဂုဏ်အသရေတို့သည် သူတို့ကိုယ်တိုင် ဘဝလုပ်ငန်းစဉ်များထဲသို့ မြှုပ်နှံပြီး ကျန်သူအားလုံးနှင့် တပြေးညီဖြစ်စေခြင်းသည် သူတို့အတွက် တင့်တယ်မှုပင်ဖြစ်သည်။ ထိုလုပ်ရပ်သည် သူတို့၏ အကောင်းဆုံးဖြစ်ရပ်ထက်ပင် စိတ်ဝင်စားစရာဖြစ်ရလေပြီ"



ကိုယ်ကတော့ သူတို့ရည်ရွယ်ချက်ကို ဘယ်သိပ့ါမလဲ။

"အကြမ်းဖျင်း ပြန်ထားတာပါဟာ ... စိတ်တိုင်းသိပ်မကျသေးပါဘူး ..."

ကြည်ကြည်ဝေက ချိုချိုချဉ်ချဉ် မျက်နှာနဲ့ ...

"အေးလေ ... လက်ထပ်ထိမ်းမြားတဲ့အကြောင်းအရာဆိုတော့ နင့်အတွက် အရေးကြီးတာပေ့ါ"

"အော်မာ ... ဘာစကားလဲ ... ဘာစကားလဲ"

ကေခိုင်က အံ့သြတကြီး ဝင်ပြောတယ်။

"ထိုင်းက လက်ထပ်ပွဲတစ်ခုအကြောင်း နင်တို့ ကြားပြီးပြီလား ..."

"ဘာဖြစ်လို့လဲ ..."

"ဟယ် ... ရေအောက်မှာ လက်ထပ်တယ်တဲ့ဟ"

"ကြဲကြဲဖန်ဖန် ..."

"အေး ... သတို့သားနဲ့ သတို့သမီးက ရေငုပ်ဝတ်စုံနဲ့အိုး

www.burmeseclassic.com

www.burmeseclassic.com



တွေတဲ့ ... အောက်မှာပဲ ကျောက်ဖြူသားပေါ်မှာ လက်မှတ်ထိုး ကြတာတဲ့"

"အံမယ်လေးဟယ် ... လေထီးနဲ့ဆင်းတာ ဝါသနာပါရင် ပြဿနာပဲ ... လေထဲမှာပဲ လက်ထပ်ကြရမလို ဖြစ်နေတယ်"

"ငါ စဉ်းစားမိတာက တစ်မျိုးဟ ... "

"ဘာကိုလဲ ... "

"သတို့သားနဲ့ သတို့သမီးကသာ ငြင်းတာဝါသနာပါကြ လို့ရှိရင် မလွယ်ဘူး ... ငြင်းရင်းနဲ့ လက်ထပ်ရမလို ဖြစ်နေတယ်"

ကတ်သီးကတ်သတ်လို့တွေးရင်း ဝင်မေးလိုက်တယ်။

"ငြင်းရင် ဘယ်လိုလက်ထပ်မှာတုန်း ... "

ကြည်ကြည်ဝေက ...

"ဥပမာဟာ ယောကျ်ားက မိန်းမကို ပြောပြမယ် ... ဒီနေ့ကစပြီး ငါဟာ နင့်ရဲ့အားကိုးရာဖြစ်သွားပြီ ... နင်တို့မိန်းမဆိုတာက ယောကျ်ားထက်စာရင် အားနွဲ့တယ် ... ကမ္ဘာဦးမှာတည်းက ယောကျ်ားရဲ့ နံရိုးတစ်ချောင်းကိုထုတ်ပြီး မိန်းမ လုပ်ထားရတာ ယောကျ်ားစကား နာခံရမှာပဲ ... "

ကေခိုင်က ...

"အဲဒါဆိုရင် ငါ ဝင်ငြင်းမယ် ... မိန်းမနေရာကပေါ့ ... နင်တို့ယောကျ်ားတွေ ယုတ်မာတာပဲ၊ မိန်းမကို အားနွဲ့အောင် တမင်တကာ နံရိုးတစ်ချောင်းတည်းနဲ့ ဖန်တီးထားတာ မဟုတ်လား ... တကယ်ဆို နံရိုးနှစ်ချောင်းလောက်နဲ့ ဖန်တီးပါတော့လား ဒီထက်တော့ အားအင်ပိုရှိမှာပေါ့ ... လို့ ... "



ကြည်ကြည်ဝေက ...

"အဲဒါဆိုလည်း ယောကျ်ားက ပြန်ပြောမှာပေါ့ဟာ ... နံရိုးနှစ်ချောင်းနဲ့ လုပ်မှတော့ မိန်းမတစ်ယောက်တည်း ဘယ်လုပ်မလဲ ... မိန်းမနှစ်ယောက် လုပ်လိုက်မှာပေါ့လို့ ... "

"အဲဒါဆို ငါကလည်း ပြန်ပြောမှာပဲ ... နင် အခုတည်းက ဖောက်ပြန်ချင်နေပြီ မဟုတ်လား ... ယောကျ်ားတွေ သစ္စာကို မရှိဘူး၊ အေး ... တစ်ခုတော့ ပြောထားမယ် ... နင်က အဲလိုမိန်းမ နှစ်ယောက်ကို ဖန်တီးယူမယ်ဆိုရင်လည်း ငါက နင့်မိန်းမထဲမှာ အကြီးပဲလုပ်မယ် ... ငါ့ကို အကြီးနေရာပေးရမယ်လို့ ... ဟဲ ဟဲ"

"အေး ... နင် အကြီးလုပ်ရင်လည်းလုပ်ပေါ့ ... ကြီးရင်မိုယ်ရင်ချီဆိုတဲ့ မြန်မာစကားရှိသားပဲ ... ဟိုအငယ်လေးကိုချီပြီး နင့်ကိုမိုထားမယ်လေ ... ဟဲဟဲ ... "

"ရတယ် ရတယ် ရတယ် ... နင် ချီထားတဲ့ အငယ်လေးက နင့်ကိုလိမ်ဆွဲပြီး နင်မိုထားတဲ့ငါကလည်း နင့်ကိုတုတ်နဲ့ထိုးမယ်၊ မယုံရင် စမ်းကြည့်ပေါ့ ... "

စိတ်မရှည်လို့ ဝင်အော်လိုက်ရတယ်။

"ဟယ် ... တော်ကြပါတော့ဟာ ... ဘာတွေမှန်းလဲ မသိဘူး ... "

"ဩော် ... နင်က ငြင်းရင်း ဘယ်လိုလက်ထပ်ကြမလဲ မသိဘူးဆိုလို့ပါ ... အဲလိုငြင်းရင်း လက်ထပ်ကြမှာလို့ ပြောပြတာ ဒါနဲ့နေပါဦး ... "

"ဘာလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



ကေနိုင်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး

"နင်နဲ့ထူးဝေကရော ဘယ်လိုလက်ထပ်ကြမှာလဲ ..."

"ရပါတယ် ... ဩဘာစာဖတ်မယ့် လူကြီးကို ငါတို့နှစ်ယောက်လုံး သိုင်းကစားတာ ဝါသနာပါတယ်လို့ပြောပြီး လက်ထပ်ကြရုံပေါ့ ..."

"အေးလေ ... ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ်ပါ ... နင်တို့လက်ထပ်ဖြစ်ရင် ပြီးတာပါပဲ"

"ကဲ ... အင့် ..."

"အားလားလား ... နာတယ်ဟဲ့ ... နာတယ်ဟဲ့"

ဆိတ်ဆွဲဖို့ကလွဲပြီး တခြား ဘာလုပ်စရာမှမရှိတော့ဘူး။ ဘယ်လိုဖြစ်နေတဲ့ ကောင်မတွေမှန်းကိုမသိဘူး။

"နင် ... ထူးဝေကိုမေးဖော့ မေးထားပေါ့ဟာ ... ငါ့ကို ဘယ်လိုလက်ထပ်ယူမှာလဲလို့ ..."

မနိုင်တော့တဲ့အတွက်ကြောင့် မပြောဘဲ လွှတ်ပေးလိုက်တယ်။ မချောနှစ်ယောက် စိတ်ရှိလက်ရှိ လေပေါ်ပြီး ပြန်သွားကြတဲ့အခါ ကိုယ်တစ်ယောက်တည်း အိပ်ရာထဲမှာ အတွေးအိမ်ဖွဲ့နေမိတယ်။

~ ၃ ~



ထူးဝေ ...

သူ့အကြောင်း စဉ်းစားရင်း ရင်ထဲမှာ ရှက်ရိပ်တို့ ပြာလဲ့လာတယ်။ ခုတော့ သူ့အကြောင်းစဉ်းစားရင် ရင်ခုန်တတ်လာပြီ။ ဘာဖြစ်လို့လဲ။ အရင်ကနဲ့ ဘာကွာခြားခဲ့ပြီလဲ။ မသိဘူးကွယ် ...။ ခေါင်းအုံးမှာ မျက်နှာအပ်ရင်း တတ်နိုင်ရင် ကိုယ့်ကိုယ်ကို ဖွက်ထားလိုက်ချင်တယ်။

လိုချင်သူ ရှာပလေ့စေပေါ့။

အချစ်ဆိုတာက လူငယ်တိုင်းမှာ ရှိကြမှာပဲ။ မျှော်လင့်ဖူးမယ်။ အများကြီး မျှော်လင့်ခဲ့ကြဖူးမယ်။ သနပ်ခါးရေကျဲလိမ်းထားတဲ့ ပါးပြင်ကလေးနဲ့ အိပ်ရာဝင်သီချင်းတွေဆိုကြ။ အဲဒီသီချင်းတွေထဲမှာ ချစ်သူအကြောင်း ပါဖူးကြမှာပေါ့။

လွယ်အိတ်ကလေးကို ပွေ့ပိုက်ရင်း၊ လပြည့်ညတွေမှာ လမ်းလျှောက်ထွက်ရင်း ပိတောက်ရနံ့သင်းတဲ့ လမ်းသွယ်ဖြူဖြူမှာ သူသူကိုယ်ကိုယ် လမ်းလျှောက်ဖူးကြတယ်။ သီချင်းတို့ကို ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ မြေစိုက်လက်ဖက်ရည်တဲလေးထဲမှာလည်း ကိုယ်စီကိုယ်စီ လွမ်းမောရှိဝေဖူးမယ်။

ဖြစ်ခဲ့သည်လား၊ မဖြစ်ခဲ့ဘူးလား၊ ပျက်ခဲ့ပြီလား၊ မပျက်စီးတော့ဘူးလား။ အဝေးကို ငေးမယ်။ နှုတ်ခမ်းကိုကိုက်မယ်။ လပြည့်ဝန်းလေးကြားအောင်ပဲ ကိုယ့်တစ်ကိုယ်တည်း တီးတိုး ပြောချင်တယ်။

မှားတယ်ဆိုဆို မှန်တယ်ပြောပြော လူငယ်ဟာ လူငယ်ပါပဲ။ ချစ်သူကို ချစ်ခဲ့ဖူးတယ်လေ။

တစ်ခါတစ်ခါကျတော့လည်း ...



ကံကြမ္မာဆိုတဲ့အရာက တော်တော်ခွတိခွကျနိုင်တယ်။ နောက်နေ့မှာ ဘဘနဲ့ဆုံတယ်။ ကိုယ့်ကို တိုးတိုးပြောတယ်။

"သမီး ... သမီးရှာနေတဲ့ မတ်စေ့ကို ရပြီလား ... "

ကိုယ်က အားလျော့လျော့နဲ့ပဲ ပြန်ဖြေဖြစ်တယ်။

"မရသေးပါဘူး ဘဘရာ ... "

"အေး ... အဲဒီအတွက် သမီးစိတ်ညစ်စရာ မလိုတော့ဘူး"

"ရှင် ... "

ကိုယ် ... ထခုန်မိမတတ် စိတ်လှုပ်ရှားသွားတယ်။

"ဘဘ ... ဘာကိုပြောတာလဲ၊ တစ်မတ်စေ့ ရပြီလား၊ သမီးကို အခု တစ်မတ်စေ့ လာပေးတာလား ... "

ဘဘက ပြုံးပြုံးကြီး ခေါင်းခါတယ်။

"မဟုတ်ဘူး ... အဲဒီတစ်မတ်စေ့ မရပါဘူး၊ ဒါပေမယ့် တစ်မတ်စေ့ကို ရှာစရာမလိုတော့အောင် ဘဘ လုပ်လိုက်ပြီ"

ကိုယ် ... လန့်လာမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရှိန် … ဘဘ … ဘာကိုဆိုလိုတာလဲ မသိဘူး"

"ဘဘ … ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် သမီး … "

"ဟုတ်ကဲ့ … "

"သမီးက အဲဒီတစ်မတ်စေ့ကို ထူးဝေကို ပေးရမှာ မဟုတ်လား … "

ခပ်လေးလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ … "

"အေး … အဲဒီတစ်မတ်စေ့ကို သူ့ကိုပေးစရာမလိုတော့ဘူး … သူနဲ့ ဘဘ စကားပြောပြီးပြီ … "

ကိုယ် လန့်တယ်။

"ဘာတွေပြောကြတာတုန်း … "

"ဘဘ … သူ့ကို ပြတ်ပြတ်ပဲပြောလိုက်တယ် … "

"ဟုတ်ကဲ့ … "

"မင်း … ငါ့တူမဆီက တစ်မတ်စေ့မယူနဲ့တော့ … အဲဒီတစ်မတ်စေ့နဲ့ မင်းလုပ်ရမယ့်အလုပ်ဟူသမျှ ငါ လုပ်ပေးမယ်"

"ရှိန် … "

"ဘဘ … အဲလိုပြောလိုက်တယ် … "

"သူ … သူက … ဘာပြန်ပြောလဲ … "

"ကောင်းပါတယ် … သဘောတူပါတယ် … "

ဟယ်တော် …

"အဲဒါ … သမီး ဘာမှစိတ်မပူနဲ့တော့"

ဘာပြန်ပြောရမလဲ မသိဘူး။ ဘဘကပဲ …



"ဘဘပဲ လုပ်စရာရှိတာ ဆက်လုပ်လိုက်မယ် … ဟုတ်လား … "

မရဲတရဲ ပြန်မေးမိတယ်။

"ဘဘက … ဘာလုပ်မှာလဲ … "

"အဲဒါတော့ … အချိန်တန်ရင် မောင်ထူးဝေက ပြောလိမ့်မယ်၊ အဲဒီအခါ သူ့ကိုယ်စား ဘဘက လုပ်ပေးလိုက်ရုံပဲ … "

ဗုဒ္ဓေါ …

"အဲဒါကြောင့် ဒီတစ်မတ်စေ့ကိစ္စကို သမီး ဘာမှစိတ်အနှောင့်အယှက်မဖြစ်နဲ့တော့ … ကြားလား … "

သိပ်ကြားတာပေါ့ ဘဘရယ်။ ကြားလွန်းလို့ ဘာပြန်ပြောရမှန်းမသိတော့ဘူး။

ဘဘ ပြန်သွားပြီးနောက် … စိတ်ညစ်ရင်းနဲ့ ရယ်ချင်လာတယ်။ ကိစ္စကတော့ တိုင်ပတ်ကုန်ပြီ။

ခြံထဲမှာ လမ်းလျှောက်နေရာကနေ မီးကြိုးသွယ်တဲ့တိုင်ကို တစ်ပတ်ပတ်လိုက်တယ်။ ကိုယ့်နဖူးကို တိုင်နဲ့ဖွဖွကလေး ဆောင့်ကြည့်လိုက်တယ်။ ပြီး … မြက်ခင်းပေါ် ခြေပစ်လက်ပစ်ထိုင်ရင်း ရယ်ချလိုက်တယ်။

ထူးဝေ …

စေတန် …

ငါ့ကိုချစ်တဲ့ မာရ်နတ်ကလေး … ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ ...
နင့်ရဲ့ကြေကွဲမှုဟာ
ငါ့ရဲ့ကြေကွဲမှုပါပဲ
ဒါ့ကြောင့် ...
မီးခိုးရောင်အိမ်
မှတ်သုန်တိမ်များလို
ငါ ခံစားနေရတယ်

'(မဝေနှင်ပါရီ) ၏
(မီးပြတိုက်အလွမ်း) ကဗျာစုမှ ...'

www.burmeseclassic.com

www.burmeseclassic.com



အဝေးမှာ … မြူရိပ်မြူနိုးတို့ ဝါလှဲနေသည်၊
ဝိတောက်ပင်များမှာလည်း
နှင်းခါးတွေ ယှွန်းစုဝေညှွတ်လျက်၊
လရိပ်လရောင်သည်
ညာ၏အမှောင်ကို ဆွဲရွှတ်ထားသည်၊
သတိတရ ရှိခဲ့သည်ဖြစ်စေ၊ အမှတ်တမဲ့ထားခဲ့သည်၏ဖြစ်စေ၊
လပြည့်ဝန်း၏ အလင်းဝတ်ရုံကို
လောကကြီးနှင့်အတူတူ
လူငယ်တိုင်း မြုံရုံဝတ်ဆင်ခဲ့ကြဖူးပါသည်၊
ကျောင်းတံခါးဝမှ လှပသော ပင်လယ်ကဗွီးပင်များရှိသည်၊
တီးတိုးပြောခဲ့သည့်ရှိသော် ကြားနိုင်ကြမည်လား၊
ပင်လယ်ကဗွီးပင်တို့၏ လေနိုယိမ်းခတ်သံတရှဲရှဲကြားမှာ
အချစ်ဆိုသောအရာသည်
တဈွေတစ်ကောင်လို ဝိုးတဝါး ကိုယ်ထင်ပြလာသည်၊
"အော်စကာဝိုင်းလ်ကပဲ ပြောသွားတာဗျ
သိပ္ပံပညာ ဘယ်လောက်ပဲ တိုးတက်တိုးတက်၊
ကွဲနေတဲ့ နှလုံးသားကိုတော့ ပြန်ဆက်မပေးနိုင်ပါဘူးတဲ့"
ဦးကိုကိုအောင် အမှောင်ထုကို လှမ်းငေးရင်း
နှုတ်ခမ်းတွန့်ကွေးအောင် ပြုံးလေသည်၊

# ဟိမ်တိုက်တို့၏ညာသက်ထုံး



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာဆိုတာ ကောင်းကင်ပေါ်က တိမ်တွေလိုပဲ။ လေနှင်ရာလွင့်ပြီး လေဆင်သလို ပုံပေါ်ရတယ်။ တစ်ခါတစ်ခါ ကောင်းကင်ပေါ်က တိမ်စတိမ်မျှင်တွေကို သရုပ်ဖော်ကြည့်ရင်း ကိုယ့်ရင်ထဲက မျှော်လင့်ချက်တွေအတွက် ကြိုတင်နိမိတ်ဖတ်နေရတာ ပျော်စရာတော့ ကောင်းပါတယ်။

အချစ်ဆိုတာကလည်း ... ဆန်းကြယ်တယ်တဲ့။ ဘယ်လောက်အထိ ဆန်းကြယ်မှန်းကိုတော့ ဘယ်သူမှမသိဘူး။ အချစ်နဲ့ ကံကြမ္မာရဲ့ အားပြိုင်ပွဲမှာ လူပေါင်းများစွာ စတေးခံခဲ့ရဖူးတယ်။

ထူးဝေရယ် ... သံစဉ်ရယ် ...

ကျွန်တော့်မျက်စိရှေ့မှာတင် ပွင့်ခဲ့တဲ့ ပန်းတွေပဲ ... ။

သူတို့အကြောင်းကို ပန်းစိုက်သမား ရှထောင့်ကနေ ကျွန်တော် သိမြင်နားလည်ရတာတွေ အများကြီးပေါ့။

တစ်နေ့မှာ ...

သံစဉ်က သူ့အိမ်ထဲမှာ စာအုပ်တစ်အုပ် ဖတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညှိခန်းထဲမှာပါ။ အိမ်သူအိမ်သားတွေလည်း ရှင်းနေတယ်။ စာကို စိတ်ဝင်တစား ဖတ်နေစဉ် ခြေသံကြားလို့ မော့ကြည့်တယ်။

"ဟင် ..."

သူ့အိမ်ခန်းဝမှာ ရပ်နေသူက 'ထူးဝေ'။

"နေကောင်းတယ်နော် ..."

"ဘာလဲ ..."

"မဟုတ်ပါဘူး ... နေကောင်းတယ်နော်လို့ ပြောတာ"

"ဘယ်သူက ကောင်းရမှာလဲ ... ငါလား ... နေပါဦး ... နင်က ဘာလာလုပ်တာလဲ ..."

"ဩော် ... ဒီလိုပါ ..."

ပြောပြောဆိုဆို ထူးဝေက သံစဉ့်ရှေ့က ကုလားထိုင်မှာ ဝင်ထိုင်တယ်။ သံစဉ်က ဖတ်လက်စစာအုပ်ကို ဘေးချထားပြီး ထူးဝေ လှုပ်ရှားသမျှအားလုံးကို မျက်တောင့်မခတ် လိုက်ကြည့်တယ်။

ထူးဝေက သံစဉ့်ရှေ့မှာ ခါးကိုမတ်ပြီး ကျောဆန့်ထိုင်တယ်။ ကော်လံကိုပြင်တယ်။ ပြီးတော့ ...

"အဟမ်း ..."

ချောင်းရှင်းတယ်။ သံစဉ်ကတော့ မသက်သာသလို လိုက်ကြည့်နေတာပဲ။

"ဘာလဲ ... ပြောမှာသာပြောပါ ... နင် ဟန်လုပ်မနေနဲ့"

"အေးပါ ... ကြားရမှာပါ ... ဒီလိုဟ ..."

ထူးဝေက လည်ချောင်းကို ဆန့်ထုတ်လိုက်တယ်။



"တစ်ခါတုန်းက ကောင်လေးတစ်ယောက်က ကောင်မ လေးတစ်ယောက်ကို ချစ်တယ် ... ကောင်မလေးကတော့ ကောင် လေးကို မချစ်ဘူးတဲ့ ... ကောင်လေးကတော့ ကောင်မလေးကို ချစ်လွန်းတဲ့အတွက်ကြောင့် သူ့အချစ်ကို ဖော်ပြစရာ စကားလုံး ကောင် မရှိဘူးတဲ့ ... အဲဒီတော့ ဒီနေရာမှာ ကောင်လေးရဲ့အပိုင်း ပုံပြင်က ဘာမှဆက်ပြောလို့ မရတော့ဘူး ..."

သံစဉ်က မျက်မှောင်ကြုတ်နေတယ်။

"ကောင်မလေးကကျတော့လည်း ကောင်လေးကို ဘယ် မှမနေတဲ့အတွက် ပြန်ပြောစရာ ဘာစကားမှ မရှိဘူးတဲ့ ... အဲဒါ ကြောင့် ကောင်မလေးဘက်အပိုင်းကိုလည်း ပုံပြင်က ဆက်ပြော မရဘူး ..."

"အဲဒါ ဘာဖြစ်လဲ ..."

"ဘာမှမဖြစ်ဘူး ... ပုံပြင်က အဲလိုပြောပြလို့ မရတော့ ရပ်သွားတယ် ... ပုံပြင်ရဲ့နာမည်ကိုက 'ပြောလို့မရတဲ့ပုံပြင်' ..."

"ဘာလဲ ... နင်ဘာတွေ လာပြောနေတာလဲ ..."

"အဲဒါပါပဲဟာ ... ကျေးဇူးပါပဲ"

ထူးဝေက ထိုင်ရာကထတယ်။ ဆိုဖာပေါ်ထိုင်ရင်း သူ့ကို ကြည့်နေတဲ့ သံစဉ်ကို ခါးညွတ်နှုတ်ဆက်တယ်။ ပြီး ... ပြန် က်သွားတယ်။ သံစဉ် နောက်ကနေ မျက်မှောင်ကြုတ်ကြည့်ပြီး ရစ်တယ်။

နောက်တော့ ခြံဝအထိ ထွက်လာပြီး ဒီကောင် ဘာလာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်တာလဲဆိုတာကို သဲလွန်စရှာတယ်။

ထူးဝေကတော့ သူ့မော်တော်ဆိုင်ကယ်ကြီးကို တဘုန်းဘုန်းစီးပြီးထွက်သွားတယ်။ သံစဉ် ခါးထောက်ကြည့်နေရင်း ကျ... ရစ်တယ်။ ခြံထဲ ပြန်အဝင်မှာ ...

"ဟာ ... ကျွတ် ..."

အတော်စိတ်တိုသွားတယ်။

သံစဉ်တို့အိမ်က (အရင်က) တယ်လီဖုန်းဆက်ချင်သူတွေ... ပိုက်ဆံပေးပြီး ဝင်ဆက်လို့ရတယ်။ တလောက သူ့အဖေ အလု... ကိစ္စတွေကြောင့် ဘယ်သူ့ကိုမှ ဖုန်းပေးမပြောတော့ဘူး။ ခုတော့ ပြန်ရပြန်ပြီ။

အဲဒါကြောင့် ခြံဝမှာ သုံးထပ်သားပြားလေးနဲ့ 'ဖုန်းပြော... လို့ရပြီ' ဆိုပြီး ရေးထားတယ်။ မြေဖြူနဲ့ ရေးထားတာပါ။ ဘယ်သူ... က ဝင်နောက်သွားတယ်မသိဘူး။ (ထူးဝေကိုယ်တိုင်လည်း ဖြစ်နိုင်... တယ် ... )

'ပုံပြောလို့ရပြီ' ဆိုပြီး ဖြစ်နေတယ်။

"သြော် ... ဒါကြောင့်ကိုး ..."

ထူးဝေရဲ့ လုပ်ရပ်နဲ့ပတ်သက်ပြီး သံစဉ် သဘောပေါက်... သွားတယ်။

"မသာကောင်လေး ..."

ဆိုင်းဘုတ်ကိုပြင်ရေးပြီး အိမ်ထဲပြန်ဝင်ခဲ့တယ်။

အိမ်ထဲရောက်တော့ စာဆက်ဖတ်လို့မရဘူး။ စိတ်က... ထူးဝေဆီ ရောက်နေပြီ။



ဒီကောင် ... တော်တော်နောက်တဲ့ကောင်။
(ဒါမှမဟုတ်ရင်လည်း)
ဒီကောင် ...
ဘာမှန်းမသိတဲ့ကောင်။

~ ၆ ~

www.burmeseclassic.com

www.burmeseclassic.com



သံစဉ်က ထူးဝေကို ဘာမှန်းမသိရတဲ့အကြောင်းတွေထဲမှာ တစ်ချက်က ကျွန်တော့်အိမ်မှာ အခြေတည်သွားပါတယ်။

အဲဒီနေ့က ကျွန်တော့်အိမ်မှာ မီးလုံးတစ်လုံး မလင်းပါဘူး။ ဘာဖြစ်လို့မှန်းတော့ မသိဘူး။ တတ်သလောက် မှတ်သလောက် ကြိုးစားကြည့်ပေမယ့် ပြန်ကောင်းမလာဘူး။ ကျွန်တော့်ကြောင့် ပိုပျက်သလိုတောင် ဖြစ်သွားတယ်။

အိမ်ဘေးက ကောင်လေးကို ခေါ်ရတယ်။

"မောင်စောလွင်ရေ ..."

"ဗျာ ... ဆရာ ..."

"ဒီမှာ ဆရာ့မီးလုံးတစ်လုံး မလင်းဘူးကွာ ... လုပ်တတ်ရင် လာလုပ်ပေးစမ်းပါ ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မောင်စောလွင် ရောက်လာတယ်။

"ဖိနပ်စီး ... ဖိနပ်စီး ... မောင်စောလွင် ရတယ်"



"ဟုတ်ကဲ့ ..."

ပြီးတော့ ပုဆိုးတိုတိုစည်းပြီး မီးလုံးမီးမလာတာကို နှင်လား ငါလား ပြင်ပါတော့တယ်။ ပထမတော့ ကျွန်တော်လည်း ဘေးကထိုင်ကြည့်နေသေးတယ်။

"အင်း ... ဒီနေရာကထင်တယ်"

"ဒီကောင်က ဘယ်လိုဖြစ်တာပါလိမ့် ..."

"ဘယ်လိုတုန်းဟ ..."

"ဪ ... ဟုတ်ပြီ ... ဟုတ်ပြီ"

"အင် ... မဟုတ်သေးပါဘူး ..."

"တောက် ... ခက်တော့ခက်နေပြီ ..."

"နီးတော့ နီးစပ်နေပါပြီ ... ဟိုဟာ ... အင် ..."

အဲဒီလိုနဲ့ သူပြင်နေပါတယ်။ မီးခလုတ်ကိုဖွင့်လိုက်။ မီးမလာတာသိသိနဲ့ မီးလုံးကို သေသေချာချာ ပြူးကြည့်လိုက်၊ ဟိုဟိုသည်သည် လျှောက်ပြင်လိုက်၊ မီးခလုတ်ဖွင့်လိုက်။

မီးမလာတော့ ခါးထောက်ပြီး မီးလုံးကို မိုက်ကြည့် ကြည့်လိုက် ... ကြိုးစားပမ်းစား လုပ်ရှာပါတယ်။

နောက်တော့ ... ကျွန်တော်လည်း စောင့်မကြည့်နိုင်တော့ဘူး။

"မောင်စောလွင် ..."

"ဗျာ ..."

"လုပ်နှင့်ကွာ ... ဆရာလည်း တခြားလုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဟုတ်ကဲ့ ... စိတ်ချ ဆရာ၊ ဆရာ့ဘာသာ လုပ်စရာရှိတာလုပ်ပါ ... ကျွန်တော် ပြင်ထားလိုက်မယ် ..."

"အေး အေး ..."

ကျွန်တော်လည်း အိမ်ထဲမှာ စာအုပ်တချို့နဲ့ အလုပ်လုပ်နေလိုက်တယ်။ အပြင်က မောင်စောလွင်ရဲ့ မီးခလုတ်ဖွင့်သံပိတ်သံ တဖျောက်ဖျောက်ကို ကြားနေရတယ်။

"ဆရာရေ ... လင်းပြီ" လို့တော့ အော်ပြောသံ မကြားဘူး။ မောင်စောလွင်ရဲ့ ခပ်တိုးတိုး တက်ခေါက်သံကို ကြားကြားနေရတယ်။

အိမ်ရှေ့ စက်ဘီးထိုးရပ်ပြီး ကောင်မလေးတစ်ယောက်ရောက်လာတယ်။

"ဆရာ ..."

မိသံစဉ်ပါ။ သူက ဒီလိုပဲ။ ကျွန်တော့်ဆီကို လမ်းကြုံရင် ဝင်လာတတ်တယ်။ မောင်စောလွင် မီးလုံးပြင်နေတာကိုမြင်တော့ ရပ်ကြည့်ပြီး ...

"ဆရာ့မီးလုံးက ဘာဖြစ်လို့လဲ ..."

"မသိပါဘူးကွယ် ... မလင်းဘူး၊ အဲဒါကြောင့် ပြင်နေတာ"

သံစဉ်က မောင်စောလွင် ပြင်နေတာကို ခဏစောင့်ကြည့်နေပြီး ...

"နေဦး ... သူပြင်လို့မရရင် ကျွန်မ ပြင်ကြည့်မယ်ဆရာ"

"ဟေ ... လုပ်တတ်လား ..."



ကျွန်တော်က မျက်လုံးပြူးနဲ့မေးတော့ သံစဉ်က ရယ်ဖြဲဖြဲနဲ့ ...

"အဟဲ ... နည်းနည်းပါးပါး ရပါတယ် ..."

ပြီးတော့ မောင်စောလွင်ကို တစ်ဆက်တည်း ကြေညာချက်ထုတ်လိုက်တယ်။

"ကဲ ... လာရှုပ်ပြီဗျို့ ..."

"လာလှဲ ... ဒီမှာ အခုတောင် အတော်ရှုပ်နေပြီ"

နှစ်ယောက်ပေါင်းပြီး ထပ်ရှုပ်ကြပါတော့တယ် ...။ မောင်စောလွင်ခမျာ မီးခလုတ်ကိုဖွင့်လိုက်၊ ပိတ်လိုက်၊ မီးလုံးကိုခါးထောက်ပြီး ဘုကြည့်ကြည့်လိုက်နဲ့ပဲ အတော်စိတ်အိုက်လာပုံပေါ်နေပြီ။

မိသံစဉ်ကလည်း ... နဖူးကြောလေးတွေ ရှုံ့နေတယ်။ ကျွန်တော်လည်း လက်နှစ်ဖက် နောက်ပစ်ပြီး ခပ်မောမော စောင့်ကြည့်နေရတာပဲ။

အဲဒီအချိန်မှာ အိမ်ရှေ့ကို စက်သံတဘုန်းဘုန်း မော်တော်ဆိုင်ကယ်တစ်စီး ဆိုက်လာပါတယ်။

"ဆရာ ... နေကောင်းတယ်နော်"

"ဩော် ... အေး ... မောင်ထူးဝေ၊ လာကွ ... နေကောင်းပါတယ်ကွာ"

"အိမ်မှာ ဟင်းကောင်းလေးတွေချက်လို့ ဆရာ့ကို လာပေးတာ ..."

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အေး ... ကျေးဇူးပါပဲကွာ"

ထူးဝေက အိမ်ပေါ်တက်လာပြီး သံစဉ်နဲ့ မောင်စောလွင် အလုပ်ရှုပ်နေတာကိုတွေ့တော့ ...

"ဘာလုပ်နေကြတာလဲ ..."

သံစဉ်က ဘုကြည့်လှည့်ကြည့်တယ်။ မောင်စောလွင်ကတော့ ပြန်ကိုမဖြေအားဘူး၊ ချွေးတလုံးလုံးနှင့်။

"မီးလုံးပျက်နေလို့ ..."

"သြော် ..."

ထူးဝေကလည်း ဘေးကရပ်ကြည့်နေတယ်။

သူ့ကိုကြည့်ရတာ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွမ်းကျင်ပုံပေါ်လို့ ...

"ထူးဝေ ... လုပ်တတ်လား"

ပြုံးပြီး ခေါင်းညိတ်ပြတယ်။ နေပါဦး ... သူတို့ကို စောင့်ကြည့်လိုက်ပါဦးမယ်ဆိုတဲ့ ပုံစံမျိုးနဲ့လည်း လက်ကာပြတယ်။

ကျွန်တော် အားနည်းနည်းတက်သွားတယ်။

"အင် ... မရဘူး ဆရာရေ ..."

မီးခလုတ်ကို ဖွင့်လိုက်ပြီး မီးမလာတဲ့ မီးလုံးကို စိတ်ပျက်လက်ပျက် ငေးကြည့်ရင်း မောင်စောလွင်က ပြောတယ်။

"ကျွန်မကတော့ မလျှော့သေးဘူး ဆရာ ... ကျွန်မကတော့ ဆက်လုပ်ဦးမယ် ..."

"ဒီမှာ ... မောင်ထူးဝေ လုပ်တတ်တယ်တဲ့ ..."



သံစဉ်က ထူးဝေကို စောင်းမော့ကြည့်တယ်။ ထူးဝေကတော့ သူ့ထုံးစံအတိုင်း ပြုံးစိစိနဲ့ ...။

"နင် ... အဲဒါနှစ်ခုဆက်လိုက် ... ဟိုပလပ်ပေါက်မှာ ထိုးလိုက် ..."

သံစဉ်က လိုက်လုပ်ပါတယ်။ သိပ်ယုံပုံတော့ မရဘူး။ ထူးဝေက မတ်တတ်ရပ် အနေအထားနဲ့ပဲ ...

"အေး ... အဲဒါ ... အဲဒါ ... ဟုတ်တယ်"

"အေး ... ဟုတ်ပြီ ... ဟုတ်ပြီ ... ပြီးပြီ ... ဒါပဲ"

သံစဉ်က ထူးဝေကို မော့ကြည့်တယ်။

ထူးဝေက ခေါင်းညိတ်ပြတယ်။ ဘာမှမလိုတော့ဘူးဆိုတဲ့ သဘော။

"ပြီးပြီဆရာ ... ရပြီ ..."

ထူးဝေက ကျွန်တော့်ကို လှည့်ကြည့်ပြီးပြောတယ်။

"ဟုတ်လား ... မီးလုံးဖွင့်ကြည့်ပါဦးဟ ..."

"ဟုတ်ကဲ့ ..."

သံစဉ်က မီးခလုတ် ထဖွင့်ဖို့လုပ်တယ်။

ဒါပေမယ့် မီးခလုတ်ဆီလှမ်းတဲ့ သံစဉ့်လက်ကလေးကို ထူးဝေရဲ့ လက်တစ်ဖက်က လှမ်းဖမ်းလိုက်တယ်။

"ဘာလုပ်တာလဲဟ ..."

"ခဏ ... ခဏ ..."

ထူးဝေက သံစဉ့်ရဲ့လက်ကို ပြန်လွှတ်မပေးဘူး၊ ပြုံးစိစိနဲ့။ သံစဉ်က သူ့လက်ကိုရုန်းရင်း ထူးဝေကို ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်ချက် မျက်လုံးချင်းဆုံကြတယ်။ ထူးဝေက မောင်စောလွင်ဆီ မေးငေါ့ပြရင်း ...

"ဒီခလုတ်ကို ကိုစောလွင် နှိပ်ပါစေ ... "

ပြီး ... သံစဥ့်လက်ကို ပြန်လွှတ်ပေးလိုက်တယ်။

သံစဥ့်က မျက်လွှာချပြီး နောက်ပြန်ဆုတ်သွားတယ်။

"ကိုစောလွင် ... ဖွင့်ကြည့်ဗျာ ... "

မောင်စောလွင်က သွက်သွက်လက်လက်နဲ့ပဲ မီးခလုတ်ကို နှိပ်ထည့်လိုက်တယ်။

"ဖျောက် ... "

"ဟော ... "

"ဩော ... "

မီးလင်းသွားပါပြီ။ မောင်စောလွင်က ခုတော့ မီးလင်းလာပြီဖြစ်တဲ့ မီးလုံးကို ခါးထောက်ကြည့်ပြီး အောင်နိုင်သူတစ်ယောက်လို တဟားဟားဟား အော်ရယ်နေတော့တယ်။

"ကဲ ... ပြီးသွားပြီ၊ ကျေးဇူးပါပဲကွာ ... အားလုံးကို ကျေးဇူးပါပဲ ... "

ကျွန်တော့်စကားအဆုံးမှာ ...

"ကျွန်တော် ပြန်လိုက်ဦးမယ်ဆရာ ... "

ထူးဝေက ပြောတာ။

"ဟ ... နေပါဦးကွ၊ အေးအေးဆေးဆေးပေါ့ ... "

"မနေတော့ဘူးဆရာ ... အလုပ်ကိစ္စလေးတွေ ရှိသေးလို့၊ နောက်မှပဲ အေးအေးဆေးဆေး လာခဲ့မယ် ... "



"အေး အေး ... "

ထူးဝေက အိမ်ထဲက ပြန်အထွက်မှာ သံစဥ့်ကို တစ်ချက်ကြည့်တယ်။ သံစဥ့်က မသိယောင် ဆောင်နေတယ်။

ထူးဝေ မော်တော်ဆိုင်ကယ်ကြီးနဲ့ တဘုန်းဘုန်း ထွက်သွားတော့မှ ...

နောက်ကနေ ခပ်ငေးငေး လှမ်းကြည့်တယ်။ မောင်စောလွင်လည်း သူ့အိမ်ဘက်သူ ပြန်ကူးသွားပြီး ကျွန်တော်က သံစဥ့်ကို

"ထူးဝေက စိတ်ဓာတ်ကလေး ကောင်းတယ်ကွ ... "

"ရှင် ... ဘာဖြစ်လို့လဲ ... "

သံစဥ့်က နားလည်ပုံ မရဘူး။

"ဩော် ... ခုနက မီးခလုတ်ဖွင့်တဲ့ကိစ္စကို ပြောတာပါ"

" ... ... ... "

"မောင်စောလွင်က မီးခလုတ်ကိုဖွင့်လိုက်၊ မီးမလာလိုက်၊ ရင်မောလိုက်နဲ့ ခံစားနေရတာကို ... အဲဒါကြောင့် သေချာပေါက် မီးလင်းမယ့်အခေါက်မှာ မောင်စောလွင်ကိုပဲ သူ ပြန်ဖွင့်နိုင်းလိုက်တာ ... မောင်စောလွင်ကို ကိုယ်ချင်းစာပြီး စိတ်ချမ်းသာအောင် ပြန်လုပ်ပေးသွားတာ၊ တော်တယ် ... ဒီကောင်လေး စိတ်ဓာတ် ကောင်းတယ် ... "

သံစဥ့်က ဘာမှပြန်မပြောဘူး။

ငြိမ်သက်နားထောင်နေတယ်။ တစ်စုံတစ်ရာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် စဉ်းစားနေသလိုပါပဲ။ အင်းလေ ... ထူးဝေနဲ့ ပတ်သက်လာရင် အလေးအနက်စဉ်းစားလာတတ်တဲ့ မိန်းကလေးဟာ ထူးဝေကို မချစ်တောင်မှ ...

မမုန်းလောက်ပါဘူးလို့ ...

ထင်မိတာပါပဲ ... ။



ထူးဝေက ခန့်မှန်းရခက်တယ်။ သူထင်ရာသူ လျှောက်လုပ်နေတတ်တဲ့ကောင်လေး ... ။

တစ်နေ့မှာ ...

ပင်မတက္ကသိုလ်အနားက အအေးဆိုင်တစ်ဆိုင်မှာ သံစဉ်နဲ့အတူ ထိုင်ခဲ့ကြသေးတယ်။

သံစဉ်က သူနဲ့အတူ အအေးဆိုင်ထိုင်တယ်ဆိုလို့ အံ့ဩစရာ ဖြစ်ကောင်းဖြစ်မယ်။ အမှန်က ဒီလိုပါ။

သံစဉ်ကို ပိုးပန်းနေတဲ့ လူငယ်တွေ အများကြီးရှိပါတယ်။ အဲဒီအထဲမှာ ငြိမ်းမင်းခန့်ဆိုတဲ့ လူငယ်တစ်ယောက်လည်း ပါတယ်။ သံစဉ်ကို အအေးသောက်ဖို့ ကလပ်(စ်)အပြီးမှာ လာခေါ်ပါတယ်။

သူငယ်ချင်းလည်း ဖြစ်တဲ့အပြင် ဟောဟောရမ်းရမ်း မရှိတဲ့ လူငယ်လည်းဖြစ်လို့ သံစဉ်က လိုက်သွားပါတယ်။

သူတို့ အအေးဆိုင်ထဲ ဝင်သွားတာကို ထူးဝေက ပြတ်ပြတ်သားသားကို မြင်လိုက်ရတယ်။ အဲဒါနဲ့ ထက်ကြပ်မကွာ လိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး သံစဉ်နဲ့ ငြိမ်းမင်းခန့်တို့ရဲ့ စားပွဲမှာပဲ အတိအကျ ဝင်ထိုင်လိုက်ပါတယ်။

သံစဉ်ရယ် ... ငြိမ်းမင်းခန့်ရယ် အမ်းသွားတယ်။

"အဟဲ ... ငါလည်း အိုက်စကရင်စားချင်လို့ ဝင်လာတာ"

ငြိမ်းမင်းခန့်မျက်နှာ ရှုံ့မဲ့သွားတယ်။

"တခြားစားပွဲ သွားထိုင်ပါလားကွာ ... "

အဲဒီတော့မှ ထူးဝေက သူထိုင်နေတဲ့ခုံမှာ စောစောကထက် ပိုသေချာအောင် ပြင်ထိုင်လိုက်ပြီး ...

"မဟုတ်ဘူးလေကွာ ... မင်းတို့က ဒီစားပွဲမှာ ထိုင်နေရက်နဲ့ ငါက တခြားစားပွဲ သွားထိုင်မယ်ဆိုရင် မကောင်းဘူး မဟုတ်လား ... "

"ကောင်းပါတယ် ... "

"မကောင်းပါဘူးကွာ၊ မထိုင်ပါဘူး ... ဒီမှာပဲ ထိုင်ပါမယ်"

"ကျွတ် ... "

ငြိမ်းမင်းခန့်က မိုးကြိုးပစ်ခံထားရတဲ့ မျက်နှာမျိုးနဲ့ ထူးဝေကို အငေးသားကြည့်နေတော့တယ်။ စိတ်လက်ကုန်ခမ်းနေသလိုပေါ့။ သံစဉ်ကတော့ သူနဲ့ မဆိုင်သလိုပဲ။

ငြိမ်းမင်းခန့်ကို ...

"စောစောကစကား ဆက်စမ်းပါဦး ... "

ငြိမ်းမင်းခန့်က သူ့စကားကိုသူ မှတ်မိပုံတောင် မရတော့ဘူး။



"ဘာလဲ ... ခုနက ဘာအကြောင်း ပြောနေကြတာလဲ"

"ဪ ... လူခြောက်ကလေးက မိန်းမလိုချင်လို့ မင်္ဂလာဆောင်ပေးပါဆိုတဲ့ ကိစ္စလေ ... "

"ဪ ... အဲဒါလား ... "

"ဘာလဲ ... မင်းတို့မင်္ဂလာဆောင်တဲ့အကြောင်း ပြောနေတာလား ... "

ငြိမ်းမင်းခန့်က ထူးဝေကို လှည့်ကြည့်တယ်။ မျက်မှန်ကို ပြင်တပ်တယ်။ ဘာမှတော့ မပြောတော့ဘူး။ သံစဉ့်ဘက်ကို ပြန်လှည့်တယ်။ စကားဆက်တယ်။

"အဲဒါက ... "

"အေးကွ ... မင်္ဂလာဆောင်တယ်ဆိုတဲ့ ကိစ္စကလည်း အတော်ကရိကထများတဲ့ကိစ္စ ... "

ငြိမ်းမင်းခန့်က ထူးဝေကို လှည့်ကြည့်တယ်။ မျက်မှန်ကို ပြင်တပ်တယ်။ ဘာမှတော့ မပြောတော့ဘူး။ သံစဉ့်ဘက်ကိုလှည့်ပြီး စကားဆက်ဖို့ ပြင်ပြန်တယ်။

"အဲလို မင်္ဂလာဆောင်မယ်ဆိုတော့ ... "

"ငါ့လို မင်္ဂလာဆောင်မယ့်လူကတော့ ဘယ်သူမှရှိမှာ မဟုတ်ဘူးလို့ ထင်တာပဲ ... ရှိရင်တောင် အတော်နည်းမယ် ဒီလိုကွ ... "

ငြိမ်းမင်းခန့်က ထူးဝေကို လှည့်ကြည့်ပြန်တယ်။ မျက်မှန်ကိုလည်း ပြင်တပ်တယ်။ ဘာမှတော့ မပြောပါဘူး။ သံစဉ့်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ပြီး စကားပြောဖို့ နှုတ်ခမ်းပြင်တယ်။ ဒါပေမယ့် ... သူ နောက်ကျသွားတယ်။

ထူးဝေက ...

"ငါ မင်္ဂလာဆောင်ရင် သင်္ချိုင်းကုန်းမှာဆောင်မယ် ..."

ငြိမ်းမင်းခန့်က မျက်မှန်ကိုချွတ်ပြီးတော့ အဝတ်နဲ့ပွတ်တယ်။ အတော်စိတ်ဓာတ်ကျနေပုံလည်းရတယ်။ သံစဉ်ကတော့ ထူးဝေရဲ့စကားကို လန့်ဖျပ်သွားပုံရတယ်။ ထူးဝေကို မျက်လုံးပြူးကလေးနဲ့ စိုက်ကြည့်နေတယ်။

ထူးဝေက ဆက်ပြောတယ်။

"ငါ့စိတ်ကူးက ဒီလိုဟ သံစဉ်ရ ..."

ပြောပြီးတော့ ဇလုတ်ကို လက်နဲ့ပွတ်လိုက်သေးတယ်။ လည်ပင်းကိုလည်း လက်နှစ်ဖက်နဲ့ ပွတ်ညှပ်ပြီး ရှည်ထွက်လာအောင် လုပ်တယ်။

"အဟမ်း ..."

ချောင်းရှင်းပြီးတော့ ပြောတယ်။

"သင်္ချိုင်းကုန်းဆိုတာက လူတစ်ယောက်ရဲ့ ဘဝတစ်ခု ဆုံးသွားတဲ့နေရာ ဖြစ်သလို ... သူ့ရဲ့ အခြားဘဝတစ်ခု ပြန်စတဲ့နေရာလည်းဖြစ်တယ် ... အိမ်ထောင်ပြုတယ်ဆိုတာလည်း အဲလိုပဲ၊ လူပျိုဘဝ ကုန်ဆုံးပြီး အိမ်ထောင်သည်ဆိုတဲ့ ဘဝအသစ်စတာဖြစ်တယ် ... အဲဒါကြောင့် သင်္ချိုင်းကုန်းမှာ မင်္ဂလာဆောင်တာဟာ အင်မတန် သင့်တော်တယ်လို့ ငါ ယူဆတယ် ..."



သံစဉ်မှာ မျက်လုံးကိုဝိုင်းလို့ ... (ထူးဝေက သူ့ကို လက်ထပ်ခွင့်တောင်းထားတာကိုး)

ငြိမ်းမင်းခန့်က အငေါ်ဝင်တူးတယ်။

"ဂူတွေနဲ့ဟာ ဘယ်လိုလုပ် မထွာပ်သွားဆောက်မလဲ"

ထူးဝေက သူ့ပေါင်ကို လက်နဲ့ပုတ်ပြီး ...

"မင်းကွာ ... ဂူတွေရှိနေတာပဲ၊ မထွာပ်ဆောက်စရာ ဘာလိုတော့မှာလဲ ... လာတဲ့ဧည့်သည်တွေကို ပျူပျူငှာငှာ ဆီးကြိုလို့တောင် ရသေးတယ် ... ကြွပါ ကြွပါ ... ဒီဘက်ဂူကိုကြွပါ၊ ဟိုဘက်ဂူတွေမှာလည်း နေရာတွေ ရှိပါသေးတယ်၊ လွှတ်လွှတ်လပ်လပ်နေကြပါ ဘာညာပေါ့ ... ဟဲ ဟဲ"

"ဗုဒ္ဓေါ ..."

ငြိမ်းမင်းခန့် သူ့မျက်မှန်ကို ဖြုတ်မလိုလုပ်ပြီးမှ မဖြုတ်တော့ဘူး။ သက်ပြင်းကြီးချတယ်။ ထူးဝေက ဆက်ပြောတယ်။

"လက်ဖွဲ့ငွေတွေကိုလည်း ဟောဟိုက အခေါင်းလွတ်ကြီးထဲ ထည့်သွားလို့ ရပါတယ် ... ဟဲ ဟဲ ... ဟဲ ဟဲ ..."

သံစဉ်က နှာခေါင်းလေးရှုံ့ပြီး ထူးဝေရဲ့ မျက်နှာကို တသုန်တမှုန် ငေးကြည့်နေတော့တယ်။

ထူးဝေက သံစဉ်ကို ရယ်ပြတယ်။

"အဟီး ..."

သံစဉ်က ထူးဝေကို မကြည့်တော့ဘဲ မျက်နှာလွှဲသွားတယ်။

"သံစဉ် ..."

www.burmeseclassic.com

www.burmeseclassic.com



ထူးဝေက ငြိမ်းမင်းခန့်ကို မျက်လုံးပြူးနဲ့ ကြည့်တယ်။

"မင်း ခေါ်လိုက်တာလား ... "

"ငါ့ဘာသာ သံစဉ်ကို ခေါ်တာပါ ... မင်းကိုခေါ်တာ မဟုတ်ပါဘူး ... "

"သြော် ... ဒီလိုပါ၊ ငါကလည်း သံစဉ်ကိုခေါ်မလို့ စဉ်းစားနေတုန်း ခေါ်သံကြီး ထွက်လာလို့ ... အဟဲဟဲ ကြောင်သွားတာပဲ ... မင်း ခေါ်လိုက်တာကိုး"

ငြိမ်းမင်းခန့်က သူ့ဆံပင်တွေကို လက်နဲ့ဖွတယ်။ စောစောက ချလိုက်တဲ့ သက်ပြင်းကြီးကို အစားပြန်ယူသလိုပဲ။ ပင့်သက်ကြီး ရှိုက်လိုက်ပြန်တယ်။

ထူးဝေလုပ်လို့ သူ့မှာ တစ်ယောက်တည်း အလုပ်ရှုပ်တော့တယ်။

"သံစဉ် ... ကိုယ်သွားတော့မယ်"

"အေး ... အေး ... "

ထူးဝေက ပြန်ပြောလိုက်တာပါ။ သံစဉ်ကများ 'ငါလည်း သွားမှာပေါ့ ... ' ဆိုပြီး သူနဲ့လိုက်မလားလို့ ခဏရပ်စောင့်ကြည့်သေးတယ်။ မသိမသာ စောင့်တာပါ။ သိသိသာသာ စောင့်လို့ တာလည်း သေချာတယ်။

သံစဉ်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး အင်းမလှုပ် အဲ မလှုပ် ဆက်နေတော့ စောစောက ဖွထားတဲ့ ဆံပင်တွေကို လက်နဲ့ပြန်သပ်ရင်း ငြိမ်းမင်းခန့် လှည့်ထွက်သွားခဲ့ရတယ်။



ထူးဝေက ပြောသေးတယ်။

"အေး ... သွားစရာရှိရင်သွား သူငယ်ချင်း၊ ငါ ... သံစဉ်နဲ့ အေးအေးဆေးဆေး စကားပြောလိုက်ဦးမယ် ... "

ဘယ်လောက်အထိ ဖနောင့်နဲ့ပေါက်ဖို့ ကောင်းလိုက်တဲ့ ကောင်ပါလဲ။

ထူးဝေနဲ့ သံစဉ် ...

နှစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။

ထူးဝေက သံစဉ်ကို ငေးကြည့်နေတယ်။

သံစဉ်က မျက်လွှာချတယ်။ သူ့အအေးခွက်ကို လက်သည်းလေးနဲ့ တောက်နေတယ်။

ထူးဝေက ခပ်တိုးတိုးခေါ်တယ်။

"သံစဉ် ... "

ပြန်မထူးဘူး။

"သံစဉ် ... "

မထူးပါဘူး။

ထူးဝေ ဆက်မခေါ်တော့ဘူး။ သူ့ဘာသာ ငြိမ်ငြိမ်လေးပဲ ဆက်ထိုင်နေလိုက်တော့တယ်။ တစ်ချက်တစ်ချက်ကျမှ သံစဉ်ရဲ့ မျက်နှာလေးကို ခိုးခိုးကြည့်တယ်။

အဲဒီအချိန်မှာပဲ လူရှင်းနေတဲ့ အအေးဆိုင်လေး ကက်ဆက် ဖွင့်တယ်။

"အို ... "

"ဟာ ... အိုကေ ... "

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား အာမေဋိတ်သံ ပြိုင်တူထွက်သွားတယ်။ နှစ်ယောက်လုံးကြိုက်တဲ့ သီချင်းမို့လို့ပါ။ နှစ်ယောက်လုံးလည်း ငြိမ် သထက် ငြိမ်ကျသွားတယ်။

အအေးဆိုင်ထဲမှာ Take your time (Do it right) တေးသွား က ပျံ့လွင့်နေတယ်။

You've been working too hard
and that's a fact sit back and a relax a while take
Someone to laugh and smile
Lay your heavy load down
So we can stop and get
back it seems we never take
the time to do all the things
we want to yeah

နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ တစ်မျိုးပဲ။ အဲဒီတေးသွား ကလေးရဲ့ ရစ်ပတ်လွှမ်းခြုံမှုအောက်မှာ သူတို့နှစ်ယောက် ရင်ခုန်သံ ငြိမ့်ငြိမ့်ကလေး မြန်နေကြတယ်။

သံစဉ်က ထူးဝေကို တစ်ချက်ဝင့်ကြည့်တယ်။ ထူးဝေ ကလည်း သူ့ကို ငေးကြည့်နေတာမို့လို့ မျက်လုံးချင်းဆုံတယ်။ သူတို့ နှစ်ယောက်ရဲ့ မျက်လုံးတွေထဲမှာ ကြယ်နီးကြယ်ငွေ့တွေ ပွင့်ဖြာ နေသလိုပဲ။

ချစ်သူချင်းမို့ အလင်းပြန်တယ်။



"သံစဉ် ..."

သံစဉ်က မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်လုပ် ရင်း အဲဒီမျက်တောင်တွေကြားကပဲ နီးကြည့်တယ်။

ဒါပေမယ့် ထူးဝေက ဘာမှဆက်မပြောဘူး။

ဒါပေမယ့် ...

ထူးဝေ ဘာမှမပြောဘဲနဲ့ကို သံစဉ်ကလည်း အများကြီး ကြားလိုက်သလိုပဲ။

Take your time, take your time
the love I feel for you .... you
feel for me one life is all

နှစ်ယောက်သား ငြိမ်သက်ငြိမ်းချမ်းနေတယ်။

နှစ်ယောက်သား တိတ်ဆိတ်စင်ကြယ်နေတယ်။

ပြီးတော့လည်း နှစ်ယောက်သား နီးကြားလင်းပွင့်နေ တယ်။

သံစဉ်က တေးသွားကို ခြေထောက်လေးနဲ့ စည်းချက် လိုက်နေတယ်။ ထူးဝေက အအေးဖန်ခွက်က ရေမှုန်ရေသီးလေး တွေကို ငေးကြည့်နေတယ်။

အဲဒီအချိန်မှာ ...

"ဟာ ... သွားပြီ ..."

မီးပြတ်သွားတယ်။ သီချင်းသံလည်း ရပ်သွားတယ်။ စည်း ချက်လိုက်နေတဲ့ သံစဉ့်ခြေထောက်လည်း တန့်သွားတယ်။

ခဏကလေး ...

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ်တွေလို ငြိမ်နေကြတယ်။

ချက်ချင်းဆိုသလိုပါပဲ။ သံစဉ်က သီချင်းကို တိုးတိုးလေး ဆက်ဆိုတယ်။ ချိုရှတဲ့ သူ့ဆိုသံဆိုဟန်ကလေး ထူးဝေရဲ့ ရင်ဘတ်ကို ထုတ်ချင်းဖောက် ခတ်သွားတယ်။

We have to live our love
is all we have to give there
are so many things for us
to do and see yeah
Let's take some time to be alone
lock the door pull off the phone ......

သံစဉ့်ရဲ့ သီချင်းကို (ဒီတစ်ခါမှာတော့) ထူးဝေက ခြေထောက်နဲ့ စည်းချက်လိုက်တယ်။ ဘယ်လိုပြောရမလဲ ... ။

သူတို့နှစ်ယောက် စီးဆင်းနေကြတယ်။

သီချင်းသံအဆုံးမှာ ကျောက်ရုပ်တွေလို ငြိမ်သွားကြပြန်တယ်။

နောက် ...

သံစဉ် ထွက်သွားတယ်။ (ဒါပေမယ့် ထူးဝေ ပါသွားတယ်)။ ထူးဝေ ကျန်ရစ်ခဲ့တယ်။ (ဒါပေမယ့် သံစဉ်လည်း ရှိနေတုန်းပဲ)

ထွက်သွားတဲ့ သံစဉ်ဟာ ထူးဝေအကြောင်း စဉ်းစားသွားတယ်။ ကျန်ရစ်ခဲ့တဲ့ ထူးဝေကလည်း သံစဉ့်အကြောင်း တွေးတောနေတာပါပဲ။



အဲဒီည ...

အဲဒီညမှာ ...

ရက်စက်ပြီး ကြောက်မက်ဖွယ်ကောင်းတဲ့ ကံကြမ္မာရဲ့ ကြာပွတ်ရိုက်ချက်ကို သူတို့နှစ်ယောက် ခံစားလိုက်ရတယ်။

မနာကျင်ပါဘူး။ ဒါပေမယ့် ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညမှာ ထူးဝေ စဉ်းစားတယ်။

သံစဉ်ကို သူ ... အရမ်းချစ်နေတာ သေချာလှပြီ။ အဝေး လည်း မခံနိုင်ဘူး။ ဖေယျကို ပြောတယ်။

"ငါ ... သံစဉ်ကို ဖုန်းဆက်ပြီးတော့ ရည်းစားစကား သေ သေချာချာ ပြောဦးမယ် ... "

"ဘယ်လို့ထပ်ပြောချင်သေးလို့လဲ ... "

ထူးဝေက ...

ဟိုးအဝေးက ကြယ်တာရာတွေကို တမျှော်တခေါ် မော့ ကြည့်ပြီး ပြောတယ်။

"မဟုတ်ဘူးလေကွာ ... ငါ သူ့ကို အရင်က ရည်းစား စကား ပြောခဲ့တယ်ဆိုတာတွေ ငါ ပြန်စဉ်းစားတယ် ... နောက် သလို ဖြစ်နေတယ်ကွ ... ငါက နောက်တာမဟုတ်ဘူး၊ တကယ် ကြိုက်နေတာ ... "

"အဲဒီတော့ ... "



"အဲဒီတော့ ... ငါ သူ့ကို အတည်အတံ့လေးနဲ့ လေးလေး နက်နက် စကားပြောဦးမယ် ... ငါ သူ့ကို ရှင်းပြချင်တာတွေ ပြော ချင်တာတွေလည်း အများကြီးပဲ ... "

"ကောင်းတယ် ... ပြောလိုက်ပေါ့၊ ဘယ်တော့ပြောမှာလဲ"

"ဒီညပဲ ... ဆယ့်တစ်နာရီမှပြောမယ် ... "

"ကောင်းတယ် ... မင်း ပြောဖြစ်အောင်သာပြောလိုက်"

အဲဒီည ဆယ့်တစ်နာရီမှာပဲ ထူးဝေက သံစဉ့်ဆီကို ဖုန်း ဆက်ပါတယ်။

သံစဉ်ကလည်း ...

ထူးဝေလိုပဲ ခံစားနေရတယ်။

"ငါ ... ဒီကောင့်ကို သေသေချာချာတော့ စကားပြောဦး မှဖြစ်မယ် ... "

ကြည်ကြည်ဝေက တွေးသွားတယ်။

"ဘာကိုပြောမလဲ ... "

"ဩော် ... သူ ငါ့ကို Propose လုပ်တဲ့ကိစ္စက တကယ် လား၊ နောက်နေတာလား ... နောက်ပြီး ဟာ အများကြီးပါပဲဟာ"

ကြည်ကြည်ဝေက စဉ်းစားတယ်။ ပြီး ...

"အေး ... ကောင်းတော့ကောင်းပါတယ်၊ ဟုတ်တယ် ... နင်တို့နှစ်ယောက် စကားပြောသင့်တယ် ... ဘယ်တော့ပြောမလဲ"

"ငါ စဉ်းစားနေတာ ... ပြောမယ့်ပြောတော့လည်း အချိန် ဆွဲမနေတော့ပါဘူး၊ ဒီညပဲ ပြောတော့မယ် ... "

"ည ... ဟုတ်လား၊ ဘယ်အချိန်လဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်တစ်နာရီလောက်ပေါ့ ..."

"အင်း ... ကောင်းပါတယ်၊ အေးအေးဆေးဆေး ပြောလို့ရတဲ့အချိန်ပဲ ..."

အဲဒီညမှာသာ သူတို့နှစ်ယောက် အဲလိုစကားတွေတလာလေးတွေ တည်တည်တံ့တံ့ ပြောဖြစ်ကြမယ်ဆိုရင် အရမ်းပျော်စရာကောင်းခဲ့မှာပါ ...။

ချစ်သူတွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့လောကကြီးထဲမှာ ချစ်သူတစ်တွဲ ထပ်တိုးလာနိုင်ပါတယ်။ လောကကြီး လှပဦးမှာပါ။

ဒါပေမယ့် ...

ကျွန်တော် ပြောခဲ့ပါရော့လား။ အဲဒီညမှာ ရက်စက်ပြီးကြောက်မက်ဖွယ်ရာကောင်းတဲ့ ကံကြမ္မာရဲ့ ကြာပွတ်ရိုက်ချက်ကို သူတို့နှစ်ယောက် ခံစားလိုက်ရတယ်။

မနာကျင်ပါဘူး။ ဒါပေမယ့် ...

အဲဒီညမှာ ...

ထူးဝေက သံစဉ့်ဆီကို (၁၁)နာရီ တိတိမှာပဲ ဖုန်းခေါ်ပါတယ်။ ဒါပေမယ့် မရဘူး။ ဟိုဘက်က ဖုန်းမအားဘူး။ သံစဉ်ကလည်း (၁၁)နာရီ တိတိမှာပဲ ထူးဝေဆီကို ဖုန်းခေါ်ပါတယ်။ ထူးဝေဘက်က လိုင်းမအားဘူး။ ဆယ်မိနစ်လောက် တောက်လျှောက်ကြိုးစားပေမယ့် မရဘူး။

နောက် ... အေးအေးဆေးဆေးမှပဲ ပြောပါတော့မယ်ဆိုပြီး နှစ်ယောက်သား (၁၁)နာရီ (၁၀)မိနစ်မှာ ကိုယ်စီဖုန်းပြန်ချလိုက်ကြတယ်။



နောက်ရက်တွေမှာ သံစဉ်ဟာ အိမ်တွင်းပုန်းနေတယ်တစ်ကိုယ်တည်းသာ အနေများလာတယ်။ ဒါပေမယ့် ... မျှော်လင့်မထားတဲ့အချိန်မှာ မျှော်လင့်မထားတာတွေ ဖြစ်တတ်တယ်လေး

ကေခိုင်နဲ့ ကြည်ကြည်ဝေ လာခေါ်လို့ တရားသမား အဘွားအိုဆီ လိုက်သွားရတယ်။ တစ်မတ်ကိစ္စပေါ့။

"အဘွား နေကောင်းတယ် မဟုတ်လား ..."

"ကောင်းတယ် ..."

"အဘွား ... တစ်နေ့တစ်နေ့ ဒီတိုင်းထိုင်နေတာ မပျင်းဘူးလား ... ငယ်ငယ်က ကိစ္စတွေ ပြန်သတိမရဘူးလား ..."

"ရရင်လည်းရတယ်၊ မရရင်လည်း မရဘူး ..."

"အဘွားက တစ်မတ်စေ့တွေကို ဘာလို့သိမ်းထားရတာလဲဟင် ..."

အဘွားအို ဘာမှပြန်မပြောဘူး။

"သမီးတို့က တစ်စေ့လောက် လိုချင်လို့ ..."

မျက်နှာတောင် ဟိုဘက်လှည့်သွားသေးတယ်။

"အဘွား ... ပေးလို့ရရင် ပေးပါလားဟင် ..."

မျက်လုံးပါ မှိတ်သွားပါလေရော။

ကေခိုင်က ပခုံးတွန့်ပြီး လျှာလေးတစ်လစ် ဖြစ်သွားတယ်။ ကြည်ကြည်ဝေကလည်း ရယ်ရခက်၊ ငိုရခက် ဖြစ်နေတယ်။ သံစဉ်ကတော့ ခန့်မှန်းရခက်တဲ့ မျက်နှာအမူအရာမျိုး ရှိနေတယ်။

အဘွားအိုရဲ့ ခုတင်ဘေးက စာအုပ်တစ်အုပ်ကို ဆွဲယူလှန်ကြည့်တယ်။ စာအုပ်က လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က စာ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ပါ။ ရှေ့ဆုံးစာမျက်နှာမှာ စာတန်းတစ်ခု ရေးထားတယ်။ ယောကျ်ားတစ်ယောက်ရဲ့ လက်ရေး။

"ချစ်သော လဲ့လဲ့အတွက်" … တဲ့။

ဘာရယ်မဟုတ်ဘူး၊ သံစဉ်က ပြောလိုက်မိတယ်။

"အဘွားနာမည်က လဲ့လဲ့ဆိုတော့ လှသားပဲ … ငယ်ငယ်က အဘွားပုံပန်းလေးက ဘယ်လိုရှိမယ်ဆိုတာ မျက်စိထဲ မြင်ကြည့်ချင်လိုက်တာ … "

အဘွားအိုမျက်လုံးတွေ ဖွတ်ခနဲ ပွင့်လာတယ်။ အံ့သြစရာကောင်းလောက်အောင် သူ့မျက်လုံးတွေက အရောင်တောက်လို့။

"သမီး ဘာပြောလိုက်တယ် … "

လေသံကလည်း တော်တော်ချိုသွားတယ်။ အားလုံးကလည်း နည်းနည်းတော့ အံ့သြကြတယ်။ သံစဉ်ကပဲ ဆက်ပြီး

"သြော် … အဘွားလဲ့ ငယ်ငယ်ကပုံကို မြင်ဖူးချင်တယ်လို့ ပြောတာပါ … "

အဘွားအိုရဲ့မျက်နှာက ပျားရည်အိုင်တစ်ခုလို ချိုဆွတ်လာတယ်။

"သြော် … သမီးက အဘွားနာမည်ကို သိနေတာကိုး … ဒါနဲ့ နေပါဦး၊ သမီး တစ်မတ်စေ့တောင်းတာက အရေးကြီးလို့လား"

"ဟုတ်ကဲ့ အရေးကြီးလို့ပါ … အဘွား ပေးနိုင်မယ်ဆိုရင်တော့ သမီးတစ်စေ့လောက် လိုချင်ပါတယ်"

အဘွားကြီးက သွားတွေလည်း မရှိဘဲရယ်တယ်။ သူ့ခေါင်းအုံးအောက်က လက်ကိုင်ပဝါအထုပ်ကလေးကို ထုတ်ယူတယ်။



"အေးလေ … ပေးလိုက်မယ်"

ကံကောင်းလို့ … ။

အားလုံး ထခုန်မိမတတ် ဖြစ်သွားတယ်။

ကိုယ့်ဖနောင့်ကိုယ် အချိန်မီ ဘရိတ်အုပ်လိုက်နိုင်လို့။

"ရော့ … "

အဘွားကြီးက တစ်မတ်စေ့လေး ထုတ်ပေးတယ်။ သံစဉ် လှမ်းယူလိုက်တယ်။ တစ်မတ်စေ့လေးရဲ့ အထိအတွေ့က လက်ထဲမှာ အေးစက်စက်နဲ့။

"နောက်လည်း … အဘွားဆီ လာလည်လေကွယ်"

"ဟုတ် … ဟုတ်ကဲ့ အဘွား … "

အဘွားနဲ့ စကားနည်းနည်းပါးပါး ဆက်ပြောအပြီးမှ နှုတ်ဆက် ထပြန်လာခဲ့ကြတယ်။

ကေခိုင်နဲ့ ကြည်ကြည်ဝေက အရမ်းပျော်နေကြတယ်။

"ချွေးကောင် … ထူးဝေ … "

"အေး … အဲဒီကောင်တော့ တွေ့ပြီ"

သံစဉ်ကတော့ ဘာမှမပြောဘူး။ သူ့မျက်နှာက တစ်မျိုးဖြစ်နေတယ်။ တစ်မတ်စေ့ထည့်ထားတဲ့ ပိုက်ဆံအိတ်ကလေးကိုပဲ လက်ထဲမှာကိုင်ထားရင်း တစ်နေရာရာမှာ ကျကျန်ရစ်ခဲ့မှာ စိုးနေတယ်။

လမ်းထိပ်မှာတင် အေးခိုင်နဲ့ သွားတိုးတယ်။

"ဟဲ့ တင်အေးခိုင် … ငါတို့ မတ်စေ့ရခဲ့ပြီဟဲ့ … "

တင်အေးခိုင်လည်း ဝမ်းသာသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကရလာတာလဲ ... ဒေါ်တင်ရွှေကြီးဆီကလား"

"ဘယ်က ဒေါ်တင်ရွှေဆီကမှာလဲ ... သိတောင် မသိဘူး နင် ခေါ်သွားတဲ့အိမ်က ရတာလေဟယ်၊ ဟို ... စိတ်မနှံ့တဲ့ အဘွားကြီးဆီက ... "

"အဲဒါ ဒေါ်တင်ရွှေပေါ့ ... "

သံစဉ်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

"ဟင့်အင်း မသိဘူး ... ငါက သူ့စာအုပ်တစ်အုပ်မှာ ထိုးထားတဲ့ နာမည်အတိုင်း 'အဘွားလွဲ'လို့ ခေါ်လိုက်တာ ... စာအုပ်မှာ ရေးထားတော့ လွဲလွဲဆို ... "

"ဟယ် ... "

တင်အေးနိုင် ဟယ်ခနဲ ဖြစ်သွားတယ်။ မျက်နှာကလည်း အမူအရာပြောင်းသွားတယ်။

သံစဉ်က ...

"ငါက သူ့ကို အဘွားလွဲလို့လည်း ခေါ်လိုက်ရော ... သူ့မျက်နှာက ချိုသွားပြီး မတ်စေ့လည်း ထုတ်ပေးလိုက်တာပဲ"

"အင်း အင်း ... အဲဒါ ဟိုမှာ လာနေပြီ၊ သူ့မြေးက ရှင်းပြပေးလိမ့်မယ် ... အေးနိုင်တော့ ဖုန်းသွားဆက်ပြီ ... "

ဘယ်ကပြန်လာမှန်း မသိတဲ့ မျိုးဝင်းအောင်က ရှင်းပြတယ်။

"အင်း ဟုတ်တယ် ... အဘွားနာမည်က ဒေါ်တင်ရွှေပဲ လွဲလွဲဆိုတာက သူ့ရည်းစားက သူ့ကိုခေါ်တဲ့နာမည် ... မပေါင်း



လိုက်ရတဲ့ ရည်းစားပေါ့လေ၊ အဲဒီရည်းစားကို သူက ဒီနေ့ထက်ထိ မမေ့သေးဘူး ... အဲဒီနာမည်ခေါ်လိုက်လို့ သဘောကျပြီး မတ်စေ့ပေးလိုက်တာဖြစ်မယ် ... "

"အင် ... "

"ဪ ... "

"အဲလိုလား ... သနားပါတယ်"

မျိုးဝင်းအောင် ထွက်အသွားမှာ တင်အေးနိုင် ကဆုန်ပေါက်ပြီး ပြန်ရောက်လာတယ်။

"မမသံစဉ် သန်ဘက်ခါ တစ်နာရီ 'ကြည့်နူးရိပ်'ကို ... "

သံစဉ်က နားမလည်ဘူး။

"ဘာလဲ ... "

"အခု ... အေးနိုင် ကိုထူးဝေဆီ ဖုန်းသွားဆက်တာ ... မမသံစဉ်က တွေ့ချင်တယ်ဆိုပြီး ချိန်းလိုက်တာ၊ မတ်စေ့ရပြီဆိုတဲ့ အကြောင်းတော့ မပြောလိုက်သေးဘူး ... "

"အန် ... "

"အဲဒါ ... မမသံစဉ် သွားလိုက်လေ၊ ပျော်စရာကြီး ... ဟာဟ ... အဲဒီတစ်မတ်စေ့ ပေးလိုက်လို့ရှိရင် ကိုထူးဝေကြီး တကယ်သေပေးမလား မသိဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မနက်မှာ ...

သံစဉ် အတွေးတွေ ဝေဖြာနေတယ်။

မတ်စေ့ကလေးကို ကြည့်ပြီး ထူးဝေကို ပေးသင့်မပေးသင့် စဉ်းစားနေတယ်။

မတ်စေ့ပေးလိုက်တဲ့ အဘွားအိုကြီးရဲ့ ငယ်ချစ်မှတ်တမ်းဆီကိုလည်း စိတ်ရောက်နေတယ်။

အမှန်တော့ အဲဒီအချိန်မှာ ထူးဝေကို အဲဒီမတ်စေ့ သူမပေးချင်တော့ဘူး။

အချစ်ဆိုတဲ့အရာကိုလည်း သူ ... ခံစားတတ်လာပြီ။

မခံချင်စိတ်နဲ့သာ၊ လူငယ်ဘာဝ အနိုင်အရှုံး လုချင်စိတ်နဲ့သာ ဒီမတ်စေ့ကို မရရအောင် ရှာမိတာပါ။ ထူးဝေ တကယ်သေပေးမှာလည်း လန့်ရသေးတယ်။

ပြီး ...



ဘကြီးလုပ်သူကလည်း ကန့်လန့်ခံလို့

ဒါပေမယ့် ...

ချိန်းထားတာကတော့ ချိန်းပြီးပြီ။ သွားတာကတော့ သွားရမှာပဲ။

နက်ဖြန်ခါ နေ့လယ်တစ်နာရီ 'ကြည်နူးရိပ်' —

သံစဉ့်ရင်ထဲမှာ ...

ဇဝေဇဝါ ရန်တွေ အုံ့ဝေလာသလိုပဲ။

ထူးဝေကလည်း သံစဉ်က ချိန်းတယ်ဆိုတော့ စိတ်လှုပ်ရှားတယ်။

"ဘာလုပ်မလို့မလဲ မသိဘူးကွ ... ဒါပေမယ့် ကောင်းပါတယ်၊ သွားမယ် ... ငါ သူ့ကို စကားတွေအများကြီး ပြောချင်တယ် ... "

အေလင်းချိုက ...

"တစ်မတ်စေ့ ပေးဖို့တော့ မဟုတ်လောက်ဘူးထင်တယ်၊ မင်းကို သူထုတ်ပေးထားတဲ့ မသာစရိတ်တွေပဲ ပြန်တောင်းမလို့ထင်တယ် ... "

"ဟာ ... "

ထူးဝေက သူ့အိတ်ကပ်ထဲကို လက်နဲ့စမ်းပြတယ်။

"အဲဒါဆိုရင်တော့ မရှိတော့ဘူးကွ ... ကုန်ပြီ၊ သူပေးထားတဲ့ မသာစရိတ်တွေ ငါ လျှောက်သုံးပစ်လိုက်ပြီ ... အဟီ"

"အေး ... သွားလိုက်ပေါ့ကွာ၊ သွားတော့ အကျိုးအကြောင်း သိရမှာပေါ့ ... "

www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ..."

နောက်တစ်နေ့မှာ ချိန်းထားတဲ့နေရာကို ချိန်းထားတဲ့ အချိန်မီရောက်ဖို့ နှစ်ယောက်စလုံး ထွက်ခဲ့ကြပါတယ်။

~ ၃ ~



သံစဉ်က စက်ဘီးယူလာတယ်။ 'ကြည်နူးရိပ်'ကို စက်ဘီးလေးနင်းလာရင်း ရင်ခုန်နေတယ်။ တွေးပြီးတော့လည်း ရယ်ချင်နေတယ်။

"ခေါင်းလား ... ပန်းလား ..."

သူက မျက်လုံးပြူးကြီးနဲ့ပဲ တစ်ခုခုပြောမှာပေါ့။ ခေါင်းဖြင့် ခေါင်း။ ပန်းဖြင့်ပန်း။

ပိုက်ဆံကိုလှည့်မယ်။ လက်နဲ့အုပ်မယ်။ ကိုယ့်ဘာသာကိုယ် အရင်ခိုးကြည့်မည်။

သူပြောတဲ့ဘက်ကို ကျတဲ့အထိ လှည့်ပေးမယ်။ မတ်စေ့က သူ့ကို ကိုယ်ဟန်ပြတဲ့သဘောပေါ့။

ဥပမာ သူက ပန်းလို့ပြောတယ်ဆိုပါစို့။ ပန်းကျတဲ့ အလှည့်ကျမှ အဲဒီပိုက်ဆံကို စားပွဲအတိုင်း သူ့ဆီ တွန်းပေးလိုက်မယ်။

"နင် ယူသွားလို့ရပြီ ..."လို့ ပြောလိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ ဘယ်လိုဖြစ်သွားမလဲမသိဘူး။ ဘယ်လိုတုံ့ပြန်မလဲ မသိဘူး။ တွေးပြီးသဘောကျနေမိတယ်။

အဟင်း ...

တွေ့ကြပြီပေါ့ ထူးဝေရယ်။ နင့်ကိုယ်စား ငါကပဲ ပြုံးစိပြုံးစိ လုပ်နေပါ့မယ်။



ထူးဝေကလည်း ...

သူ့မော်တော်ဆိုင်ကယ်ကြီးနဲ့ ထွက်လာတယ်။ လမ်းမှာလည်း စဉ်းစားရတယ်။ တွေ့ရင် သိစဉ်က ...

"ကဲ ... ငါ မတ်စေ့ရှာမရဘူး၊ နင်လည်း မသေနဲ့တော့၊ နင့်ကို ငါပေးထားတဲ့ မသာစရိတ်သာ ငါ့ပြန်ပေးပေတော့ ..."

အဲလိုပြောလာခဲ့ရင် ...

"ဟာ ... ငါ့မှာတော့ မရှိတော့ဘူး၊ အဲဒီပိုက်ဆံကုန်ပြီ၊ အကြွေးလို့ သဘောထားဟာ ... ဒါပေမယ့် အဲဒီအကြွေး ငါ ပြန်ဆပ်မှာလည်း မဟုတ်ဘူး၊ မယူနဲ့တော့ ... ငါ့ကိုသာ အကြွေးနဲ့ သိမ်းလိုက်တော့ ... ဟီးဟီး"

အဲဒီလို ပြောလိုက်မယ်။

သူ့မျက်နှာ ဘယ်လိုဖြစ်သွားမလဲ မသိဘူး။ ဘယ်လိုတုံ့ပြန်မလဲ မသိဘူး။ တွေးပြီး သဘောကျနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဟင်း ...

တွေ့ကြပြီပေါ့ သံစဉ်ရယ်။ ငါ့ထုံးစံအတိုင်း ပြုံးစိပြုံးစိ လုပ်နေပါ့မယ်။



BURMESE CLASSIC .com

ကြည်နူးရိပ်နားကို ထူးဝေက အရင်ရောက်ပါတယ်။ ဆိုင်ကယ်ကိုး ...။ သံစဉ်က စက်ဘီးနဲ့ဆိုတော့ နည်းနည်းနောက်ကျတယ်။ မတ်စေ့ကိုလည်း စက်ဘီးနင်းရင်း စမ်းစမ်းကြည့်နေရသေးတယ်။

ဒီကောင် ရောက်လောက်ပြီထင်တယ်။ လက်ကနာရီလေးကို ကြည့်တော့ တစ်နာရီ ငါးမိနစ် ...။

ရှေ့မှာ ...

ကြည်နူးရိပ်နားမှာ လူတွေအုံနေတယ်။

အဲဒီဘေးကပဲ စက်ဘီးနဲ့ ဖြတ်သွားရမှာ။

"ဆိုင်ကယ်မှောက်တာဗျ ..."

ဖြတ်သွားသူတစ်ယောက်ရဲ့ စကားသံကြောင့် ရင်ထိတ်သွားတယ်။

" ... ... ... ... ... "

စက်ဘီးကို နာနာဖိနင်းလိုက်တယ်။ လူအုပ်ကြီးဆီကို။

www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကြီးကတော့ တစ်ယောက်တစ်ပေါက် ဆူညံနေတယ်။

"သူမောင်းလာတာကတော့ အေးအေးဆေးဆေးပဲဗျ … နောက်ကကားကြီး ကျော်တက်လို့ လွတ်အောင် သူက လမ်းဘေးဆင်းပေးတာ … ဖြစ်ချင်တော့ အဲဒီမြေက မနေ့တစ်နေ့ကမှ ဖို့ထားတဲ့ မြေဖြစ်နေတယ် … အသားမသေသေးတော့ ဆိုင်ကယ်ကွဲပြီး မှောက်သွားတာ … လမ်းဘေးချောက်ထဲ တစ်ခါတည်းလိမ့်သွားတာ … ဖြစ်ချင်လို့ပါဗျာ … သနားပါတယ် …"

သံစဥ်ရင်ထဲမှာ မှန်တိုင်းဝင်တိုက်သလို ခံစားလာရတယ်။

"… … …"

စက်ဘီးပေါ်က ခုန်ဆင်းပြီး ဆိုင်ကယ်မှောက်တဲ့ဆီ လူအုပ်ကြားထဲက တိုးဝှေ့ကြည့်လိုက်တော့ …

"အို …"

လက်ထဲက မတ်စေ့ကလေး လွှတ်ကျသွားတယ်။



BURMESE CLASSIC .com

မတ်စေ့ကလေးက လမ်းဘေးချောက်အတိုင်း လိမ့်ဆင်းသွားပြီး ထူးဝေရဲ့ ရုပ်အလောင်းဘေးမှာ ခွေရပ်သွားတယ်။

"ထူး … ဝေ …"

တစ်ကမ္ဘာလုံး …

မိုက်မှောင် … အက်ကွဲ …

ရင်ထဲမှာ … ရင်ထဲမှာ … ရင်ထဲမှာ … ရင်ထဲမှာ

"ထူးဝေရယ် …"

ထူးဝေရဲ့ ရုပ်အလောင်းကို ဆေးရုံကားက သယ်ဆောင်သွားတဲ့အချိန် သံစဥ် ငိုကြွေးရင်းက သူ့စက်ဘီးနဲ့ မီအောင် နင်းလိုက်လာပါသေးတယ်။ ဒါပေမယ့် …

သူ … ဘယ်လောက်ပဲ အရူးအမူး နင်းစေဦးတော့။ စက်ဘီးက ကားကို မမီပါဘူး။ ဆေးရုံကားက တဖြည်းဖြည်း ဝေးသွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကားကို မမြင်ရတော့တဲ့ အချိန်ကျမှ သံစဉ်ဟာ စက်ဘီးပေါ်လှုပါ ခွေလဲကျသွားတယ်။

"ထူး ... ဝေ ... "

~ ၃ ~

BURMESE CLASSIC .com

အဲဒါပဲ ... ။

ခေတ်သိပ္ပံပညာတွေ ဘယ်လောက်ပဲ တိုးတက်တိုးတက် ကွဲနေတဲ့ အသည်းကို ဘယ်သူမှ ပြန်ဆက်မပေးနိုင်ဘူး ...

အချစ်ဆိုတာ ...

"ဈော့ ... အဲဒီမှာ ထူးဝေရဲ့ အုတ်ဂူဘေးမှာ ကျွန်တော် အသံဖမ်းခဲ့တဲ့ တိတ်ခွေကလေး။ သူ ... ဝိညာဉ်ကသာ စကားပြော နိုင်မယ်ဆိုရင်ဆိုပြီး ကျွန်တော် အသံဖမ်းကြည့်ခဲ့တယ်။ ကျွန်တော် ကတော့ နားမထောင်ရသေးဘူး ... "

~ ၃ ~



အဲဒီတစ်နေ့

ခြောက်သွေ့လိုက်ပုံများပြောပါတယ်

ငါ့မျက်ဝန်းညိုမှာ

မြူတွေတောင် ဝန်းနိုင်လို့၊

'(မနော်ဟရီ) ၏

(မိုးပြတိုက်အလွန်) ကဗျာစုမှ ...'

www.burmeseclassic.com

www.burmeseclassic.com



အဝေးဆီမှ ညင်းသွဲ့ တိုက်ခတ်လာသော
အညိုရောင်လေစီးကြောင်းထဲမှာ
ဟူးဝေ၏ စကားသံတို့ လွင့်မျောပါဝင်လာမည်လား။
သူ့စားပွဲချက်တွင် မြူသံ၊ နှင်းသံတို့လည်း
အက်ကွဲလိမ်းကျံနေမည်ထင်သည်။
တိတ်ခွေလေးကို ကက်ဆက်ထဲ ထည့်လိုက်၏။
Play ခလုတ်ကို လက်ညှိုးဖြင့် အသာနှိပ်လိုက်၏။
တကျိကျိမြည်သံနှင့်အတူ တိတ်ခွေလေး စတင်လည်ပတ်
သည်။

အတိတ်ဆိုတာက လှငယ်တိုင်းမှာ ရှိခဲ့ကြသည်။
အချစ်ဆိုတာကလည်း
လှငယ်တိုင်းမှာ ရှိခဲ့ကြသည်ဟု ဆိုကြပါစို့။
လရောင်ဖြူဖြူထဲ စိမ့်ဝင်ရင်း သနပ်ခါးပင်အောက်မှာ
သစ်ရွက်ကလေးတွေ လိုက်ကောက်မိခြင်းသည်
အပြစ်မဟုတ်ပါ။



ဟူးဝေ ... ဘာများပြောချင်သည်လဲ။
ဘာများပြောမည်လဲ ... ။
စတင်လည်ပတ်နေပြီဖြစ်သော တိတ်ခွေလေးကို
အသက်မရှူဘဲ ငေးကြည့်နေရင်း ... ရင်ထဲမှာ ...

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ...

ဘယ်သူကမှ နောက်မကျပါဘူး

နေဝင်ချိန်ကကို စောလွန်းသွားတာပါပဲ။

တာရာမင်းဝေ

(၇.၅.၉၇)

BURMESE CLASSIC .com

www.burmeseclassic.com